ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (16-9-2015) (၈၃၂၅)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မက္ကဆီကိုလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကို ပြည်ထောင်စုနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ အန်ရစ်ခ်ပီညာ နီတို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပါပူးဝါးနယူးဂီနီနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ ဘုရင်ခံချုပ် ဆာမိုက်ကယ် အိုဂီရိုနှင့် ဝန်ကြီးချုပ် ပီတာအိုနေးလ်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့သည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၅


**၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိမ်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် လွှတ်တော်ရုံးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားရာ၌ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ အနက်မှ ဒီမိုကရေစီစနစ်ကို ခံယူကျင့်သုံးလျက်ရှိကြသည့် နိုင်ငံအသီးသီးတွင် ၂၀၀၈ ခုနှစ်ကစပြီး နှစ်စဉ်စက်တင်ဘာ ၁၅ ရက်နေ့တိုင်း အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပလျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းကျင့်သုံးခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၅)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အတွက် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ (IPU) က သတ်မှတ်ရွေးချယ်ထားသည့် ဆောင်ပုဒ်မှာ “Public Participation for Democracy” ဖြစ်ပြီး “ဒီမိုကရေစီအရေးအတွက် ပြည်သူများ ပါဝင်ဆောင်ရွက်”ဟု ဖွင့်ဆိုနိုင်ပါကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်ကစပြီး အေးချမ်းညင်သာစွာ အသွင်ကူးပြောင်းကျင့်သုံးနိုင်ခဲ့ပါကြောင်း၊ မိမိတို့ကိုယ်တိုင်ယုံကြည်ပြီး လက်ခံကျင့်သုံးနေပြီဖြစ်သည့် **စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**




**လိပ်ကျွန်းလူသတ်မှုမှ စွပ်စွဲခံရသူ မြန်မာနိုင်ငံသား နှစ်ဦး လူသတ်မှုကျူးလွန်ကြောင်း အထောက်အထား မတွေ့ရ** စာမျက်နှာ - ၅

**ရိုးရာဓလေ့ ကျေးလက်အမွေအနှစ်တွေနဲ့ ပျော်မွေ့နေတဲ့ ဆံရစ်ဝိုင်းတို့ရွာကလေး** စာမျက်နှာ - ၁၁

**နယူးယောက် ဖက်ရှင်သီတင်းပတ်သို့ တက်ရောက်ခဲ့တဲ့ ကေပေါ့ကြယ်ပွင့်နှစ်ဦး** စာမျက်နှာ - ၁၂

DECO-LAND
DECO
PAPER CUPS (HOT/COLD)
PAPER PLATES, PAPER LUNCH BOXES
APOLO
Available with customerized printing
6.5 oz
8 oz
11 oz
12 oz
14 oz
HOT-LINE : 01 684284, 685961, 687729
SHOWROOM (1)
No. 326/328, Strand Road,
Corner of 24th Street,
Lathar Township, Yangon, Myanmar.
Tel : 01 382789, 09 73228162
Now Manufacture in Myanmar!
SHOWROOM (2)
No. 157, 31st Street (Middle Block),
Pabedan Township, Yangon, Myanmar.
Tel : 01 250425, 242469

ကြေးမုံ စာတည်းရှု့ထောင့် ၁၆-၉-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# နိုင်ငံသားအခွင့် အရေး

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပတော့မည်ဖြစ်သည်။ မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများ၏ စာရင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာလ ၁၄ ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ အသိပေးကြေညာထားရာ မဲပေးခွင့်ရှိသည့် ပြည်သူများက လာရောက်ကြည့်ရှုကြသည်ကို တွေ့ရပါသည်။

ယခု ထုတ်ပြန်ကြေညာခြင်းသည် မဲဆန္ဒရှင်ပြည်သူများအတွက် နောက်ဆုံးအသိပေးကြေညာခြင်းဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် မဲပေးခွင့်ရှိသည့် နိုင်ငံသားတစ်ယောက်၏အခွင့်အရေးမဆုံးရှုံးစေရန် မဖြစ်မနေသွားရောက်ကြည့်ပေးကြရန် လိုအပ်ပေသည်။ အစောပိုင်းအချိန်ကလည်း မဲစာရင်းတွင် မိမိအမည်ပါ၊ မပါ သွားရောက်စစ်ဆေးကြရန် စာနယ်ဇင်းများ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အွန်လိုင်းမီဒီယာများမှတစ်ဆင့် အသိပေးလှုံ့ဆော်မှုများပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။

အချို့အရပ်များတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အသံချဲ့စက်ဖြင့် နှိုးဆော်မှုများ လှည့်လည်ဆောင်ရွက်ပေးကြသည်ကို တွေ့ရသည်။ မဲစာရင်းများကို သွားရောက်ကြည့်ရှုပြီးနောက် အကယ်၍မိမိအမည် မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ(၄-က) ဖြင့် ပြင်ဆင်ပေးရန်တို့ကို ကော်မရှင်က တာဝန်ကျေပွန်စွာဆောင်ရွက်နေသည်ကို တွေ့ရသည်။

သို့မှသာ မှန်ကန်သည့်မဲစာရင်းဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် မှန်မှန်ကန်ကန် မဲပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အသက် (၁၈) နှစ်ပြည့်သည့် နိုင်ငံသားတစ်ယောက်အတွက် မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းကိုသွားရောက်ကြည့်ရှုကြပြီး လိုအပ်ပါက ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုနေရာတွင် ယခုထုတ်ပြန်လိုက်သော မဲစာရင်းတွင် မူလမဲဆန္ဒနယ်ပြင်ပသို့ ရက်ပေါင်း ၁၈၀ နှင့်အထက် ပြောင်းရွှေ့နေထိုင်သူများ မပါဝင်သေးသည်ကို သိရှိထားရဦးမည်ဖြစ်သည်။

ထိုသူများ မဲပေးနိုင်ရန်အတွက် ပုံစံ(၃-က)ဖြင့် လျှောက်ထားရန်လိုအပ်ပြီး ရွေးကောက်ပွဲမတိုင်မီ တစ်လအလို အောက်တိုဘာလ ၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားကြရန်လိုအပ်ပေသည်။ ယခုမဲစာရင်းမှာ နောက်ဆုံးအကြိမ် အသိပေးခြင်းဖြစ်ပြီး စက်တင်ဘာလ ၂၇ ရက်နေ့အထိ နှစ်ပတ်ကြာ အသိပေးထားသဖြင့် မဲစာရင်းတွင် မိမိအမည်မပါပါက ချက်ချင်းလျှောက်ထားကြရန် လိုအပ်ပါသည်။

ယခုထုတ်ပြန်ချက်အား တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လာရောက်ကြည့်ရှုကြသူများမှာ အားရလောက်ဖွယ်မရှိဟု ပြောဆိုနိုင်သော်လည်း မိမိတို့၏ မိသားစုကိုယ်စားသော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကြည့်ရှုပြီးသူမှ မကြည့်ရှုရသေးသူများအားလည်းကောင်း တစ်ဆင့်စကားတစ်ဆင့်ပါးပြီး ဆက်လက်ကြည့်ရှုလာကြလိမ့်မည်ဟု ယုံကြည်ပါသည်။

အချို့ပြည်သူများမှာမူ မဲစာရင်းများအား စိတ်ပါဝင်စားစွာဖြင့် လာရောက်ကြည့်ရှုကြသည်ကို မြင်တွေ့ရ၍ ဝမ်းမြောက်ရမည်ဖြစ်သည်။ မိမိတို့၏ ကိုယ်ရေးကိုယ်တာမအားလပ်သည့်ကြားမှ အချိန်ယူကာ မိမိမိသားစုများ မဲပေးခွင့်မဆုံးရှုံးစေရေး၊ နာမည်၊ အချက်အလက်များ မှန်ကန်ရေးတို့ကို သေသေချာချာရှာဖွေကြည့်ရှုကြသည့်သူများလည်းရှိနေရာ နိုင်ငံသားတစ်ယောက်၏ တာဝန်၊ နိုင်ငံရေးအပြောင်းအလဲတစ်ခုအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မှုများအား ထင်ဟပ်ပေါ်လွင်စေပါသည်။

၂၀၁၅ ခုနှစ် မေလအတွင်း ထုတ်ပြန်ခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းတွင် နေထိုင်သူလူဦးရေ ခုနစ်သန်းသုံးသိန်းကျော်ရှိပြီး ထိုအထဲတွင် အသက် (၁၈) နှစ်ပြည့်ပြီးသည့် လူဦးရေမှာ ငါးသန်းနှစ်သိန်းကျော်ရှိသောကြောင့် အဆိုပါမဲပေးခွင့်ရှိသည့် အသက်ပြည့်သူများအားလုံးနီးပါး မဲပေးခွင့်ရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မဲပေးခွင့်ဆုံးရှုံးခြင်းသည် နိုင်ငံသားအခွင့်အရေးဆုံးရှုံးခြင်းသာမက မိမိနိုင်ငံဖြစ်ပေါ်တိုးတက်မှု အပြောင်းအလဲတစ်ခုအတွက် နိုင်ငံသားတစ်ယောက်၏ မှန်ကန်သောဆုံးဖြတ်ချက်တစ်ခု ဆုံးရှုံးခြင်းလည်းဖြစ်ပေရာ ယခုအချိန်ကာလတွင် ထိုသို့ဆုံးရှုံးမှုမဖြစ်စေရေးအတွက် မဲပေးနိုင်ရေး လုပ်ဆောင်ဖွယ်ရာများကို အမြန်ဆုံးလုပ်ဆောင်ပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

# ရေဘေးသင့်တောင်သူများ ပြန်လည်ထူထောင်ရေးအတွက် ကလေးလွင်ပြင် ရေဘေးကူညီထောက်ပံ့မှုအသင်းမှ ပဲတီစိမ်းမျိုးများထောက်ပံ့

**စစ်ကိုင်း စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ကလေးမြို့အခြေစိုက် လူမှုပရဟိတအသင်းဖြစ်သော ကလေးလွင်ပြင် ရေဘေးကူညီထောက်ပံ့မှုအသင်းမှ မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ရေဘေးသင့်တောင်သူများအား စက်တင်ဘာ ၇ ရက်က ကျေးရွာအရောက် ပဲတီစိမ်းမျိုးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကလေးလွင်ပြင် ရေဘေးကူညီထောက်ပံ့ရေးအဖွဲ့က ကယ်ဆယ်ရေးအပိုင်းပြီးသွားတော့ ပြန်လည်ထူထောင်ရေးအပိုင်းကို စလုပ်နေပါတယ်။ ရွာပိုင်းဆိုတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးက အဓိကကျတယ်။ ကလေးမှာက စိုက်ပျိုးမြေအားလုံး ရေဝင်တယ်။ နုန်းတွေဝင်နေပေမယ့် အခုထောက်ပံ့တဲ့ရွာတွေကတော့ တောင်စောင်းမှာ ပဲစိုက်တာဆိုတော့ မြေကိုလုံးဝမထိဘူး။ ရေကြောင့် ပြေးလွှားရလို့ မျိုးစေ့မကျန်တော့တာပဲရှိတယ်။ မျိုးစေ့အခက်အခဲရှိတဲ့အတွက် ပြန်စိုက်လို့ရအောင် မျိုးစေ့ထောက်ပံ့ပေးတာပါ"ဟု ကလေး လွင်ပြင်ရေဘေးကူညီထောက်ပံ့ရေးအဖွဲ့မှ ကိုသန့်ဇင်လင်းက ပြောသည်။

မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ အင်းကျော်ရွာမှ ကျေးရွာတာဝန်ခံ ဦးမြင့်ဆွေက "ရွာမှာရေကတက်လာတော့ ရေနက်ထဲမှာနေတဲ့သူတွေက ပဲတီစိမ်းတွေ၊ ပဲကြီးမျိုးစေ့တွေ ဆုံးရှုံးသွားတယ်။ ၉ လပိုင်းဆို ပဲကစိုက်ရတော့မယ် မျိုးစေ့ကမဝယ်နိုင်သေးဘူး။ ဒါကြောင့် ကလေးလွင်ပြင်က ကိုသန့်ဇင်လင်းတို့ကို အကူအညီတောင်းခဲ့တာပါ။ အခုလိုလာပေးတဲ့အခါကျတော့ ပဲမျိုးစေ့အတွက် မပူရတော့ဘူး" ဟု ပြောသည်။

ကလေးလွင်ပြင် ရေဘေးကူညီထောက်ပံ့ရေးအဖွဲ့အနေဖြင့် မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ အင်းကျော်ရွာ၊ ဥယျာဉ်ရွာ၊ အူဒူရွာ၊ ကင်ပွန်းခြုံရွာ၊ ပေါက်တောရွာအရှေ့၊ ပေါက်တောရွာ အနောက်ကျေးရွာခြောက်ရွာရှိ ရေဘေးသင့်တောင်သူများအတွက် တစ်အိမ်ထောင်လျှင် ရှစ်ပြည်အိတ်တစ်အိတ်နှုန်းဖြင့် အိမ်ထောင်စု ၅၀၀ ကျော်အတွက် ပဲတီစိမ်းအိတ် ၁၀၂၁ အိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သီသီမင်း)**

❐

# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီနှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၁၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊MWD (Variety) ၊ မြန်မာ့အသံ ရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အရိုးအထူးကုဆေးရုံတွင် (၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို စက်တင်ဘာ ၁၃ ရက်က ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွန်း ဦးဆောင်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်လုံခြုံရေးတပ်ခွဲမှ တပ်ဖွဲ့ဝင်များနှင့် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းမှ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ကြည့်မြင်တိုင်အရိုးအထူးကုဆေးရုံ ခေတ္တဆေးရုံအုပ်ကြီး ဒေါက်တာသီတာကြူးနှင့်အဖွဲ့က ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

**(မောင်မောင်သန့်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၅**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၆၄၃၀၀ - ၇၆၅၃၀၀ | |
| မန္တလေး | ရွှေဈေး | ၇၆၄၀၀၀ - ၇၆၅၀၀၀ | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၃. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၁. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၆၈၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၆၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၉၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၆၇. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉. ၀၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၀. ၂၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၇. ၄၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# အောင်လံမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုရပ်တန့်

**အောင်လံ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် စက်တင်ဘာ ၁၄ ရက်က ဧရာဝတီမြစ်ရေသည် အောင်လံမြို့၏ စိုးရိမ်ရေမှတ် ၂၅၅၀ စင်တီမီတာတွင် ၂၅၂၉ စင်တီမီတာ၌ မြစ်ရေဝင်ရောက်မှု ရပ်တန့်ခဲ့သည်။

မြစ်ရေဝင်ရောက်ခဲ့သော မြို့ပေါ်ရှိ မကျီးကုန်း၊ ဈေးကုန်း၊ သရက်တော၊ ကန်ကြီး၊ စမ်းချောင်းစက်ရုံရပ်ကွက်များနှင့် မိုးဖုန်း၊ မြွေရိုး၊ ရွှေသူဌေး၊ အင်းပေါက်၊ ရုံးဆိပ်ကျေးရွာများမှ ရေဝင်အိမ်ထောင်စုပေါင်း ၅၆၄ စု၊ လူဦးရေ ၂၅၂၉ ဦးတို့တွင် ရေဝင်ပြီး နစ်မြုပ်ခြင်းမရှိသေးသည့် အိမ်ထောင်စု ၁၀၇ စု၊ လူဦးရေ ၅၇၈ ဦးတို့သည် မိမိတို့၏နေအိမ်များတွင် ဆက်လက်နေထိုင်လျက်ရှိပြီး ရေနစ်မြုပ်၍ သက်ဆိုင်ရာဆွေမျိုးသားချင်းများ၏ အိမ်များတွင် နေထိုင်သော အိမ်ထောင်စု ၃၅၉ စု လူဦးရေ ၁၅၁၄ ဦးရှိကြောင်း သိရသည်။

ရေနစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြရသော အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၄၃၇ ဦးရှိပြီး အောင်လံမြို့နယ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများက ကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းမိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဖေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ

# စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော်    စက်တင်ဘာ ၁၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး Trade Sector Working Group (TSWG) တတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ Hilton Hotel တွင် ကျင်းပရာ Trade Sector Working Group (TSWG) ၏ နာယက၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ Trade Sector Working Group အဖွဲ့ဝင်များအား စနစ်တကျဖွဲ့စည်းပြီး အစိုးရလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ပိုမိုကျစ်လျစ်ခိုင်မာသော အချက်အလက်များ ဆွေးနွေးခြင်း၊ ကုန်သွယ်မှုနှင့်ဆက်စပ်နေသည့် ဆောင်ရွက်မှုများ၊ ကုန်သွယ်မှုအကူအညီပေးရေး လုပ်ငန်းစဉ်များတွင် Stakeholder များ ပါဝင်နိုင်ရန်အတွက် ယနေ့အစည်းအဝေးတွင် ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိတွင် ကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် လုပ်ငန်းများ၊ ကုန်သွယ်မှုအကူအညီပေးရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်အနေဖြင့်လည်း ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အချက်အလက်များရှာဖွေခြင်း Action Matrix များ၊ EIF လုပ်ငန်းစဉ်များ၏ Medium Team Programme များကို ရေးဆွဲလျက်ရှိကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့စီးပွားရေးဖိုရမ်နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်းတို့ကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ရန်ရှိသည့် Gap Assessment များအတွက် Follow up လုပ်ငန်းစဉ်များ၊ NES အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များအတွက် မိတ်ဖက်အဖွဲ့အစည်းများမှ ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကမ္ဘာ့ဘဏ် ကိုယ်စားလှယ် Ms. Cecile Fruman၊ ဥရောပသမဂ္ဂ (EU) ကိုယ်စားလှယ် Ms.Isabel Faria de Almeida တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား အသီးသီးပြောကြားပြီး ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် စာတမ်းရှင်များ၊ ကမ္ဘာ့ဘဏ်၊ EU တို့မှ ကိုယ်စားလှယ်များက Working Group နှင့် ပတ်သက်သည့် စာတမ်းများကို ဆက်လက်ဖတ်ကြားခဲ့ကြသည်။ အစည်းအဝေး မစတင်မီ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ကမ္ဘာ့ဘဏ်မှ Director for Trade Competitiveness of Global Practice of World Bank Group မှ ဒါရိုက်တာ Ms. Cecile Fruman နှင့် အဖွဲ့သည် Hilton Hotel ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မက္ကဆီကိုနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်    စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သော မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ကလော ဒီရာ ရုစ်ဇ်မက်စီယူ ဆာလီနာစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်    စက်တင်ဘာ ၁၆**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်သည့် ပါပူးဝါးနယူးဂီနီနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပါပူးဝါးနယူးဂီနီနိုင်ငံ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ရင်ဘင့် ပေတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဖောင်တော်ဦးဘုရားလှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လှေအသင်းများ ပြိုင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်လှော်ကျင့်



**မိတ္ထီလာ စက်တင်ဘာ ၁၅**

မိတ္ထီလာမြို့ ဖောင်တော်ဦးဘုရားပွဲ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လှေအသင်းများသည် ပြိုင်ပွဲကျင်းပချိန်၌ အဆင်သင့်ဖြစ်စေရန် ဖောင်တော်ဦးဘုရားအနီးကန်ရေပြင်တွင် ပြိုင်ပွဲဝင်လှေနှစ်စင်းဖြင့် စက်တင်ဘာ ၁၅ ရက်မှ စတင်ပြီး ကြိုတင်ပြင်ဆင်လှော်ကျင့်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ လူးခင်းကြီးကျေးရွာက လှေအသင်း ငါးသင်းပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ပြိုင်ပွဲမကျင်းပခင်မှာ ပြိုင်ပွဲဝင်ဖို့ အဆင်သင့်နေချင်လို့ အခုလို လက်တွေ့လာရောက်လှော်ကျင့်နေတာပါ။ ပြိုင်ပွဲတာလွှတ်တိုင်ကနေ ပန်းတိုင်အထိ ရောက်ရှိအောင် လှော်ကျင့်ပြင်ဆင်နေတာပါ။ ပြီးတော့ ကန်ရေပြင်ရေအနက်နဲ့ပြိုင်ပွဲမှာ လှော်ခတ်ရမယ့် လှေရဲ့အနေအထားကို ကြိုတင်သိရှိထားဖို့လိုပါတယ်။ လက်ရှိ ကန်ရေအနေအထားက ကန်ရေအနက်နည်းတာမို့ ပြိုင်ပွဲဝင် လှေအသင်းတွေအနေနဲ့ အားစိုက်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်"ဟု လူးခင်းကြီးကျေးရွာမှ ဖောင်တော်ဦးဘုရားပွဲ လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လှေအသင်းသားတစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးပြန်လည်ကျင်းပမည့် ယခုနှစ် ဖောင်တော်ဦးဘုရားပွဲ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြမည့် လှေအသင်းအရေအတွက်မှာ လူးခင်းကြီးကျေးရွာမှ ငါးသင်း၊ အုတ်နဲ့ဘုတ်မှ လေးသင်း၊ နွားစမ်းတောင်မှခြောက်သင်း၊ အင်းပက်လက်မှ နှစ်သင်းနှင့် ဧည့်သည်အသင်းဖြစ်သည့် မြင်းခြံမြို့နယ်မှ တစ်သင်း စုစုပေါင်း ၁၈ သင်းဖြစ်ပြီး ပြိုင်ပွဲကို (က)အုပ်စု ငါးသင်း၊ (ခ)အုပ်စု ငါးသင်း၊ (ဂ)အုပ်စု လေးသင်း ၊ (ဃ) အုပ်စု လေးသင်း ခွဲခြားကာ စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

# ရွက်ပုန်းသီးဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရန် Cafe Inle ဓာတ်ပုံပြိုင်ပွဲ ကျင်းပ

**မန္တလေး    စက်တင်ဘာ ၁၅**

အလင်းရောင်ကို အသုံးပြု၍ ပုံရိပ်များကို ရေးဆွဲကူးယူသော ဓာတ်ပုံပညာရပ်ကို လေ့လာဆည်းပူးနေကြသည့် ရွက်ပုန်းသီးပညာရှင်များ ပေါ်ထွက်လာစေရေး ရည်ရွယ်ချက်ဖြင့် မန္တလေးမြို့ရှိ Cafe Inle နှင့် အထက်မြန်မာပြည်ဓာတ်ပုံအသင်းတို့ ပူးပေါင်းစီစဉ်သည့် Cafe Inle Photo Contest ၂၀၁၅ ဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံအနှံ့အပြားမှ ဓာတ်ပုံပညာရှင် ၁၂၀တို့က ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၆၁၅ ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲကို Cafe Inle ဆိုင်ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်များ စိတ်ကြိုက်ယှဉ်ပြိုင်နိုင်စေရန် ဓာတ်ပုံအမျိုးအစား သတ်မှတ်ထားခြင်းမရှိဘဲ My Best အမည်ဖြင့် ပြိုင်ပွဲခေါင်းစဉ်ပေးထားကြောင်း Cafe Inle မှ စီစဉ်သူ ဦးသန်းထွဋ်က ပြောသည်။

"အထက်မြန်မာပြည် ဓာတ်ပုံအသင်းရဲ့ ကူညီပေးမှုကြောင့် ဒီပြိုင်ပွဲကို လုပ်ဖြစ်တာပါ။ ယုံကြည်စွာလာရောက်ပြိုင်ပွဲဝင်ကြတဲ့ ပညာရှင်တွေနဲ့ ဝါသနာရှင်တွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော်ကအင်းသားဖြစ်တဲ့အတွက် ဆိုင်ဖွင့်ပွဲကိုလည်း အင်းအမျိုးသားများ ဆုံစည်းရာနေ့မှာ ဖွင့်လှစ်ခဲ့တာဖြစ်လို့ ဒီနေ့လေးကို အမှတ်တရဖြစ်အောင် ဒီပြိုင်ပွဲကို နှစ်စဉ်ခေါင်းစဉ်ပြောင်းပြီး ကျင်းပသွားမှာပါ"ဟု ၎င်းကပြောသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်ထိ ပြိုင်ပွဲဝင်ဓာတ်ပုံများ လက်ခံခဲ့ပြီး ၁၉ ရက်တွင် စတင် ရွေးချယ်၍ ၂၇ ရက်တွင် ဆုရဓာတ်ပုံစာရင်းများကို ကြေညာပေးသွားမည်ဖြစ်သည်။

ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ် (၃၂) လမ်းနှင့် (၃၃) လမ်းကြား၊ (၆၄) လမ်းထောင့်ရှိ Cafe Inle တွင် ကျင်းပသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု ငါးဆု အပြင် Cafe Inle စိတ်ကြိုက်ဆုများကိုလည်း ရွေးချယ်ချီးမြှင့်၍ ဆုရဓာတ်ပုံများအား ပြက္ခဒိန်ထုတ်ဝေသွားရန် စီစဉ်ထားကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

❖ **ရှေ့ဖုံးမှ**

ပါတီစုံဒီမိုကရေစီစနစ် အမှန်တကယ်ဖြစ်ထွန်းအောင်မြင်အောင်၊ ဆက်လက်ရှင်သန်ခိုင်မာအောင်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုတိုးတက်အကောင်အထည်ဖော်နိုင်အောင် "ဒီမိုကရေစီအရေးအတွက် ပြည်သူများပါဝင်ဆောင်ရွက်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားအားလုံးက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားမှတစ်ဆင့် ပြည်သူလူထုအတွင်း သိရှိပျံ့နှံ့စေရန်နှင့် လက်တွေ့ပါဝင်ဆောင်ရွက်နိုင်စေရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံမှ ပေးပို့သည့် သဝဏ်လွှာကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းကလည်းကောင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာနှင့် အပြည်ပြည်ဆိုင်ရာပါလီမန်များ သမဂ္ဂ (Inter-Parliamentary Union-IPU)၏ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အတွက် သတင်းထုတ်ပြန်ချက်တို့ကို တာဝန်ရှိသူများကလည်းကောင်း ဖတ်ကြားကြသည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားနှင့် စပ်လျဉ်း၍ "ကျောင်းသားလူငယ်များ၊ မြန်မာပြည်သူ့ဖိုရမ်၏ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အင်းအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ခနောင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်၊ တအာင်း(ပလောင်) အမျိုးသားပါတီ၊ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ (ကချင်ပြည်နယ်)၊ ကရင်ပြည်သူ့ပါတီ၊ "ဝ" ဒီမိုကရက်တစ်ပါတီ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့၏ စာတမ်းများကို စာတမ်းရှင် ၂၂ ဦးက ဖတ်ကြားကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် သံတမန်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ (Inter- Parliamentary Union-IPU) က ဒီမိုကရေစီကြေညာစာတမ်းထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံများကို ဂုဏ်ပြုရန်၊ အုပ်ချုပ်ရေးအစိုးရအဖွဲ့များအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ရန်၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားနေစေရန်၊ ဒီမိုကရေစီကျင့်စဉ် ပြုပြင်ပြောင်းလဲမှုများကို နောင်အနာဂတ်ကာလတွင်ပါ အစဉ်အမြဲ လုပ်ဆောင်ကြနိုင်စေရန် ရည်ရွယ်ပြီး နှစ်စဉ် စက်တင်ဘာ ၁၅ ရက်ကို အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အဖြစ် သတ်မှတ်၍ နိုင်ငံအလိုက် အထိမ်းအမှတ် အခမ်းအနားများ ပြုလုပ်ကြရန် ၂၀၀၇ ခုနှစ် (၆၂) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

□□

# ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်စာရင်းတွင် ဟောင်ကောင်တက္ကသိုလ် လေးခုပါဝင်

**ဟောင်ကောင် စက်တင်ဘာ ၁၅**

ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းတက္ကသိုလ် ၁၀၀ တွင် ဟောင်ကောင်မှ တက္ကသိုလ်လေးခု ပါဝင်ကြောင်း QS ကမ္ဘာ့တက္ကသိုလ်အဆင့်သတ်မှတ်ရေးအဖွဲ့က စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။

လာမည့်နှစ်တွင် သက်တမ်း ၂၅ နှစ်ပြည့်တော့မည့် ဟောင်ကောင်သိပ္ပံနှင့် နည်းပညာတက္ကသိုလ် (HKUST) မှာ ပြီးခဲ့သည့်နှစ်က အဆင့် ၄၀ ရှိရာမှ အဆင့် ၂၈ နေရာသို့ ခုန်တက်လာခဲ့ပြီး ဟောင်ကောင်၏ အကောင်းဆုံး တက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နေသည်။ ရာစုနှစ်သက်တမ်းရှိ ဟောင်ကောင်တက္ကသိုလ် (HKU) က အဆင့် ၂၈ နေရာမှ ၃၀ နေရာသို့ ကျဆင်းသွားသည်။ ထို့အတူ ဟောင်ကောင်တရုတ်တက္ကသိုလ် (CUHK) က အဆင့် ၅၁ သို့ ကျဆင်းသွားပြီး ဟောင်ကောင်မြို့တက္ကသိုလ် (CityU) က ပြီးခဲ့သည့်နှစ်က အဆင့် ၁၀၈ မှ ၅၇ နေရာသို့ ရောက်ရှိလာခဲ့သည်။

အဆင့်သတ်မှတ်ချက်နှင့်ပတ်သက်၍ (HKUST) မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ယခုအသစ်ထုတ်ပြန်လိုက်သည့် အဆင့်သတ်မှတ်ချက်ရလဒ်ကို အားရပါကြောင်း ပြောကြားသည်။ CityU ကလည်း အခြားဒေသတွင်း တက္ကသိုလ်သုံးခုနှင့်အတူ ကမ္ဘာ့အကောင်းဆုံးထိပ်တန်း တက္ကသိုလ် ၁၀၀ တွင် ရပ်တည်နိုင်ခဲ့သည့်အတွက် ကျေနပ်ပါကြောင်း ပြောကြားသည်။ မက်ဆာချူးဆက် နည်းပညာကောလိပ်(MIT) မှာ ကမ္ဘာ့အကောင်းဆုံး ထိပ်တန်းတက္ကသိုလ်စာရင်းတွင် ထိပ်ဆုံးမှရပ်တည်နေပြီး ဟားဗတ်တက္ကသိုလ်က ဒုတိယနှင့် ကမ်းဘရစ်ချ်တက္ကသိုလ်က တတိယတွင် အသီးသီးရပ်တည်နေကြသည်။ QS ကမ္ဘာ့တက္ကသိုလ် အဆင့်သတ်မှတ်ချက်များမှာ အဓိကကဏ္ဍကြီးလေးခုဖြစ်သည့် သုတေသန၊ သင်ကြားမှု၊ အလုပ်ခန့်အပ်နိုင်မှုနှင့် နိုင်ငံတကာမှသိရှိမှုတို့ကို အခြေခံထားကြောင်း သိရသည်။

**ဆင်ဟွာ။**



# ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများကို တိုးမြှင့်လက်ခံရေး ကုလသမဂ္ဂတိုက်တွန်း

**ဂျီနီဗာ စက်တင်ဘာ ၁၅**

ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအား တိုးမြှင့်လက်ခံသည့်မူဝါဒများကို ချမှတ်ကျင့်သုံးလျက် ဒုက္ခသည်များအပေါ် စာနာထောက်ထားမှုပြသကြရန် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အကြီးအကဲ ဇိုယက်ရာအက်ဟူစိန်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ စက်တင်ဘာ ၁၄ ရက်က ကျင်းပသော ဖိုရမ်ဆွေးနွေးပွဲတွင် ပြောကြားလိုက်သည်။

ဆီးရီးယားနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများမှ ထွက်ပြေးလာသော ကလေးများအပါအဝင် စစ်ပြေးဒုက္ခသည်များကို ထိန်းသိမ်းခြင်း၊ အကြင်နာတရားကင်းစွာ ပြုမူဆက်ဆံခြင်းတို့ မပြုလုပ်ကြရန် အဆိုပါဖိုရမ်ဆွေးနွေးပွဲတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အကြီးအကဲက ပြောကြားသည်။

ရွှေ့ပြောင်းအခြေစိုက်မှုနှင့် ပြန်လည်နေရာချထားမှုတို့နှင့်ပတ်သက်၍ ပုံမှန်ခွင့်ပြုပေးနိုင်မည့် အစီအစဉ်များကို တိုးချဲ့အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

လွန်ခဲ့သည့် ၁၀ ရက်က ဂရိနိုင်ငံသို့ ရောက်ရှိရန် ကြိုးပမ်းသည့် ဆီးရီးယားမိသားစုတစ်စုမှ လမ်းလျှောက်တတ်ခါစ ကလေးငယ်တစ်ဦး၏ ရုပ်အလောင်း တူရကီကမ်းခြေသို့ ရေမျောကမ်းတင် ရောက်ရှိခဲ့ရသည့်ဖြစ်ရပ်ကို သာဓကဆောင်လျက် ဥရောပနိုင်ငံများအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးကြရန် ၎င်းက တိုက်တွန်းသည်။

**ရိုက်တာ။**

# အီဂျစ်လုံခြုံရေးတပ်ဖွဲ့များ မှားယွင်းပစ်ခတ်၍ မက္ကဆီကို ခရီးသွားများအပါအဝင် ၁၂ ဦး သေဆုံး

**ကိုင်ရို စက်တင်ဘာ ၁၅**

အီဂျစ်နိုင်ငံ၏ အနောက်ပိုင်းသဲကန္တာရဒေသ၌ စက်တင်ဘာ ၁၄ ရက်က ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသောယာဉ်တန်းတစ်ခုကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွများဟု ထင်မှတ်ကာမှားယွင်းပစ်ခတ်ခဲ့ရာ မက္ကဆီကိုနိုင်ငံသား ခရီးသွားဧည့်သည်များအပါအဝင် ၁၂ ဦး သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူများတွင် အီဂျစ်နိုင်ငံသားများလည်းပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းမတော်တဆ မှားယွင်းပစ်ခတ်သည့်ဖြစ်ရပ်တွင် မက္ကဆီကိုနိုင်ငံသား နှစ်ဦးထက်မနည်း သေဆုံးကြောင်း မက္ကဆီကိုနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သောကြေညာချက်တွင် ပါရှိသည်။

အီဂျစ်ရဲတပ်ဖွဲ့နှင့် စစ်ဘက်တပ်ဖွဲ့ဝင်များပါဝင်သော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လစ်ဗျားနိုင်ငံနှင့် ထိစပ်နေသော အီဂျစ်နိုင်ငံ၏ အနောက်ပိုင်းသဲကန္တာရဒေသတွင် စစ်သွေးကြွများနောက်သို့ လိုက်လံချေမှုန်းစဉ်အတွင်း အဆိုပါ ခရီးသွားများ၏ ယာဉ်တန်းကို မှားယွင်းပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးသည်တင် ယာဉ်တန်းတွင် လေးဘီးယက်မော်တော်ယာဉ်လေးစီးပါဝင်ကြောင်း၊ ယင်းယာဉ်တန်းသည် ခရီးသည်တင်ယာဉ်များ ဝင်ရောက်ခြင်း မပြုရန် တားမြစ်ထားသည့် နယ်မြေအတွင်းသို့ မည်သို့မည်ပုံ ဝင်ရောက်လာခဲ့သည်ကို စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။

မက္ကဆီကို သမ္မတ အန်းရစ်ပီနာ နီတိုက ၎င်း၏ တွစ်တာစာမျက်နှာတွင် အဆိုပါပစ်ခတ်တိုက်ခိုက်မှုအား ပြစ်တင်ရေးသားခဲ့ပြီး ယင်းကြေကွဲဖွယ် မတော်တဆဖြစ်မှုကို အပြည့်အဝ စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုထားသည်။

ယင်းခရီးသွားအဖွဲ့သည် ဝင်ရောက်ခွင့် တားမြစ်ပိတ်ပင်ထားသည့် ဒေသတွင်းသို့ လိုင်စင်မဲ့ မော်တော်ယာဉ်များကို အသုံးပြုကာ ဝင်ရောက်ခဲ့ကြောင်း အီဂျစ်ခရီးသွားလုပ်ငန်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက နိုင်ငံပိုင်မီနာသတင်းဌာနသို့ ပြောကြားသည်။ **ရိုက်တာ။**

# အာဖဂန်ဒုက္ခသည် မိန်းကလေးငယ်များကို ပညာသင်ပေးသူ ကုလသမဂ္ဂဆုရရှိ

**လန်ဒန် စက်တင်ဘာ ၁၅**

ယာယီရွက်ဖျင်တဲတစ်လုံးအတွင်း စာသင်ခန်းများ တည်ဆောက်၍ ယဉ်ကျေးမှုဆိုင်ရာ လိင်ခွဲခြားဆက်ဆံမှုကို အန်တုစိန်ခေါ်ရင်း အာဖဂန် မိန်းကလေးငယ်များကို ပညာသင်ကြားပေးခြင်းဖြင့် ဘဝတစ်ခုလုံးမြှုပ်နှံထားသူ ကျောင်းဆရာမတစ်ဦးမှာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) မှ ချီးမြှင့်ပေးအပ်သည့် အထူးဆုတစ်ဆု ရရှိခဲ့ကြောင်း သိရသည်။

အသက် (၄၉) နှစ်ရှိ အကွီလာ အစ္စဖီသည် ၁၉၉၂ ခုနှစ်တွင် မိသားစုနှင့်အတူ ကဘူးလ်မှထွက်ခွာလာခဲ့ပြီး မိန်းကလေးအများစုမှာ စာသင်ခန်းမှ ဖယ်ကြဉ်ခြင်းခံခဲ့ရသည့် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ဒေသရှိ ဝေးလံခေါင်ဖျားသော ကော့ချန်ဒနာဒုက္ခသည်စခန်း၌ နေထိုင်ခဲ့သည်။ ၎င်းက အဆိုပါစခန်းရှိ မိဘများအား ရင်သွေးများ ကျောင်းသို့စေလွှတ်ရန် စည်းရုံးသိမ်းသွင်းနိုင်ခဲ့ကြောင်း၊ ပါကစ္စတန်နိုင်ငံရှိ အာဖဂန်ဒုက္ခသည်ကလေးငယ် ၈၀ ရာခိုင်နှုန်းဝန်းကျင်မှာ ယခုချိန်ထိ ကျောင်းတက်ရောက်နိုင်ခြင်း မရှိသေးသော်လည်း ယင်းဒုက္ခသည်စခန်းမှ ကလေးငယ် တစ်ထောင်ကျော်မှာ ကျေးရွာအတွင်းရှိ တရားဝင်ဖွင့်လှစ်ထားသော စာသင်ကျောင်းများတွင် တက်ရောက်နေကြောင်း UNHCR ကဆိုသည်။ အဆိုပါ Nansen Refugee Award ဆုချီးမြှင့်ပွဲ အခမ်းအနားကို လာမည့်လတွင် ဂျီနီဗာ၌ ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူသည် ၎င်းတို့၏ ရှိရင်းစွဲလုပ်ဆောင်မှုကို ဖြည့်စွက်ဆောင်ရွက်သည့် စီမံကိန်းတစ်ခုအား ငွေကြေးထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ရရှိမည်ဖြစ်သည်။

"သင်တို့ထံမှာ ပညာတတ်မြောက်သောမိခင်တွေရှိမယ်ဆိုရင် သင့်မှာလည်း ပညာတတ်မြောက်တဲ့ အနာဂတ်မျိုးဆက်တွေ သေချာပေါက်ရှိလာမှာပါ။ လူတွေက စစ်ပွဲကြောင့်မဟုတ်ဘဲ ပညာရေးအဆင့်အတန်းကြောင့် အာဖဂန်နစ္စတန်နိုင်ငံကို သတိရလာဖို့ဆန္ဒရှိပါတယ်" ဟု သူကဆိုသည်။ ဒေသတွင်း၌ ပညာရေးနယ်ပယ်တွင် မိန်းကလေးများအတွက် အခွင့်အလမ်းများ နည်းပါးမှုကို ပညာသင်ကြားရန် အမျိုးသမီးငယ်များ အခွင့်အလမ်းမြှင့်တင်မှုကြောင့် ပြီးခဲ့သည့်နှစ်က နိုဘယ်လ်ငြိမ်းချမ်းရေးဆုရရှိခဲ့သည့် ပါကစ္စတန်ဆယ်ကျော်သက်မိန်းကလေး မာလာလာ ယူဆက်ဖ်ဇိုင်းက မီးမောင်းထိုးပြခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် တာလီဘန်အဖွဲ့မှ သေနတ်သမားတစ်ဦးက မာလာလာ၏ ဦးခေါင်းကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ UNHCR ၏ အဆိုအရ ပြည်ပရောက် အာဖဂန်ဒုက္ခသည် ၂ ဒသမ ၆ သန်းရှိပြီး ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဒုက္ခသည် အသိုင်းအဝိုင်းဖြစ်သည်။

**ရိုက်တာ။**





# လူမှုသတင်းမီဒီယာသုံးစွဲမှုအလေ့အကျင့်နှင့် ဆယ်ကျော်သက်များ စိတ်ကျဝေဒနာခံစားရမှု ဆက်နွယ်နေ

**ပေကျင်း စက်တင်ဘာ ၁၅**

မကြာသေးမီက ပြုလုပ်ခဲ့သည့် လေ့လာမှုစစ်တမ်းတစ်ခုအရ အွန်လိုင်းပေါ်တွင် လူမှုသတင်းမီဒီယာကို စွဲစွဲမြဲမြဲသုံးစွဲသူ ဆယ်ကျော်သက်လူငယ်များသည် စိုးရိမ်သောကနှင့် စိတ်ဓာတ်ကျဝေဒနာများ ပိုမိုခံစားနေကြရသည်ဟု ဆိုသည်။

အသက် (၁၁)နှစ်မှ (၁၇) နှစ်ကြားရှိ ကျောင်းသားကျောင်းသူ ၄၆၇ ဦး၏ လူမှုကွန်ရက်အသုံးပြုမှု အထူးသဖြင့် ညဘက်တွင်သုံးစွဲမှုနှင့်ပတ်သက်၍ ဂလက်စ်ဂိုတက္ကသိုလ်မှ ကျွမ်းကျင်သူပညာရှင်များက လေ့လာသုတေသနပြုခဲ့ခြင်းဖြစ်သည်။

လေ့လာမှုစစ်တမ်းတွင် လူမှုသတင်းမီဒီယာသုံးစွဲမှုနှင့်ပတ်သက်၍ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်မှု၊ စိတ်ကျန်းမာရေးအခြေအနေ၊ စိတ်ဓာတ်ကျဝေဒနာနှင့် စိတ်လှုပ်ရှားဖွယ်ရာများကို လေ့လာသုတေသနပြုခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များက ဆယ်ကျော်သက်များ လူမှုသတင်းမီဒီယာသုံးစွဲမှုကြောင့် နှစ်ခြိုက်စွာ အိပ်စက်အနားယူနိုင်မှု၊ အွန်လိုင်းတွင် လူမှုသတင်းမီဒီယာသုံးစွဲမှုအချိန်နှင့် နေ့စဉ်လုပ်ငန်းတာဝန်များ ပျက်ကွက်မှုများကိုလည်း လေ့လာသုံးသပ်ခဲ့သည်။ လူမှုသတင်းမီဒီယာသုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချပြီး မိသားစုဝင်များနှင့် ပျော်ပျော်ပါးပါးနေထိုင်ကာ ညဘက်တွင် ကောင်းမွန်စွာ အိပ်စက်အနားယူရန်လည်း သိပ္ပံပညာရှင်များ အကြံပြုတိုက်တွန်းခဲ့သည်။

**ဆင်ဟွာ။**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအား လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုပေးအပ်ချီးမြှင့်

**နေပြည်တော်　စက်တင်ဘာ　၁၅**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် “Euromoney” အဖွဲ့ကြီးက ကမ္ဘောဇဘဏ်အား "Best Bank in Myanmar 2015" ဆုနှင့် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအား လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆု "Euromoney Achievement Award for CSR" ပေးအပ်ချီးမြှင့်သည့်အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် ည ၇ နာရီက နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်၊ ဦးကျော်လွင်နှင့် ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ဒေါ်စုစုလှိုင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း နာယကဦးအောင်ကိုဝင်း၊ ကမ္ဘောဇဘဏ်လီမိတက် အမှုဆောင်ဒါရိုက်တာနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းခမ်းနောင့်၊ Euromoney အဖွဲ့အစည်းမှ အာရှဒေသဆိုင်ရာတာဝန်ခံ Mr. Marcus Langston၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိနိုင်ငံခြားဘဏ်များနှင့် ဘဏ်ကိုယ်စားလှယ်ရုံးများမှ တာဝန်ခံများ၊ နိုင်ငံခြားအာမခံကိုယ်စားလှယ်ရုံးများမှ တာဝန်ခံများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘောဇ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၇ ခုနှစ်မှစ၍ ယနေ့အထိ လူမှုအကျိုးပြုဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းပြသသည်။ ထို့နောက် "Euromoney Achievement Award for CSR" ဆုရွေးချယ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ရှမ်းပြည်နယ်ရှိရေရှားပါးဒေသများတွင် အဝီစိတွင်းများ အမြောက်အမြား အောင်မြင်စွာတူးဖော်နိုင်ခဲ့သည့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ "Water Project" စီမံကိန်းနှင့် စပ်လျဉ်း




သည့် အချက်အလက်များကို ကမ္ဘောဇကုမ္ပဏီများအုပ်စု အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်က ရှင်းလင်းပြောကြားပြီး မှတ်တမ်းတင်ဗီဒီယိုရိုက်ကူးထားမှုများအား ပြသသည်။

ယင်းနောက် Euromoney မှ အာရှဒေသဆိုင်ရာတာဝန်ခံ Mr. Marcus Langston က ကမ္ဘောဇဘဏ်အား ဆုများပေးအပ်ချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆုများကိုချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)** ထို့နောက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးနောက် လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများအတွက် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို Power Point ဆလိုက်များ၊ ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

ကမ္ဘောဇဘဏ်အား "Best Bank in Myanmar 2015"ဆုကို ချီးမြှင့်ခြင်းမှာ မြန်မာနိုင်ငံတွင်ကမ္ဘောဇဘဏ်သို့ အများပြည်သူမှ ယုံကြည်စွာဖြင့်ထားရှိသောအပ်ငွေ (Deposit) ပမာဏနှင့် ဝန်ဆောင်မှုမှရရှိသောဝင်ငွေနှင့် အမြတ်ငွေများ အမြင့်မားဆုံးဖြစ်ခြင်း၊ ဘဏ်ခွဲများအများဆုံးတိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးဖြင့် ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဘဏ်လုပ်ငန်းကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ်များပြားစွာ ပြုစုပျိုးထောင်ပေးနိုင်ခြင်း၊ ခေတ်မီ Oracle Flexcube Centralized Core Banking System ဖြင့် ဘဏ်ခွဲများတစ်ခုနှင့်တစ်ခုချိတ်ဆက်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို အချိန်တိုအတွင်း တိကျလျင်မြန်စွာဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအများဆုံး သယ်ပိုးထမ်းဆောင်နိုင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ၂၀၀၇ ခုနှစ်မှ လက်ရှိအချိန်ကာလအထိ စုစုပေါင်း ငွေကျပ် ၉၆ ဘီလီယံကျော် အကုန်အကျခံကာ နိုင်ငံနှင့်ပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများစွာတို့ ထိရောက်စွာဆောင်ရွက်ခဲ့ခြင်းကြောင့် Euromoneyမှ "Euromoney Achievement Award for CSR" ဆုကို ချီးမြှင့်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ကြေးမုံ)**

---

# လိပ်ကျွန်းလူသတ်မှုမှ စွပ်စွဲခံရသူမြန်မာနိုင်ငံသားနှစ်ဦး လူသတ်မှုကျူးလွန်ကြောင်း အထောက်အထားမတွေ့ရ

**ဘန်ကောက်　စက်တင်ဘာ　၁၅**

မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦး လူသတ်စဉ်က အသုံးပြုခဲ့သည်ဟု ရဲတပ်ဖွဲ့က ယူဆသည့်ပေါက်ပြားအား မှုခင်းဆေးပညာဆိုင်ရာ ဆေးစစ်ဆေးချက်ကို ရယူခဲ့ရာတွင် ကမ္ဘာလှည့်များ သွားရောက်အပန်းဖြေကြသည့် ထိုင်းနိုင်ငံကော့စမူ(လိပ်)ကျွန်းတွင် ဗြိတိသျှနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်နှစ်ဦးကို သတ်ခဲ့သည်ဟူသောအမှုဖြင့်တရားစွဲဆိုခံထားရသော မြန်မာရွှေ့ပြောင်းလုပ်သားနှစ်ဦး၏ ဒီအင်န်အေ (ဗီဇလက္ခဏာဆောင်ဓာတုပစ္စည်း)နှင့် ကိုက်ညီမှုမရှိကြောင်း ၎င်းတို့၏ ရှေ့နေက စက်တင်ဘာ ၁၁ ရက်နေ့က ပြောကြားသည်။

စွဲချက်တင်ထားခံရသည့် မြန်မာနိုင်ငံသား ဇော်လင်းနှင့်ဝင်းဇော်ထွန်းတို့၏ ရှေ့နေများက ၎င်းတို့၏ ခုခံကာကွယ်ရေးအတွက် အထူးအရေးကြီးသော သက်သေအထောက်အထားများကို ရဲတပ်ဖွဲ့ဝင်များက မှားယွင်းကိုင်တွယ် အသုံးပြုခဲ့ကြောင်း၊ ထို့ကြောင့် ယင်းသက်သေအထောက်အထားများကို စစ်ဆေးရန် နာမည်ကြီးမှုခင်းဆေးပညာ ကျွမ်းကျင်သူ ထိုင်းနိုင်ငံသား ပွန်သစ်ရိုဂျာနာ ဆူနန်ကို အကူအညီတောင်းခဲ့ရကြောင်းဆိုသည်။

အဆိုပါ ပေါက်ပြားအပေါ်တွေ့ရှိခဲ့သော ဒီအင်န်အေမှာ လူသတ်သမား၏ ဒီအင်န်အေဖြစ်သည်ဟု ရဲများက ပြောဆိုခဲ့သော်လည်း စစ်ဆေးရေးအဖွဲ့တွေ့ရှိချက်အရ ထိုဒီအင်န်အေမှာ စွပ်စွဲခံရသူနှစ်ဦး၏ ဒီအင်န်အေ မဟုတ်ကြောင်းကို တရားခံရှေ့နေ နခွန်ချွန်ပူချက တရားရုံးသို့ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါဒီအင်န်အေနှင့် ပတ်သက်ပြီး ဝိရောဓိဖြစ်အောင်ပြောဆိုခဲ့ကြောင်း၊ စောစောပိုင်းက ဒီအင်န်အေပျောက်ဆုံးပြီဟု ပြောသော်လည်း နောက်ပိုင်းတွင် ဒီအင်န်အေ နမူနာများ ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်ဟူ၍ အမျိုးမျိုးပြောဆိုခဲ့ကြောင်း တရားခံရှေ့နေက ဆိုသည်။

ဗြိတိန်နိုင်ငံသား ဒေးဗစ်မီလာ (၂၄)နှစ်နှင့် ဗြိတိန်နိုင်ငံသူ ဟာနာဝစ်သရစ်ချ်တို့သည် ယမန်နှစ်အောက်တိုဘာလက အဆိုပါလိပ်ကျွန်းတွင် အသတ်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံသားနှစ်ဦးက လူသတ်မှုကျူးလွန်ခဲ့သည်ဟု ပထမပိုင်းတွင် ဝန်ခံခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းတို့အနေဖြင့် လူသတ်မှုကျူးလွန်ခြင်းမရှိဘဲ ခြိမ်းခြောက်ခံရမှုကြောင့်သာ သတ်ခဲ့သည်ဟု ဝန်ခံခဲ့ခြင်းသာဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **(ရိုက်တာ)**

---

# Bank of China ကိုယ်စားလှယ်ရုံးဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် Bank of China ကိုယ်စားလှယ်ရုံးကို ရန်ကုန်မြို့ မြန်မာ့ငွေကြေးစင်တာ (UFC) တရားဝင်ဖွင့်လှစ်ပွဲကျင်းပရာ ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ Bank of China supervisor မစ္စတာလီကျွင်းတို့တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ယင်းဘဏ်၏ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခြင်းအားဖြင့် နှစ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆက်သွယ်ရေးအား အပြည့်အဝထောက်ခံပေးသွားနိုင်ပြီး ငွေကြေး၏ စွမ်းအားဖြင့် နှစ်နိုင်ငံ၏ စီးပွားရေးရွေလမ်းငွေလမ်း ပွင့်သွားနိုင်ကာ ကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် ငွေကြေးပူးပေါင်းမှုအတွက် များစွာ အထောက်အကူပြုနိုင်ကြောင်း၊ ယခုအခါတွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော ကုန်သွယ်ဖက် နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

Bank of China ကိုယ်စားလှယ်ရုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ Bank of China supervisor မစ္စတာလီကျွင်းနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**




---

# ပေါက်မြို့နယ် အချိုးညီတိုးတက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ပေါက်　စက်တင်ဘာ　၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်သည် ပခုက္ကူမှ ချင်းပြည်နယ်သို့သွားသည့် အဓိကလမ်းမကြီးတွင်တည်ရှိပြီး ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဖွံ့ဖြိုးမှု နောက်ကျခဲ့သည်။ ယခုအခါ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးလက်ဒေသများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို အချိုးညီတိုးတက်စေရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ပေါက်တစ်မြို့နယ်လုံးတွင် စတုရန်းမိုင် ၉၆၀ ကျယ်ဝန်းပြီး မြို့အကျယ်မှာ ၃၅၉ ဒသမ ၆၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူအကျိုးပြုလုပ်ငန်းတစ်ရပ်အနေဖြင့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများနှင့် အခြားသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မြို့ပေါ် လမ်း/တံတားကိုးခုအတွက် ငွေကျပ် ၄၄ ဒသမ ၀၀ သန်း၊ ရေပေးရေးလုပ်ငန်းနှစ်ခုအတွက် ငွေကျပ် ၃ ဒသမ ၁၀ သန်းနှင့် အခြားသာယာလှပရေးလုပ်ငန်း ၁၃ ခုအတွက် ငွေကျပ်၂၂ ဒသမ ၄၀ သန်းတို့ဖြင့် စုစုပေါင်းငွေကျပ် ၆၉ ဒသမ ၅၀ သန်း လျာထားပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

**သွေးသည် အသက်**

---

# ဟားခါး၊ ဖလမ်းနှင့် ငါးသိုင်းချောင်းမြို့တို့ စိုးရိမ်ရေမှတ်များအထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော်　စက်တင်ဘာ　၁၅**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီနှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင်(ဧရာဝတီမြစ်)အတွင်းနှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန်အကြံပြုထားသည်။ **(ကြေးမုံ)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ဇော်မင်းငွေး(ထားဝယ်)

ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် ခေတ်နှင့်အညီ တိုးတက်လာသည့် စက်မှုနည်းပညာရပ်များနှင့်အတူ လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရာတွင် သုံးစွဲသည့် ကလိုရိုဖလူရိုကာဗွန်(စီအက်ဖ်စီ)၊ ဟေလွန်၊ ကာဗွန်တက်ထရာ ကလိုရိုဒ်၊ မီသိုင်းကလိုရိုဖောင်း၊ မီသိုင်းဘရိုမိုဒ်၊ ဟိုက်ဒရို ကလိုရို ဖလူရိုကာဗွန် (အိပ်ချ်စီအက်ဖ်စီ) အစရှိသော ဓာတုဒြပ်ပစ္စည်းများ သုံးစွဲမှုများမှတစ်ဆင့် ကမ္ဘာ့အပေါ်ယံလေထုအတွင်းရှိ အိုဇုန်းအလွှာကို ထိခိုက်ပျက်စီးစေပြီး ခရမ်းလွန်ရောင်ခြည်ကျရောက်မှုအန္တရာယ်ကို ကမ္ဘာသူ ကမ္ဘာသားများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားစွာ ခံစားလာရပါသည်။ အိုဇုန်းလွှာသည် ကမ္ဘာ့မြေပြင်ပေါ်ကို နေမှ ကျရောက်သည့် ဘေးအန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်၏ ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ စုပ်ယူပေးသည့် သဘာဝအကာအရံတစ်ခုဖြစ်၍ ကမ္ဘာပေါ်ရှိ သက်ရှိတို့အတွက် မရှိမဖြစ် လိုအပ်သည်နှင့်အညီ အိုဇုန်းလွှာပျက်စီးမှု မရှိစေရေးအတွက် ကမ္ဘာပေါ်ရှိ လူသားတိုင်းမှ အမျိုးသားရေးအမြင်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်သည်။

**အိုဇုန်းလွှာ**သည် ကမ္ဘာ့လေထုအတွင်း တည်ရှိပြီး အိုဇုန်းဓာတ်ငွေ့စုစည်းမှု အများအပြား ပါဝင်သော အလွှာတစ်လွှာဖြစ်ပါသည်။ ယင်းသည် ကမ္ဘာ့လေထုအလွှာလေးလွှာမှ စထရာတိုစဖီးယားအလွှာ၏ အောက်ဘက်တွင် တည်ရှိကာ ကမ္ဘာ့မြေမျက်နှာပြင်မှ ၁၂ မိုင်၊ ၁၉ မိုင် (၂၀ ကီလိုမီတာမှ ၃၀ ကီလိုမီတာ)ခန့် အကွာတွင်ရှိပြီး အထူမှာ ရာသီဥတုနှင့် ပထဝီမြေပြင် အနေအထားတို့အပေါ် မူတည်ပြီး ပြောင်းလဲမှုရှိပါသည်။ အိုဇုန်းလွှာကို ၁၉၁၃ ခုနှစ်တွင် ပြင်သစ်ရူပဗေဒပညာရှင် ချားလ်စ်ဖာဘရီနှင့် အွန်နရီဘွီဆန်တို့က ရှာဖွေတွေ့ရှိခဲ့ပြီး ယင်း၏ ဂုဏ်သတ္တိများကို ဗြိတိသျှလေထုပညာရှင် ဂျီအမ်ဘီဒေါ့ဘ်ဆန်က အသေးစိတ်လေ့လာခဲ့ရပါသည်။ ဂျီအမ်ဘီဒေါ့ဘ်ဆန်သည် အိုဇုန်းလွှာကို မြေကြီးပေါ်မှ တိုင်းတာသည့် ဒေါ့ဘ်ဆန်မီတာကို တီထွင်ဖန်တီးခဲ့သူ တစ်ဦးဖြစ်ပါသည်။ **ခရမ်းလွန်ရောင်ခြည်**ဆိုသည်မှာ နေရောင်မှလာသော စွမ်းအားမြင့်သည့် စွမ်းအင်ဖြာထွက်မှုတစ်ခုပင်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်၏ ပြင်းအားကို ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းဖြင့် ဖော်ပြပြီး စကေးတန်ဖိုး သုည မှ ၁၁+ အထိ ၁၂ ဆင့် ခွဲခြားထားကြောင်း သိရှိရပါသည်။

သို့ပါ၍ အိုဇုန်းလွှာသည် ကမ္ဘာသူ ကမ္ဘာသားများအတွက် အသက်သခင် ကျေးဇူးရှင်ဖြစ်သည်နှင့်အညီ ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကမ္ဘာလုံးဆိုင်ရာ အိုဇုန်းလွှာပျက်စီးခြင်းပြဿနာကို တားဆီးကာကွယ်ရန် အတည်ပြုခဲ့သော **မွန်ထရီယက် နောက်ဆက်တွဲစာချုပ်**မှတစ်ဆင့် **ကမ္ဘာသူ ကမ္ဘာသားများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများ မျှဝေပေးရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ရှုထောင့်မှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်**ဟူသော ရည်ရွယ်ချက်များဖြင့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၅ ခုနှစ်က စပြီး နှစ်စဉ် ကျင်းပလာခဲ့ပါသည်။ ယခုနှစ် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် **"Ozone: All there is between you and UV."** **"ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး၊ အိုဇုန်းလွှာကို ထိန်းသိမ်းပေး"** ဟူ၍ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ ဆိုလိုသည်မှာပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သဘာဝဂေဟစနစ်များ ရေရှည်တည်တံ့စေရေးတို့တွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည့် မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားလာမှုကို ကာကွယ်နိုင်ရန်အတွက် အိုဇုန်းလွှာကို ကမ္ဘာသူ ကမ္ဘာသားများမှ ၂၁ ရာစု၏ အသိပညာ၊ အတတ်ပညာ ရှုထောင့်များဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးရန်ပင် ဖြစ်သည်။

သက်ရှိများအပေါ် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း မြင့်မားစွာ ထိတွေ့ခံစားရပါက ကျန်းမာရေးဆိုးကျိုးများအဖြစ် အရေပြားကင်ဆာ၊ မျက်စိရောဂါများ၊ မျိုးရိုးဗီဇ ပျက်စီးခြင်း စသည့် ဆိုးကျိုးများကို ခံစားရမည်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း ၈ နှင့်အထက်ကို ကျော်လွန်ပါက ကျန်းမာရေးအတွက် အန္တရာယ်ရှိပြီး အညွှန်းကိန်း ၈ မှ ၁၀ အထိကို အလွန်မြင့်မားတဲ့အဆင့် (Very High)၊ အညွှန်းကိန်း ၁၁ နှင့် အထက်ကို (Extreme) လွန်ကဲအဆင့်ဟု သတ်မှတ်ထားကြောင်း သိရှိရသည်။ ယေဘုယျအားဖြင့် ကမ္ဘာ့အပူပိုင်းဒေသများဖြစ်သည့် မြောက်ယဉ်စွန်းတန်းနှင့် တောင်ယဉ်စွန်းတန်း ကြားဒေသများ(မြန်မာနိုင်ငံအပါအဝင်) သည် ခရမ်းလွန်ရောင်ခြည် အင်အားအကောင်းဆုံးဒေသများဖြစ်သည်။ လက်ရှိကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း ၈ အထက်ကို အန္တရာယ်ရှိသည့်အဆင့် ရောက်ရှိနေပြီဖြစ်သည်။

သို့ပါ၍ ကျွန်ုပ်တို့မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)၏ ပံ့ပိုးမှုဖြင့် အမျိုးသားအိုဇုန်းယူနစ် (National Ozone Unit) ကို တည်ထောင်ထားရှိခြင်း၊ မြန်မာနိုင်ငံသည်အိုဇုန်းလွှာပျက်စီးစေသည့် စီအက်ဖ်စီထုတ်လုပ်မှုကို ၂၀၀၇ ခုနှစ်က စပြီး တင်သွင်းမှုရပ်ဆိုင်းခဲ့ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် HPMP စီမံကိန်းကို ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်နှင့် ကုလသမဂ္ဂ စက်မှုဖွံ့ဖြိုးရေးအဖွဲ့တို့၏ပံ့ပိုးမှု၊ သက်ဆိုင်ရာဌာနများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ၂၀၁၂ ခုနှစ်ကစပြီး ရေးဆွဲဆောင်ရွက်နေပြီဖြစ်ရာ အိုဇုန်းလွှာ ထိန်းသိမ်းနိုင်ရေးအတွက် အားဆေးများပင်ဖြစ်သည်။

နိုင်ငံတကာအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုကို ၂၀၃၀ ပြည့်နှစ်တွင် လုံးဝရပ်ဆိုင်းနိုင်ရန် အဆင့်အလိုက် လျှော့ချဆောင်ရွက်ရာ၌ ၂၀၁၅ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၃၅ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၆၇ ဒသမ ၅ရာခိုင်နှုန်း အသီးသီးလျှော့ချသွားရမည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲစာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ အိပ်ချ်စီအက်ဖ်စီ သုံးစွဲမှုလျှော့ချရပ်ဆိုင်းရာတွင် အဆင်ပြေချောမွေ့စေရန် အိပ်ချ်စီအက်ဖ်စီသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးလုပ်ငန်းစီမံကိန်း (HCFCs Phase-out Management Plan-HPMP) တစ်ရပ်ကို ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

အထက်ပါကျေးဇူးများကြောင့်ပင် ကင်ဆာဖြစ်စေနိုင်သော ခရမ်းလွန်ရောင်ခြည်များဒဏ်မှ ကမ္ဘာကို ကာကွယ်ပေးနေသည့် အိုဇုန်းလွှာသည် နှစ်ပေါင်းများစွာ ပါးလွှာသွားခဲ့ပြီးနောက် ပြန်လည်ထူထဲလာသည့် ပြန်လည်ကောင်းမွန်လာသော လက္ခဏာများ တွေ့မြင်နေရကြောင်း ကမ္ဘာ့ကုလသမဂ္ဂလေ့လာမှုတစ်ခုကဆိုကြောင်း သတင်းတစ်ပုဒ်တွင် ဖတ်ရှုရပါသည်။ နောက်ထပ်သတင်းကောင်းတစ်ခုအနေဖြင့် အန္တာတိကအပေါ်တွင် နှစ်စဉ်ပေါ်လာလေ့ရှိသည့် အိုဇုန်းလွှာအပေါက်သည်လည်း ယခင်ကလို ထပ်ကြီးလာခြင်းမရှိသည်ကို သိရှိရပါသည်။ အဓိကမှာ အိုဇုန်းလွှာကို ပျက်စီးစေသော ကလိုရိုဖလူရိုကာဗွန် ဓာတ်ငွေ့များ တဖြည်းဖြည်းလျှော့ချရေးလုပ်ငန်းစဉ်များကြောင့် အိုဇုန်းလွှာ ပြန်လည်ကျန်းမာလာကြောင်း သိပ္ပံပညာရှင်များက ထင်မြင်ချက်ပေးထားပါသည်။

**အိုဇုန်းလွှာကို ထိန်းသိမ်းရန်**

- သစ်တောပြုန်းတီးမှုမှ ကာကွယ်ပါ၊
- သစ်ပင်များများ စိုက်ပါ၊
- ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းနှင့် ပတ်သက်၍ နိုင်ငံပိုင်သတင်းစာ၊ ရုပ်မြင်သံကြား အစီအစဉ်များကို အဆက်မပြတ် နားထောင်ပါ၊
- ပူပြင်းခြောက်သွေ့သော နွေရာသီနှင့် တိုက်ဆိုင်သည့် ပွဲတော်တစ်ခုဖြစ်သည့် မဟာသင်္ကြန်ပွဲတော် အခါသမယတွင် ခရမ်းလွန်ရောင်ခြည်ဒဏ်ကို အထူးဂရုစိုက်ရန်၊
- နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း နေပူထဲ သွားလာခြင်းမှ ရှောင်ရှားသင့်ပါသည်။ မဖြစ်မနေ သွားလာမည်ဆိုပါက ထီး၊ နေကာမျက်မှန်ကို ဆောင်သွားရန်၊ ခြေ၊ လက်အပိုင်း လုံခြုံသော အဝတ်အစားကို ဝတ်ဆင်ရန် လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ခရမ်းလွန်ရောင်ခြည်ဘေးမှ ကင်းဝေးစေရန် အိုဇုန်းလွှာကျန်းမာရေး ကောင်းမွန်အောင် ကမ္ဘာသူကမ္ဘာသားများက စဉ်ဆက်မပြတ်ကောင်းစွာ တီထွင်ကြံဆပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်မည်ဖြစ်ပါကြောင်း ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။




**ခရမ်းလွန်ရောင်ခြည်ဘေးမှ ကင်းဝေးစေရန် အိုဇုန်းလွှာကျန်းမာရေးကောင်းမွန်အောင် ကမ္ဘာသူ ကမ္ဘာသားများက စဉ်ဆက်မပြတ် ကောင်းစွာတီထွင်ကြံဆပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်။**



# ရေတာရှည်မြို့နယ်တွင် မိုးစပါးများရိတ်သိမ်း တစ်ဧက တင်း ၁၀၀ ကျော်ထွက်ရှိ

**ရေတာရှည် စက်တင်ဘာ ၁၅**

မိုးစပါးစိုက်ဧက ရှစ်သောင်းကျော်ရှိသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကလျှင် တင်း ၁၀၀ ကျော်ထွက်ရှိကြောင်း ဒေသခံတောင်သူများက ပြောပြသည်။ ကုန်းကြီးကျေးရွာအုပ်စု ကုန်းကြီးလမ်းဆုံအနီးတွင် ရိတ်သိမ်းလျက်ရှိသည့် ထိုင်းကောက်စပါးမျိုးမှာ ဈေးကွက်တွင် ဝယ်လိုအားကောင်းမွန်ကာ နေရောင်အနည်းငယ်သာ ပြထားသော ခြွေလှေ့ပြီးသည့် စပါးများအား တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းဈေးဖြင့် ချက်ချင်းရောင်းချရကြောင်း တောင်သူ ဦးစန်းလွင်က ပြောသည်။ မိုးစပါးများ ထွက်နှုန်းဖြိုင်၍ ရိတ်သိမ်းရပါက ရေဘေးသင့်ဒေသများနှင့် ဆန်လိုအပ်သော ဒေသများသို့ တင်ပို့ရောင်းချနိုင်ပြီး လက်ရှိတောင်သူများအတွက်လည်း ဈေးနှုန်းကောင်းမွန်၍ အကျိုးဖြစ်ထွန်းနိုင်ကြောင်း တွက်ဆခန့်မှန်းမှုများလည်းရှိသည်။

"စပါးဈေးက မနှစ်ကထက်စာရင် ဈေးပိုကောင်းတော့ တောင်သူတွေအရှုံးမရှိပါဘူး။ ထွက်နှုန်းကလည်းကောင်း စပါးဈေးပါမြင့်တက်တော့ ကျွန်တော်တို့ ချေးယူထားတဲ့ငွေတွေလည်း သတ်မှတ်ချိန်အတိုင်း ပြန်လည်ပေးဆပ်နိုင်တော့မှာပါ"ဟု ပြီစုတ်ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# ရေဘေးသင့်ဒေသရှိ ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၁၅ခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် China National Aero-Technology Import &Export Corporation,P.R of China မှအမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် Nature Lovers International Co.,Ltd. ဥက္ကဋ္ဌ ဦးအောင်ဒင်က ငွေကျပ် ၃၇၄၀၀၀၀ တို့အား လှူဒါန်းပွဲကို စက်တင်ဘာ ၁၅ ရက်တွင် နေပြည်တော်၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■



# မြောက်ဦးမြို့နယ် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် CB-KMA ဖောင်ဒေးရှင်းမှ ဆောင်ရွက်မည်

**မြောက်ဦး စက်တင်ဘာ ၁၅**

**ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း CB-KMA ဖောင်ဒေးရှင်းမှ ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ငွေကျပ်သိန်း ၂၇၀၀၀ ကျော်သုံးခဲ့မှုဂုဏ်ပြုပွဲကို စက်တင်ဘာ ၁၃ ရက်က ဆရာစံပလာဇာ၌ ကျင်းပသည်။**

နိုင်ငံတော်သမ္မတကြီး၏ တာဝန်ပေးချက်အရ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးရာတွင် စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများကို အနုပညာရှင်များနှင့် လက်တွဲဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပါရမီဆေးရုံမှ ဆရာဝန်ကြီးများနှင့် လက်တွဲဆောင်ရွက်ခြင်း၊ ရေသန့်သောက်သုံးနိုင်ရေးအတွက် အဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပေးခြင်း၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်များ၊ ကျောင်းများ ပျက်စီးခြင်းမှ အသစ်ပြန်တည်ဆောက်ပေးခြင်း၊ တစ်ဝက်တစ်ပျက် ပျက်စီးခြင်းများကို ပြန်လည်ပြင်ဆင်ပေးခြင်းနှင့် မြေနေရာဝယ်ယူပြီး ရပ်ကွက်အသစ် ဖော်ထုတ်ပေးခြင်း၊ လမ်း၊ တံတား၊ ရေမြောင်းများ ပြန်လည်တည်ဆောက်ပြင်ဆင်ပေးခြင်းကြောင့် ယခင်ရပ်ပိုင်းဆိုင်ရာ အခြေအနေထက် ပိုမိုကောင်းမွန်တဲ့ အခြေအနေဖြင့် ရပ်တည်နိုင်တော့မည်ဖြစ်ကြောင်း သိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက "ကျွန်တော်တို့အနုပညာရှင်တွေ ကိုယ်တိုင်လည်း ရန်ပုံငွေရှာတယ်။ ပြီးတော့ တစ်ပြည်လုံးမှာရှိတဲ့ တခြား ပရိသတ်တွေကိုလည်း ရေဘေးသင့် မိဘပြည်သူတွေကို စာနာထောက်ထားဖို့ လှူကြတန်းကြဖို့ အလှူတွေခံတယ်။ ဒါကတစ်နည်းအားဖြင့် ပရဟိတစိတ်ဓာတ်ကို တစ်ပြည်လုံးပျံ့နှံ့အောင် အစ်ကိုတို့က လှုံ့ဆော်တဲ့အပိုင်းနဲ့လုပ်တယ်။ ကိုယ်တိုင်ရေဘေးသင့်ဒေသတွေကို သွားရောက်လှူဒါန်းတဲ့အခါကျတော့ အခုလိုအင်အားကြီးတဲ့ လုပ်ငန်းရှင်တွေနဲ့ပေါင်းစပ်ပြီး သွားရတော့ သွားရေးလာရေး အဆင်ပြေတယ်။ နောက်ပြီးတော့ ရေဘေးသင့်ဒေသပြည်သူတွေအတွက် ကျွန်တော်တို့ ထောက်ပံ့နိုင်တာထက်ကို သူတို့က ပိုပြီး ထောက်ပံ့ပေးနိုင်တယ်။ ဒါပေမယ့်သူတို့ မထောက်ပံ့နိုင်တာကို ကျွန်တော်တို့ ထောက်ပံ့နိုင်တာကတော့ ရေဘေးသင့်ပြည်သူတွေကို စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးတာပါပဲ။ အဲဒီနှစ်ခုကို ပေါင်းစပ်ပြီးလုပ်တဲ့အခါကျတော့ ထိရောက်မှုပိုရှိပါတယ်" ဟုပြောသည်။

CB-KMA ဖောင်ဒေးရှင်းသည် ရေဘေးသင့်ဒေသ ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ၌ လိုအပ်သည်များကို လှူဒါန်းပေးခဲ့သည့်အပြင် ယခုအချိန်တွင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် မြောက်ဦးမြို့နယ်အတွင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် ပြန်လည်ထူထောင်ရေးတွင် မိမိတို့ ပါဝင်လှူဒါန်းနိုင်သော ကဏ္ဍများ၌ လှူဒါန်းလိုပါက CB-KMA ဖောင်ဒေးရှင်း ဆရာစံပလာဇာ တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၉၀၂၄၈၇၊ ၀၉-၂၆၂၀၈၇၀၈၊ ၀၉၂၆၂၀၈၇၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# ရေဘေးသင့်ဒေသများတွင် ယာယီဆေးခန်းများ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်မှစ၍ ရေထပ်မံဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်၊ ကျေးရွာပေါင်း လေးခု၊ အိမ်ခြေ ၃၆၇ ခန့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် ရွှေတောင်မြို့နယ်တို့တွင် စက်တင်ဘာ ၁၀ ရက်မှစ၍ ရေထပ်မံဝင်ရောက်ခဲ့သဖြင့် ကျေးရွာကိုးရွာ၊ အိမ်ခြေ ၇၈၀ ခန့်၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် သရက်မြို့နယ်တို့တွင် စက်တင်ဘာ ၉ ရက်မှစ၍ ရေထပ်မံဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်၊ ကျေးရွာပေါင်း ၅၃၃၊ အိမ်ခြေ ၂၈၁၇၀ ခန့် ရေဘေးသင့်ခံခဲ့ရရာ အဆိုပါရေထပ်မံဝင်ရောက်ခြင်းခံခဲ့ရသည့် ရေဘေးသင့်ဒေသများတွင် ယာယီဆေးခန်းများဖွင့်လှစ်ကာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

ရေပြန်လည်ကျသွားသော မြို့နယ်များတွင်လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် ပျက်စီးသွားသော ကျန်းမာရေးဌာနအဆောက်အအုံများ၏ စာရင်းကို စနစ်တကျ မှတ်တမ်းတင်ပြီး ပြုပြင်မွမ်းမံတည်ဆောက်ခြင်းနှင့် အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံချက်များချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရေကျပြီး နောက်ဆက်တွဲဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက စောစီးစွာသိရှိတုံ့ပြန်ဆောင်ရွက်ရေးစနစ် (Early Warning Alert and Response System) လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များ၌ စက်တင်ဘာ ၁၃ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်ဖြင့်ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ကျောင်းစိမ်းဆိုဒ်စုံနှင့် အဝတ်အထည်မျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၌ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ **(ကြေးမုံ)**

# ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်နေသော်လည်း စိုးရိမ်စရာမရှိ ရေဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြင်ဆင်ထားရှိ

**ညောင်တုန်း စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံတစ်ဝန်းလုံး၌ သဘာဝဘေးအန္တရာယ်ကြောင့် ရေဘေးခံစားခဲ့ရသော မြို့နယ်ပေါင်း ၂၂ မြို့နယ်တွင် ညောင်တုန်းမြို့တစ်မြို့ အပါအဝင်ဖြစ်ခဲ့သည်။ ယခုနှစ် မြစ်ရေကြီးမြင့်ချိန်က မြို့၏ ရေမှတ် ၂၅ ဒသမ ၈ ပေအထိ မြင့်တက်ခဲ့ပြီး မြို့၏ စိုးရိမ်ရသော ၁၂ လမ်းမြို့ပတ်တာ၊ လမ်း ၃၀ မြို့ပတ်တာ၊ အမှတ် (၁) ရပ်ကွက်၊ စံအောင်ကျောင်းရှေ့၊ အမှတ် (၅) ရပ်ကွက်၊ မြို့ပတ်တာများသည် စိုးရိမ်ရသော အရေးပေါ်နေရာများဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အင်အား၊ မီးသတ်၊ ရဲတပ်ဖွဲ့နှင့်ပြည်သူများ၏ ဝိုင်းဝန်းကာကွယ်ဆောင်ရွက်မှုကြောင့် ရေဘေးအန္တရာယ်မှ ကင်းဝေးခဲ့ရသည်။

ဧရာဝတီမြစ်ရေသည် ဒုတိယအကြိမ်မြင့်တက်လာသော်လည်း အဆိုပါနေရာများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက နေ့တာဝန်၊ ညတာဝန်များ လှည့်လည်၍ ကြီးကြပ်ကွပ်ကဲပြီး အချိန်နှင့်တစ်ပြေးညီ ကြိုတင်ကာကွယ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။


ယခုအခါ ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေကို ကျော်လွန်ကာ မြို့၏ အန္တရာယ်ရေအမှတ် ၂၄ ဒသမ ၅ ပေအထက်သို့ အနည်းငယ်ကျော်လွန်လာပြီဖြစ်သည်။ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီအချိန် တိုင်းထွာချက်အရ ၂၄ ဒသမ ၈ ပေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

■




မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ၉-၉-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ။




■ အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး(Flooding) ဝင်ရောက်နေသော ဧရိယာ

■ အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိသော ရေမျက်နှာပြင် ဧရိယာ




## ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေ မြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် နှစ်ပေခန့်ကျော်လွန်လျက်ရှိပြီး နောက် ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၅**

ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူငွေနှင့် အလှူပစ္စည်းများပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Kunming Baker Norion Pharmaceutral Co.,Ltd. (KBN) မှ တစ်ဘူးလျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၂ တန်ဖိုးရှိသည့် Paracetamol Granules ဆေးဘူးပေါင်း ၃၆၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၉၅၂ တန်ဖိုးရှိ ဆေးဝါးများကို လှူဒါန်းပါကြောင်း၊ ဘရူနိုင်းဘုရင့်နိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ လှူဒါန်းပါကြောင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် တာပေါ်လင်အစ ၂၀၀၀ နှင့် ခြင်ထောင်အလုံးပေါင်း ၁၀၀၀၀ လက်ခံရရှိထားပါကြောင်း၊ အဆိုပါ နိုင်ငံ/အဖွဲ့အစည်းများ၏ လှူဒါန်းငွေနှင့် အလှူပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




## ဧရာဝတီမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့ကြီးများ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၅**


ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ညောင်ဦးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနေပြီး ညောင်ဦးမြို့တွင်တစ်ပေခွဲခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားနိုင်ကြောင်း၊ အလားတူ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**


## ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အောက် ဆက်လက်ကျဆင်း


**နေပြည်တော် စက်တင်ဘာ ၁၅**


ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းမြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းသွားပြီး မုံရွာမြို့တွင် စိုးရိမ်ရေမှတ်အထက် တည်ရှိနေကာ ဆက်လက်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြအပ်ပါသည်။ **(သတင်းစဉ်)**













စစ်ကိုင်းတိုင်းဒေသကြီး မုံရွာနှင့် ချောင်းဦးမြို့နယ်အတွင်း ၉-၉-၂၀၁၅ ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါဓာတ်ပုံ။




■ အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး(Flooding) ဝင်ရောက်နေသော ဧရိယာ

■ အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိသော ရေမျက်နှာပြင် ဧရိယာ



## ပြန်လည်ထူထောင်ရေး

# ကပ်ဘေးအလွန်မှ ကလေးမြို့



ဆုနှင်းလဲ့

နှစ်ပေါင်းများစွာအတွင်း အဆိုးဆုံးသော ကပ်ဘေးတစ်ခုကို ကလေးမြို့သူမြို့သားတွေ ကြုံတွေ့လိုက်ရပါတယ်။ တစ်သက်နဲ့တစ်ကိုယ် တစ်ကြိမ်မှ ဒီလို ဆိုးဆိုးရွားရွား ရေကြီးရေလျှံမှုဒဏ်ကို မခံစားခဲ့ရတော့ အခုဆိုရင် ရေမြင်နေရတာနဲ့တင် ကြောက်နေကြပြီပဲဖြစ်ပါတယ်။ မိုးနည်းနည်းရွာတာနဲ့ ရေတက်တယ်ဟု သတင်းသဲ့သဲ့ ကြားတာနဲ့ စိုးရိမ်ကြောင့်ကြဖြစ်နေပြီး ညတွေကို အိပ်ပျော်နိုင်ဖို့ တော်တော်အားယူရတယ်လို့ ကလေးမြို့ခံတစ်ဦးက ပြောပါတယ်။ ဒီဖြစ်စဉ်ဟာ ဘာနဲ့တူသလဲ ဆိုတော့ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဖြစ်တော့ ဧရာဝတီနဲ့ ရန်ကုန်ဒေသတွေဟာ မုန်တိုင်းဒဏ်အလူးအလဲခံစားခဲ့ရပြီး ဧရာဝတီတိုင်းဒေသကြီးမှာဆိုရင် ပင်လယ်ဒီရေဖုံးလွှမ်းလို့ အသက်ပေါင်းများစွာ၊ အိုးအိမ်စည်းစိမ်ပေါင်းများစွာပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ရန်ကုန်ဆိုရင်လည်း မြို့ပျက်ကြီးသဖွယ်ဖြစ်ခဲ့ပြီး နေအိမ်တွေပျက်စီးခဲ့ကာ သစ်ပင်ပေါင်းများစွာ ပျက်စီးခဲ့ရပါတယ်။ ဒီလို သဘာဝဘေးအန္တရာယ်ကြီးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ပြီးတဲ့အခါ လူတွေရဲ့ကြောက်ရွံ့ထိတ်လန့်မှုတွေ၊ စိုးရိမ်သောကတွေလျော့ကျမသွားဘဲ လေနည်းနည်းတိုက်တာနဲ့၊ မိုးသည်းထန်စွာရွာတာနဲ့ မုန်တိုင်းဖြစ်စဉ်တုန်းကဟာတွေကို သတိရပြီး ကြောက်စိတ်တွေသာဖြစ်ပေါ်လာပါတော့တယ်။ အလားတူပဲ အခုလို ရေဘေးဒုက္ခတွေကို အကြီးအကျယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ကလေးဒေသမှာ ဒေသခံတွေဟာ မိုးရွာတာနဲ့ ကြောက်နေကြပါပြီ။ ရေကြီးမလား၊ မြေပြိုမလား၊ တောင်ကျရေလားဆိုတာတွေနဲ့ အဆင်သင့်အနေအထားကို အမြဲပြင်ဆင်ထားပြီး လွတ်ရာကို ပြေးဖို့သည်သာ အကောင်းဆုံးဆိုသည့် ဆိုဆုံးမစကားနဲ့ အညီ ဘေးလွတ်ရာကို ပြေးဖို့ အဆင်သင့် ပြင်ထားကြပါတယ်လို့ မြို့ခံများက ဆိုပါတယ်။

အခုဆိုရင် ကလေးဒေသမှာ ရေကြီးနစ်မြုပ်မှုဘေးဒဏ်တွေ ခံစားခဲ့ရတာ တစ်လကျော်သွားတဲ့အခါမှာ မြို့ပေါ်တွေမှာ ပုံမှန်အခြေအနေ ပြန်ရောက်ဖို့မနည်းကြိုးစားနေကြရပြီး ကျေးလက်ဒေသတွေမှာတော့ ရုန်းကန်နေရဆဲပဲဖြစ်ပါတယ်။ ကလေးမြို့ရဲ့ အနောက်ဘက်လို့ ခေါ်မယ့် လေယာဉ်ကွင်းနေရာလောက်သာ ရေကြီးနစ်မြုပ်မှုက ကွင်းဝေးခဲ့ပြီး အဲဒီအချက်ကပဲ ကလေးဒေသကို စားနပ်ရိက္ခာအခက်အခဲ၊ ဆေးဝါးအခက်အခဲနဲ့ ကုန်စျေးနှုန်း အဆမတန်ကြီးမြင့်မယ့် အခက်အခဲတွေကနေ ကယ်တင်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ လေကြောင်းပို့ဆောင်ရေးတစ်ခုသာ ရှိတော့တဲ့အခြေအနေမှာ လေကြောင်းပို့ဆောင်ရေးသာ ရပ်ဆိုင်းသွားပါက မတွေးဝံ့စရာအခြေအနေပဲဖြစ်ပါတယ်။ ဒီအခြေအနေမှာ လေကြောင်းပို့ဆောင်ရေးကိုရပ်ဆိုင်းမသွားအောင် ဆောင်ရွက်ခဲ့တဲ့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနဲ့ ကလေးဒေသကိုကူညီကယ်ဆယ်ထောက်ပံ့ခဲ့တဲ့ ပြည်တွင်းလေကြောင်းလိုင်းတွေ၊ ပရဟိတအဖွဲ့တွေ၊ သက်ဆိုင်ရာဌာနတွေနဲ့ တပ်မတော်လေယာဉ်တွေရဲ့ကယ်ဆယ်ရေးအထောက်အပံ့တွေက ပံ့ပိုးနိုင်ခဲ့တယ်ဆိုရမှာပါ။ ဒီလိုအခြေအနေတွေကို ဖြတ်ကျော်ပြီးလို့ ပြန်လည်ထူထောင်ရေးတွေဆောင်ရွက်ကာ ကျောင်းတွေဖွင့်၊ ရုံးတွေဖွင့်၊ စျေးဆိုင်တွေပြန်ဖွင့်၊ လုပ်ငန်းတွေလည်ပတ်နဲ့ ထူထူထောင်ထောင်ဖြစ်အောင် လုံးပန်းခဲ့ကြပေမယ့် ကလေးမြို့ပေါ်အခြေအနေမှာတောင် အတော်လေးကို ရုန်းကန်နေရဆဲ အနေအထားတွေပဲဖြစ်ပါတယ်။

ရေမြုပ်ခဲ့တဲ့ အိမ်တိုင်းလိုလိုဟာ နုန်းတွေတင်ကျန်ရစ်ခဲ့တာမို့ အိမ်တွေကို သန့်ရှင်းရေးလုပ်ဖို့၊ နုန်းတွေရှင်းဖို့၊ အိမ်ပြန်ပြင်ဆောက်ဖို့ကို လုံးပန်းရပြန်ပါတယ်။ တစ်မြို့လုံးနီးပါး ပြန်လည်ပြင်ဆင်ဆောက်လုပ်ရတဲ့အနေအထားမှာ အိမ်ဆောက်ပစ္စည်းတွေရဲ့ စျေးကလည်း ထိုးတက်သွားပြန်ပါတယ်။ ရေမော်တာတွေဆိုရင်လည်း အရင်ထက်စျေးတက်ကုန်ပြီး ဒေသခံတွေ အားထားအသုံးပြုနေတဲ့ ဆိုလာတွေရဲ့စျေးဟာလည်း တက်သွားပါတယ်။ နာဂစ်မုန်တိုင်းတုန်းကလို ဒုက္ခတွေရောက်နေချိန်မှာ ဝိသမလောဘသား စီးပွားရှာ ခေတ်ပျက်သူဌေးတွေကတော့ အခုလည်းရှိနေဆဲပါပဲ။ တချို့ မဖြစ်မနေပြင်ဆင်ရတဲ့ အိမ်တွေကို ပြင်ဆင်နေကြပြီး တချို့ကလည်း ရှင်းလင်းရေးကိုပဲ အဓိကထားလုပ်နိုင်ပါသေးတယ်။ တစ်လကြာပြီဆိုပေမယ့် အခုထိ အသားမကျသေး၊ ပြင်လို့ မဆုံးသေး၊ ရှင်းလို့မဆုံးသေးတဲ့အပြင် အောက်တိုဘာလလောက်မှာ ရေကြီးမှုတစ်ကြိမ် ကြုံတွေ့နိုင်သေးတယ်ဆိုတဲ့ ခန့်မှန်းသုံးသပ်မှုတွေအရ ရေမြုပ်လို့ ညစ်ပတ်သွားတဲ့အိမ်တွေကို လိုအပ်သလောက်သာပြင်ဆင်ပြီး နောက်တစ်ကြိမ် ရေကြီးမလား စောင့်ကြည့်မှုများနဲ့အတူ ပြင်ဆင်ဖို့ကို စောင့်ဆိုင်းနေကြပါသေးတယ်။

"ရေတက်လာတဲ့အချိန်မှာ ဘာမှမယူနိုင်ဘူး။ ကြောင်လေးတွေကို ဘေးလွတ်လောက်တဲ့ အိမ်အပေါ်ထပ်ကို တင်ထားခဲ့ပြီး ခွေးလေးတွေကိုတော့ ခေါ်သွားနိုင်ခဲ့တယ်။ လူတွေတောင် လွတ်အောင်မနည်းပြေးရတော့ တိရစ္ဆာန်လေးတွေကို အကုန်ပါအောင် မခေါ်နိုင်ခဲ့ဘူး။ အဲဒီအတွက် စိတ်ထဲလုံးဝမကောင်းသလို အသက်ဘေးမှ လွတ်ပါ့မလား စိုးရိမ်နေရတယ်။ အိမ်ကတော့ ရှင်းလို့လင်းလို့ မဆုံးနိုင်သေးပါဘူး။ စာရွက်စာတမ်း၊ စာအုပ်တွေ အကုန်ရေစို၊ အဝတ်အထည်တွေ၊ စောင်၊ ခြင်ထောင်တွေ အကုန် ရေစို၊ အိမ်ထဲက ရွှံ့ညွှန်တွေဆိုတာ မီးသတ်ပိုက်ငှားပြီးတော့ကို ဆေးချရတယ်။ အဲဒါကလည်း ငှားခက စျေးမသက်သာဘူး။ အိမ်တိုင်းလိုလို လုပ်ရတဲ့ ဒုက္ခပေါ့။ တချို့အိမ်တွေကတော့ ဆေးတွေဘာတွေ ပြန်သုတ်ကြတယ်။ အစ်မတို့ကတော့ စောင့်ကြည့်ဦးမယ်။ အခုဆိုရင် အရေးအကြောင်းဆိုရင် လိုအပ်တာတွေယူပြီး ပြေးဖို့ ပြင်ဆင်ထားတယ်။ ကြောင်လေးတွေအတွက်လည်း ခြင်းတောင်းတွေ လုပ်ထားပြီး ဒီတစ်ခါ လုံးဝမထားခဲ့နိုင်ဘူး။ အပါရအောင် ခေါ်သွားမယ်"ဟု ကလေးမြို့နေ မကလျာက ပြောပါတယ်။

လက်ရှိတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာအပြင် ဒေသခံပရဟိတအဖွဲ့သားတွေ၊ အခြားပရဟိတအဖွဲ့တွေနဲ့ ဖောင်ဒေးရှင်းတွေကလာရောက်ဆောင်ရွက်နေကြပေမယ့် ကလေးဒေသ ပတ်ဝန်းကျင်က စိုက်ပျိုးရေးကောင်းခဲ့တဲ့ လယ်ကွင်းတွေမှာ နုန်းတွေနဲ့ ပြည့်နှက်သွားတာမို့ စပါးစိုက်ပျိုးဖို့ အခက်အခဲကရှိနေဆဲဖြစ်ပါတယ်။ ဒီအတွက် ဒေသခံတွေက လေ့လာသုံးသပ်မှုတွေ လုပ်နေပြီး အခြားသော သီးနှံတွေ၊ ပဲစိုက်ပျိုးခြင်းတွေ အစားထိုး စိုက်ပျိုးနိုင်ရန်ကိုလည်း ဆောင်ရွက်ရန်ရှိတယ်လို့ သိရပါတယ်။ ပြန်လည်ထူထောင်ရေးကာလဟာ အင်မတန်အရေးကြီးတာမို့ နိုင်ငံတော်ကလည်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွေကို ကျင်းပနေပြီး မူလအခြေအနေထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် ညွှန်ကြားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ တကယ်တော့ စိုက်ပျိုးရေးကောင်းပြီး စိုက်ပျိုးရေးအခြေခံထားတဲ့ တိုင်းဒေသကြီးပြည်နယ်တွေမှာဆိုရင် စိုက်ပျိုးရေးကဏ္ဍ ထူထူထောင်ထောင်ဖြစ်ဖို့ ပံ့ပိုးကူညီဆောင်ရွက်တာဟာ အထိရောက်ဆုံးနဲ့ အကောင်းဆုံး ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ဖြစ်သလို မွေးမြူရေးကဏ္ဍကို အားထားတဲ့နေရာဒေသတွေမှာဆိုရင် မွေးမြူရေးကဏ္ဍကို အကောင်းဆုံး ထောက်ပံ့ကူညီဆောင်ရွက်ရမှာပါ။ အခြားသော လိုအပ်ချက်တွေကိုလည်း နိုင်ငံတော်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ကျယ်ကျယ်ပြန့်ပြန့် မျှဝေဖြည့်ဆည်းရင်း အနာဂတ်မှာ မူလထက်ကောင်းမွန်တဲ့အခြေအနေကို ရောက်ရှိသွားမှာဖြစ်ပါတယ်လို့ ဒေသခံတွေက ဆိုပါတယ်။

"ကျွန်တော်တို့အနေနဲ့ အလှူရှင်တွေရဲ့ ပံ့ပိုးမှုတွေနဲ့ ပဲတီစိမ်းမျိုးတွေ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ပေးနိုင်ဖို့ကိုလည်း ကြိုးစားနေပါတယ်။ ကျွန်တော်တို့က ဒေသခံဖြစ်တဲ့အတွက် ဘယ်နေရာမှာဘာဖြစ်တယ်၊ ဘာလိုအပ်တယ်ဆိုတာကို ကူညီဆောင်ရွက်ပေးဖို့ အသင့်ပါပဲ။ ကျွန်တော်တို့နဲ့ မပူးပေါင်းဘဲ သီးသန့်လုပ်ချင်သူတွေကိုလည်း ကြိုဆိုပါတယ်။ အဓိကကတော့ ဒေသဖွံ့ဖြိုးဖို့ပါပဲ။ ဘယ်သူလုပ်လုပ်ပါ။ စိုက်ပျိုးရေးကောင်းတဲ့နေရာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်တဲ့အခါ စိုက်ပျိုးရေးကဏ္ဍကို အဓိကထား လုပ်ပေးနိုင်ဖို့လိုပါတယ်။ ဒီလိုပါပဲ မွေးမြူရေးဆိုလည်း အတူတူပါပဲ။ ခိုင်းနွားတွေ ကျန်းမာဖို့၊ အစာရေစာလိုအပ်ချက်ဖြည့်နိုင်ဖို့က ဒီမှာက စားကျက်တွေ မရှိတော့ဘူး။ အစာစရိတ်ကလည်း လျှုတဲ့သူရှိပေမယ့် သယ်စရိတ်မြင့်လို့ အစာတစ်အိတ်ရဲ့စျေးထက် တစ်အိတ်သယ်ခစျေးက ပိုမြင့်နေတယ်။ ခိုင်းနွားတွေကလည်း မရှိမဖြစ်လိုအပ်နေတုန်းပဲဆိုတော့ ဒီ ကျွဲ၊ နွားတွေရဲ့ အနာဂတ်ကလည်း အရေးကြီးပါတယ်။ လိုအပ်ချက်တွေကတော့ အများကြီးပဲပေါ့ဗျာ။ ကျွန်တော်တို့ ပရဟိတအဖွဲ့တွေ၊ အရပ်ဘက်အဖွဲ့တွေဆိုတာကတော့ ဖြစ်လာရင် ချက်ချင်းထလုပ်လို့ရတယ်၊မြန်တယ်ဆိုပေမယ့် အစိုးရအဖွဲ့အစည်းတွေလို စနစ်ကျမှု၊ စီမံခန့်ခွဲမှု ထိရောက်တာ ရှိချင်မှရှိမှာပါ။ ဒါကြောင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်တဲ့အဖွဲ့တွေနဲ့ နိုင်ငံတော်အစိုးရ ပေါင်းစပ်ဆောင်ရွက်မယ်ဆိုရင် ထိရောက်ကောင်းမွန်မယ်လို့ မြင်ပါတယ်။ တကယ်ကို အားကောင်းတဲ့ လုပ်နိုင်တဲ့ ပရဟိတအဖွဲ့တွေလည်းရှိတယ်၊ နိုင်ငံတော်ကလည်း လိုအပ်တာကို ပံ့ပိုးကူညီမယ်၊ စီမံခန့်ခွဲမှုတွေ ပေါင်းစပ်လုပ်ပေးမယ်ဆိုရင် လိုအပ်တဲ့နေရာကို လိုအပ်သလို ဖြန့်ဝေဆောင်ရွက်နိုင်မှာပါ။ တကယ်ကိုပီပြင်တဲ့ ပြန်လည်ထူထောင်ရေးကြီးဖြစ်သွားပြီး မူလထက်ပိုမိုကောင်းမွန်သွားမှာပါ" ဟု ကလေးလွင်ပြင် ပရဟိတအဖွဲ့မှ ကိုသန့်ဇင်လင်းက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ဟာ အချက်အချာကျ၍ စီးပွားရေးကောင်းသော နေရာဒေသတစ်ခုတွင် ရှိနေပြီး အိန္ဒိယနယ်စပ်နှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင်လည်း အချက်အချာမြို့တစ်မြို့လို ဖြစ်နေပါတယ်။ မြစ်ချောင်းများရှိ၍ ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်မှုကြောင့် ဆယ့်နှစ်ရာသီပတ်လုံး သီးနှံစိုက်ပျိုးမှု ပြုလုပ်နိုင်တယ်လို့ သိရပါတယ်။ မြို့ငယ်လေးတစ်မြို့ဖြစ်သော်လည်း စီးပွားရေးကောင်းတဲ့အတွက် ချောင်ချောင်လည်လည်ရှိကြတယ်လို့ မြို့ခံတွေက ဆိုပါတယ်။ သို့သော်လည်း သစ်တောများပြုန်းတီး၊ မြစ်ချောင်းများ တိမ်ကောလာခြင်းနဲ့အတူ ရာသီဥတုဆိုးရွားမှုက သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာကာ တောင်ပေါ်မှ ကျဆင်းလာတဲ့ရေတွေကို ထိန်းသိမ်းပေးမယ့် သစ်ပင်သစ်တောများမရှိတော့တဲ့အတွက် ယခုကဲ့သို့ ဆိုးရွားစွာ ရေကြီးရေလျှံမှုနှင့် ကြုံတွေ့ခဲ့ရပြီး မြေဆီမြေနှစ်များ ပျက်စီးကာ နောင်လာမည့်နှစ်များမှာ ယခုထက်ပိုမိုဆိုးရွားတဲ့ သဘာဝဘေးဒဏ်များနဲ့ ကြုံတွေ့ရမည်ကို ဒေသခံများက အစိုးရိမ်ကြီး စိုးရိမ်နေကြခြင်းပဲဖြစ်ပါတယ်။ အထူးသဖြင့် နောင်လာမည့်နှစ်များထက် တတိယအကြိမ် ရေကြီးနိုင်မှုဖြစ်စဉ် လာမည့် အောက်တိုဘာလအတွင်း လက်ရှိကဲ့သို့ (သို့မဟုတ်) လက်ရှိထက် ပိုမိုဆိုးရွားတဲ့ဖြစ်စဉ် ဖြစ်ပေါ်လာမှာကို စိုးရိမ်ကြောက်ရွံ့နေကြပါတယ်။ ယခုလို စိုးရိမ်မှုတွေကို ဖြေဖျောက်နိုင်ဖို့အတွက် ခိုင်လုံတဲ့အာမခံချက်ပေးမှုတွေ လိုအပ်နေပြီး မူလထက် ပိုမိုကောင်းမွန်စေမယ့် ထိရောက်တဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအပြင် နောင်လာမည့်ဘေးအန္တရာယ်များအတွက် မဖြစ်ခင်ကပင် ကြိုတင်ပြင်ဆင်မှု၊ ဖြစ်ပေါ်လာသည့်အခါ ချက်ချင်းထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မှုတွေကို လိုအပ်မှာပဲဖြစ်ပါတယ်။ ဒါမှသာ ကလေးဒေသခံတွေဟာ သူတို့နှစ်ပေါင်းများစွာ သံယောဇဉ်ထား နေထိုင်လာခဲ့တဲ့ နေအိမ်တွေကို မစွန့်ခွာဘဲနေထိုင်နိုင်ကြမှာဖြစ်ပါတယ်။ နာဂစ်မုန်တိုင်းကြောင့် မုန်တိုင်းဒဏ်ခံ ဒေသခံများစွာ နေရပ်ဒေသများကို စွန့်ခွာခဲ့ကြပေမယ့် မြန်မာနိုင်ငံအထက်ပိုင်း ရေကြီးရေလျှံမှုဖြစ်စဉ်တွေဟာ နာဂစ်နဲ့ အလားသဏ္ဌာန်မတူညီပေမယ့် ပျက်စီးထိခိုက်လာတဲ့ သဘာဝပတ်ဝန်းကျင်ကြောင့် ပိုမိုဆိုးရွားတဲ့ သဘာဝဘေးဒဏ်တွေကို ခံစားလာရမှာ ကြောက်ရွံ့နေကြပါတယ်။ ဒါကြောင့်ရေမြုပ်ခဲ့တဲ့နေရာတွေက အိမ်စျေး၊ မြေစျေးတွေ ထိုးကျသွားခဲ့ပြီး ဒီဒေသမှာ နှစ်ရှည်လများ နေထိုင်ခဲ့ကြတဲ့ ဒေသခံတချို့ဟာ ပိုမိုလုံခြုံမှုပေးနိုင်မယ်လို့ ယူဆတဲ့ အရပ်ဒေသတွေကို ရွှေ့ပြောင်းအခြေချဖို့ စဉ်းစားမှုတွေရှိလာတယ်လို့ သိရပါတယ်။

သို့သော်လည်းအဆိုးထဲကအကောင်းလို့ ယူဆနိုင်တဲ့ ပြန်လည်ထူထောင်ရေးသာ မူလထက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါက ယခင်ဖွံ့ဖြိုးမှုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာပဲဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေဆိုတာလည်း ပြည်သူလူထုအကြား အသိပညာ စိမ့်ဝင်ပျံ့နှံ့အောင် ဆောင်ရွက်ဖို့ အကောင်းဆုံးအချိန်အခါလည်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကလေးမြို့အပါအဝင် ရေဘေးဒုက္ခတွေ၊ မြေပြို၊ အိမ်ပျက်စီး ဒုက္ခတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့အခါ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ တစ်သားတည်းစိတ်ဓာတ်ဖြစ်သွားပြီး ခရီးအဝေးကြီးမှ တိုင်းရင်းသားများကလည်း ရေဘေးအတွက် လာရောက်ကူညီကယ်ဆယ်တာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားများ အခက်အခဲ ဒုက္ခများ တွေ့ကြုံချိန်မှာ နိုင်ငံအတွင်းမှာရှိတဲ့ ဘာသာလူမျိုးမခွဲခြားဘဲတိုင်းရင်းသား၊ နိုင်ငံသားများသာမက၊ ပြည်ပရောက် မြန်မာများရဲ့ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအပေါ် ပြန်လည်သတိရကြည့်ရှုစောင့်ရှောက်တဲ့ ဝမ်းသာစရာအချက်တွေဟာ နိုင်ငံအတွင်း ပြန်လည်ထူထောင်ရေးတွေမှာ စနစ်တကျအသုံးချတတ်မယ်ဆိုရင်၊ အားလုံးရဲ့ တူညီသော ဘုံရည်မှန်းချက်ကိုသာ စည်းစည်းလုံးလုံး ရှေ့ဆက်သွားမယ်ဆိုရင် ကလေးလွင်ပြင်သာမကပါဘူး၊ ရေဘေးသင့်ဒေသတွေအားလုံးရဲ့ ပြန်လည်ထူထောင်ရေး၊ နိုင်ငံတကာအလယ်မှာ ဝင့်ကြွားနိုင်ဖို့ မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးကြီးနဲ့ ပြောင်းလဲမှုကြီးဟာ အသက်ဝင်ပေါ်လွင်လာမှာပဲဖြစ်ပါတယ်။ ॥

### ❖ချင်းတွင်းမြစ်ရေမှ

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက်မြို့ရွာများ၏စိုးရိမ်ရေအမှတ်သို့ ဒုတိယအကြိမ်မြောက်ရောက်ရှိခဲ့ရာ ခရီးသွားပြည်သူများ၊ ကုန်စည်များသွားလာစီးဆင်းမှုတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိက ရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီက စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ ကုန်တင်ရေယာဉ်များ၊ လူစီးအမြန်ရေယာဉ်များ ခရီးစဉ်ပြေးဆွဲခြင်းကို ယာယီရပ်နားထားခဲ့ခြင်းဖြစ်သည်။

ခရီးသွားပြည်သူတစ်ဦးကလည်း "ကျွန်တော်တို့အဖွဲ့တွေ မုံရွာကို ဟုမ္မလင်းကနေ စျေးဝယ်ဆင်းလာတာပါ။ စျေးဝယ်ပြီးလို့ ပြန်မယ့်ရက်လည်းရောက်ရော အမြန်ရေယာဉ်လိုင်းတွေ ပိတ်သွားလို့ ဟုမ္မလင်းကို မပြန်နိုင်တော့ဘဲ ဒီမှာ စောင့်နေတာပါ။ ကိုယ့်မြို့ ကိုယ့်ရွာမဟုတ်တော့ စားစရိတ်၊ တည်းစရိတ် ကုန်ကျမှုတွေရှိတယ်။ မုံရွာမှာတင် ၁၂ ရက် လောက် စောင့်လိုက်ရတယ်။ ဝယ်ထားတဲ့ကုန်တွေက ကုန်ခြောက်တွေမို့တော်သေးတယ်။ တစ်ရက်ဖွင့်နိုးနိုး တစ်ရက်ဖွင့်နိုးနိုးနဲ့ စောင့်နေရတာပါ။ မနက်ဖြန်မနက်ဆို အမြန်ယာဉ်တွေ ထွက်တော့မယ်။ ရေယာဉ်လက်မှတ်မရမှာစိုးလို့ သုံးရက်လောက် လက်မှတ်ကြိုဖြတ်ထားရတယ်။ မုံရွာကနေ အထက်တက်မယ့်သူတွေ တော်တော်များပါတယ်။ အထက်ပိုင်း မြို့တွေမှာလည်း ရေကတော်တော်ကျနေပြီလို့ကြားတယ်။ ဝမ်းသာပါတယ်ဗျာ မနက်ဖြန်ဆို ကိုယ့်မြို့ ကိုယ့်ရွာကို ပြန်ရတော့မယ်။ ရေယာဉ်လိုင်းတွေ ပိတ်နေတာနဲ့ မိသားစုတွေ တစ်ပတ်ကျော်လောက် ခွဲခွာနေရပါတယ်"ဟု ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၆ ရက်တွင် MGRG ဂိတ်မှ အမြန်ရေယာဉ်သုံးစင်းနှင့် အခြားဂိတ်များမှလည်း တစ်ပြိုင်တည်း ပြေးဆွဲကြမည်ဖြစ်ကာ စီးနင်းလိုက်ပါမည့် ခရီးသည်များလည်း များပြားကြောင်းသိရပြီး တာဝန်ရှိသူများကလည်း ရေပြန်လည်ကျဆင်းနေပြီဖြစ်၍ အမြန်ရေယာဉ်များ ပြန်လည်ပြေးဆွဲရာတွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

တစ်ကမ္ဘာလုံးဆိုင်ရာ မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ဥရောပငွေကြေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအဖွဲ့မှ အာရှဒေသဆိုင်ရာ စီအီးအို မစ္စတာတိုနီရှေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းဆိုင်ရာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က ရှင်းလင်းပြောကြားသည်။

အဆိုပါဖိုရမ်၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍ၊ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ ကုန်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန်ကာလစသည့် ကဏ္ဍများကို ပြည်တွင်းပြည်ပစီးပွားရေးပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ၊ စိတ်ပါဝင်စားသူများက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

"ဒီဖိုရမ်က နိုင်ငံရဲ့နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာစေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံနိုင်မယ့် ပတ်ဝန်းကျင်ကောင်းတွေကို သိရှိလိုတဲ့အတွက် လာရောက်ကြတာ ဖြစ်ပါတယ်" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမာလာမျိုးညွန့်က ပြောသည်။

နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးဒေါက်တာအောင်ထွန်းသက်က "မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ ရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲအလွန်ကာလတွေမှာ စီးပွားရေးနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုတွေကို သိချင်နေကြပါတယ်။ ဒီဖိုရမ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ကိုယ့်နိုင်ငံရဲ့ အနေအထားသိအောင် ဖန်တီးပေးတာဖြစ်ပါတယ်"ဟု ပြောသည်။




ထို့ပြင် "နိုင်ငံခြားသားတွေ ကိုယ့်နိုင်ငံမှာလာပြီး ရင်းနှီးမြှုပ်နှံချင်လာအောင် ဆောင်ရွက်ပေးရမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာရင် အရင်းအနှီး၊ ဈေးကွက်နဲ့ နည်းပညာ အရေးအကြီးဆုံးက စီမံခန့်ခွဲမှုပုံစံတွေပါလာမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေရှိမှ နိုင်ငံတိုးတက်မှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်သုံးသပ်ပြောကြားခဲ့သည်။

အဆိုပါဖိုရမ်ကို နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးပညာရှင်များ တစ်ထောင်ကျော် တက်ရောက်ခဲ့ကြပြီး စက်တင်ဘာ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(နန္ဒာဝင်း)**



ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (၃၀) ရပ်ကွက် ပန်းဝါလမ်း အမှတ် (၃၁) နေ ဦးစိုးအောင်-ဒေါ်ခင်အေးမော် မိသားစုက ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရဆွမ်း၊ ဆေး၊ နဝကမ္မဘက်စုံငွေပဒေသာပင် ငွေကျပ် ၇၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်သန်း လက်ခံယူစဉ်။ **(ကြေးမုံ)**

# အမျိုးသမီးများနှင့် မိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အမျိုးသမီးများနှင့်မိသားစုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာများကို ဘဝတစ်သက်တာ အသုံးချနိုင်ရန် ရေရှည်အတွက်ရည်ရွယ်ပြီးဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပရာ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင် တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ မေစိုးဦးနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့်အဖွဲ့ဝင်များ၊ ဒက္ခိဏခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်နှင့်အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမေစိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်နှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများအသီးသီးချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက သင်တန်းနည်းပြဆရာမအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အတွင်းရေးမှူး ဒေါ်မီမီစိုးက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် အဆင့်မြင့်စက်ချုပ်သင်တန်း(၁/၂၀၁၅) သင်တန်းတွင် တက်ရောက်ခဲ့ကြသည့် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်နှင့်အဖွဲ့သည် သင်တန်းသူများ၏ သင်တန်းကာလတွင် ချုပ်လုပ်ထားသည့် အဝတ်အထည်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(သန့်မောင်)**

# လူကုန်ကူးမှုဆိုင်ရာများ ဟောပြောဆွေးနွေး

**ပျော်ဘွယ် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က ပျော်ဘွယ်မြို့ ရွှေပြည်ရန်ထောင်ရပ်ကွက် (အထက-၁)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းငွေးဦးက လူကုန်ကူးမှုဆိုင်ရာများကိုလည်းကောင်း၊ ပျော်ဘွယ်မြို့ဥပဒေအရာရှိ ဒေါ်လှိုင်သဇင်က လူကုန်ကူးမှုဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်ကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဦးစံထွန်းက လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်သော အတွေ့အကြုံများကိုလည်းကောင်း အသိပညာပေးပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အင်အား ၂၅၀ တက်ရောက်ခဲ့သည်။ **(ကြေးမုံ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်

**ဝေါ စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ဝေါမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ယုနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်အေးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ထို့နောက် ဝေါမြို့နယ်အတွင်းရှိ ကျိုက်လှကျေးရွာ၊ ဇီးဖြူကုန်းကျေးရွာ၊ ကျုံရဲ့ကျေးရွာ၊ ညောင်ကိုင်း ကျေးရွာ၊ မြောက်သငှေးကုန်းကျေးရွာ၊ ဝိုင်းပတ်ကျေးရွာ၊ လက်ပန်ကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီ ရန်ပုံငွေ လွှဲပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




## ❒ မြန်မာနှင့် ထိုင်း

အမျိုးသမီးပြိုင်ပွဲဗိုလ်လုပွဲတွင် မြန်မာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုရရှိထားသည်။ မြန်မာအမျိုးသမီးအသင်းနှင့် ထိုင်းအမျိုးသမီးအသင်းတို့သည် ယခုခြေစစ်ပွဲကျင်းပနေသည့် မန္တလာသီရိကွင်း၌ ဒုတိယအကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပထမအကြိမ်တွေ့ဆုံခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲ ဆီမီးပွဲစဉ်တွင် မြန်မာအသင်းမှာ ပင်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ခဲ့သည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းမှာ ယနေ့ပွဲ၌ ထိုင်းအသင်းကို ရှုံးကြွေးပြန်ဆပ်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းအတွက် တတိယအဆင့်ခြေစစ်ပွဲတက်ရောက်ရန် အရေးပါသည့် ထိုင်းအသင်းနှင့်ပွဲတွင် ရလဒ်ကောင်းရရှိရန် လိုအပ်နေပြီး မြန်မာဘောလုံးပရိသတ်၏ အားပေးမှုမှာ အရေးပါလျက်ရှိသည်။ မြန်မာအသင်း ထိုင်းကို ရှုံးကြွေးပြန်ဆပ်နိုင်ရန် မန္တလေးမြို့မှ မြန်မာဘောလုံးပရိသတ်များ၏ ကွင်းလုံးပြည့်အားပေးရန် လိုအပ်နေပေသည်။

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

ပြည်တွင်းရေးရာ

# ယခုနှစ်တွင် ပြည်ပဧည့်သည် ငါးသန်းအထိ လာရောက်မည်ဟုခန့်မှန်း

**နေပြည်တော် စက်တင်ဘာ ၁၅**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ Summit Parkview Hotel တွင် ကျင်းပသော ဟိုတယ်တိုးချဲ့ဆောင် ဆောက်လုပ်ရေး ပန္နက်ချမင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မင်္ဂလာအချိန်ကျရောက်ချိန်၌ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဟိုတယ်တိုးချဲ့ တည်ဆောက်မည့် နေရာသို့သွားရောက်၍ ပန္နက်ချမင်္ဂလာ အခမ်းအနားအား ကျင်းပသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟိုတယ်အတွင်းရှိ Ballroomတွင် ကျင်းပသော အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် "Best in Travel AEC Country" ဆုနှင့် TTG Travel Awards 2015 ဆုဖြစ်သော "Destination of the year Award " ဆုများလည်း ရရှိထားပါကြောင်း၊ ဟိုတယ်လုပ်ငန်းများဖွံ့ဖြိုးလာသည်နှင့်အညီ အပြည်ပြည်ဆိုင်ရာ Hotel Chain များမှလည်း စိတ်ဝင်စားမှုရှိလာပြီး လာရောက်ဆက်သွယ်လုပ်ကိုင်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ ပြည်ပခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ရာနေရာအများအပြားရှိပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားစေမည့် ခရီးစဉ်များ ဖော်ထုတ်လျက်ရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ပြည်ပဧည့်သည် ၃ ဒသမ ၀၈ သန်း ဝင်ရောက်ခဲ့ပြီး ယင်းတို့အနက် ၁ ဒသမ ၂ သန်းမှာ အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်တွင်ပြည်ပဧည့်သည် ငါးသန်းအထိ လာရောက်ရန် ခန့်မှန်းထားပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်း ရင်းနှီးမြှုပ်နှံမှုအသစ်များအား အမြဲကြိုဆိုလျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူများ၏ အခက်အခဲများကိုလည်း ကူညီပေးရန် အသင့်ရှိပါကြောင်း၊ ယခုကဲ့သို့ Summit Parkview Hotel မှ ဟိုတယ်တိုးချဲ့ဆောက်လုပ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းအား ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စင်ကာပူနိုင်ငံ System Bilt Myanmar Company Ltd ၏ တာဝန်ရှိသူများက ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဟိုတယ်သမိုင်းကြောင်းအား ရှင်းလင်းတင်ပြကြသည်။ Summit Parkview Hotel အား ၁၉၉၃ ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် စင်ကာပူနိုင်ငံ System Bilt Myanmar Company Ltd တို့ B.O.T စနစ်ဖြင့် စာချုပ်ချုပ်ဆို တည်ဆောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် အခန်းပေါင်း ၁၇၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ လက်ရှိအခန်း ၂၅၁ ခန်းဖြင့် ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ အခန်း ၁၅၇ ခန်းပါဝင်သော တိုးချဲ့ဆောင်အား နှစ်နှစ်ဖြင့် အပြီးတည်ဆောက်မည်ဟု သိရသည်။ အခန်းများအားလုံး နိုင်ငံတကာအဆင့်မီ တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ မဲစာရင်းများကွင်းဆင်းကြည့်ရှု

**ဝိုင်းမော် စက်တင်ဘာ ၁၅**

မြစ်ကြီးနားခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဝိုင်းမော်မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကြည်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးချမ်းငြိမ်းအောင်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားခရိုင် ဆဒုံးနှင့် ကံပိုက်တီးမြို့ နယ်များအတွင်းရှိ ရပ်ကွက်/ကျေးရွာကော်မရှင် အဖွဲ့ခွဲရုံးများသို့ မဲဆန္ဒရှင်စာရင်းများ ပြင်ဆင်/ဖြည့်စွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

ရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆဒုံးမြို့နယ်အတွင်းရှိ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးငါးခုနှင့် ကန်ပိုက်တီးမြို့နယ်အတွင်းရှိ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးလေးခုသို့ သွားရောက်၍ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယခုတစ်ကြိမ် မဲစာရင်းထုတ်ပြန်ခြင်းသည် နောက်ဆုံးအကြိမ်ဖြစ်၍ မဲဆန္ဒရှင်ပြည်သူများနစ်နာမှု မရှိစေရန် မဲစာရင်းတွင်အမည်ကျန်ရစ်သူများအား ပုံစံ(၃)ဖြင့် ဖြည့်စွက်ခြင်း၊ အချက်အလက်မှားယွင်းခြင်းများကို ပုံစံ(၄)(က)ဖြင့် ပြင်ဆင်ခြင်း၊ မဲစာရင်းများထပ်နေခြင်း၊ မဲပေးခွင့်မရှိသူများအား ပုံစံ(၄)ဖြင့် ပယ်ဖျက်ခြင်း လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်သွားရန်မှာကြားပြီး ထုတ်ပြန်ထားသော မဲစာရင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆဒုံးမြို့နယ်နှင့် ကန်ပိုက်တီးမြို့နယ်များတွင် လာမည့် ၂၀၁၅ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံ(၉)ရုံ ပြင်ဆင်ထားပြီး ပထမအကြိမ် အခြေခံမဲစာရင်းအရ မဲပေးခွင့်ရှိသူပေါင်း ၃၇၁၅ ဦးရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မသန်ပေမယ့် စွမ်းနိုင်အောင်ကြိုးစားနေသူ

"သမီးဖြစ်ချင်တဲ့ အင်ဂျင်နီယာတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပညာတံခွန်ကျောင်းမှ ဒသမတန်းကျောင်းသူ မထူးထူးမွန်က ဆိုသည်။



မထူးထူးမွန်။

သူ့အနေဖြင့် မွေးရာပါအခြေအနေအရ ခြေလက်အင်္ဂါသန်စွမ်းမှုမရှိသော်လည်း လုံ့လဝီရိယထက်သန်စွာ ကြိုးစားအားထုတ်မှုနှင့် ကူညီဖေးမသူတို့ကြောင့် အထက်တန်းပညာကို အများနည်းတူ ကောင်းစွာဆည်းပူးနေပြီဖြစ်သည်။

"ကျွန်မမှာ သားသမီး သုံးယောက်ရှိပါတယ်။ သူက မွေးလာစဉ်ကတည်းက ခြေလက်အင်္ဂါမစုံတော့ ရှေ့ရေးအတွက် အမြဲစဉ်းစားခဲ့တယ်"ဟု သူ၏မိခင် ဒေါ်သက်ငွေက ပြောသည်။

သူသည် ငယ်စဉ်ကတည်းက ကျောင်းအလွန်ပျော်ပြီး စာကြိုးစားသူတစ်ယောက်ဖြစ်သည့်အတွက် တစ်နှစ် တစ်တန်း မှန်မှန်အောင်မြင်ကာ ထူးချွန်ဆုများပင်ရရှိခဲ့သူဖြစ်သည်။

"လေးနှစ်ကျော် ငါးနှစ်အရွယ်ရောက်တော့ ကျောင်းတက်ချင်တယ်လို့ပြောလို့ ဆရာမဆီမှာ ဆရာမရယ် သူက ကျောင်းတက်ချင်တယ်ပြောတယ်။ တစ်လုံးတတ်တတ် နှစ်လုံးတတ်တတ် သင်ပေးပါဦးဆိုတော့ မူကြိုမထားဘဲ သူငယ်တန်းထားခဲ့တယ်။ အသွားအပြန် ကျောင်းပို့ကျောင်းကြိုလုပ်ပေးခဲ့တယ်။ အဲဒီတုန်းက သူ့အဖေရှိတယ်လေ" ဟု သူ၏မိခင်က ပြောသည်။

တောင်သူမျိုးရိုးဖြစ်သည့် သူ၏ဖခင်မှာ သူ အဌမတန်းတက်သည့်နှစ်တွင် ဆုံးပါးခဲ့ရသည့်အတွက် မထူးထူးမွန် တစ်ယောက် ပညာရေးတစ်ပိုင်းတစ်စဖြစ်တော့မည့် အခြေအနေသို့ ရောက်ခဲ့ရသည်။

"ကျွန်မတို့ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျောင်းက (၇)တန်းထိရှိတာ။ အထက်တန်းကျောင်းက သူများရွာမှာရှိတာ။ ဆက်မထားနိုင်တော့ဘူး။ စားရေးသောက်ရေးက ရှိသေးတယ်။ ကျန်တဲ့ကလေးတွေရှိသေးတယ်" ဟု သူ၏မိခင်က ဆက်ပြောသည်။

ထိုအချိန်တွင် နော်ဝေနိုင်ငံတွင် နေထိုင်သည့် သတင်းထောက်ဦးခိုင်မြဲက မထူးထူးမွန်၏ ဓာတ်ပုံများကို အင်တာနက်စာမျက်နှာများပေါ်တင်ပြီး ပညာရေးအတွက် အကူအညီတောင်းခံပေးရာမှတစ်ဆင့် စင်ကာပူတွင်နေထိုင်သည့် ဦးခင်မောင်ဆွေက တွေ့ရှိကာ ပညာရေးအတွက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်စင်ကာပူမှာအလုပ်လုပ်စဉ်က အင်တာနက်မှာ ပါလာတာပါ။ ဒီကလေးက ကျောင်းတက်ချင်လို့ ငွေမတတ်နိုင်ဘူးလို့ပါလာတယ်။ အဲဒီအချိန်က ၂၀၁၃ ဩဂုတ်လလောက်မှာတွေ့တာ။ ဒီကလေးသာ ပညာမတတ်ရင် ဘာလုပ်စားမလဲဆိုပြီး တွေးမိတယ်။ အခြားနေရာတွေမှာ အလေအလွင့်သုံးမယ့်အစား ဒီလိုနေရာမျိုးမှာသုံးရင် ပိုကောင်းမယ်လို့ တွေးမိတာနဲ့ အခုလိုထောက်ပံ့ဖြစ်တာပါ။ သူ့ကို ၁၀တန်းအောင်ဖို့အထိ တာဝန်ယူမယ်ဆိုပြီး ဆက်သွယ်ခဲ့တာပါ"ဟု ကလေးမြို့ ပညာတံခွန်ကျောင်းမှ ဆရာ ဦးခင်မောင်ဆွေက ပြောသည်။

"ကျွန်တော် ဦးခင်မောင်ဆွေကို ချီးကျူးပါတယ်။ ဒီကလေးအကြောင်းသိတာကြာပြီဗျ။ ပထမအချိန်ရောက်တုန်းက ရေတွေကြီးနေလို့ မလှူလိုက်ရဘူး။ အခုရောက်လာမှ လှူဖြစ်တာ။ ကလေးရဲ့ ပညာရေးအတွက်ပါ။ နောင်လည်း လှူဖို့ရှိပါတယ်"ဟု မထူးထူးမွန်၏ ပညာရေးအတွက် ငွေကျပ် တစ်သိန်းစုပေါင်းလှူဒါန်းသည့် အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ပြောသည်။

အလှူရှင်အသီးသီးက ပေးပို့လှူဒါန်းလာသည့် ငွေများအား ဘဏ်တွင် စနစ်တကျ သိမ်းဆည်းထားပြီး ယခုအချိန်အထိ ထုတ်ယူသုံးစွဲခြင်းမပြုသည့်အပြင် မထူးထူးမွန်နှင့် မိသားစုအတွက်ပါ ဦးခင်မောင်ဆွေက ထောက်ပံ့ပေးထားကြောင်း သိရသည်။

"သူ့အမေဆိုတာကလည်း တစ်သက်လုံးဘယ်ရှိနိုင်ပါ့မလဲ။ ကျွန်တော်ဆက်ပြီး ထောက်ပံ့မပေးနိုင်တော့တဲ့အချိန်မှာ သူ့ဘဝအတွက် တွေးပြီးပူမိပါတယ်။ သူ ဆယ်တန်းအောင်တဲ့အထိတော့ တာဝန်ယူသွားမှာပါ" ဟု ဦးခင်မောင်ဆွေက ပြောသည်။

အသက် (၁၇) နှစ်ရှိပြီဖြစ်တဲ့ မထူးထူးမွန်ကတော့ "ပညာဆက်သင်နိုင်အောင် ထောက်ပံ့လှူဒါန်းတဲ့ အလှူရှင်တွေကို စာကြိုးစားပြီး ကျေးဇူးဆပ်နေပါတယ်" ဟု ဆိုသည်။ **သီသီမင်း**



# ရိုးရာဓလေ့ ကျေးလက်အမွေအနှစ်တွေနဲ့ ပျော်မွေ့နေတဲ့ ဆံရစ်ဝိုင်းတို့ရွာကလေး

**ပေါက် စက်တင်ဘာ ၁၅**

"သနပ်ခါးကို ဘယ်ညာလူး. . ဆံထုံးလေးကိုထုံး. . မြန်မာဆန်ဆန်လေးနဲ့ လှပါတယ်. . ."ဆိုတဲ့ သီချင်းစာသားလေးထဲက ဆံထုံးအစဟာ ရှေးမြန်မာအမျိုးသမီးငယ်လေးတွေ အမြတ်တနိုးပြင်ဆင်ထားကြတဲ့ ဆံရစ်ဝိုင်းလေးတွေက စခဲ့တာပါ။ ကျေးလက်တောရွာများမှ မြန်မာအမျိုးသမီးလေးများသည် အရွယ်ရောက်စမှစ၍ မြန်မာမိန်းကလေးပီသစေရန် ရှေးခေတ်ပုံစံအတိုင်း ဆံပင်ကို ကြက်တောင်စည်းဆံရစ်ဝိုင်းလေးများဖြင့် တန်ဖိုးထားပြုပြင်နေထိုင်တတ်ကြကြောင်း မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကြက်ဆူအိုင်ကျေးရွာမှ အသက် (၈၄) နှစ်ရှိ သျှောင်ကြီးဗွေဆံပင်ဖြင့် ဂုဏ်ယူနေသော အဘဦးမြသောင်းက ပြောသည်။

"သျှောင်ပေစူး၊ သျှောင်ကြီးဗွေနဲ့ ဆံရစ်ဝိုင်းတွေရှိတဲ့ ရွာဓလေ့တွေက ပျောက်ကွယ်လုနီးပါးဖြစ်သွားတာ နှမြောစရာကောင်းပါတယ်။ အဘတို့ရွာမှာလည်း မူလကဆရာတော်ကြီးတွေရဲ့ ထိန်းသိမ်းမှုကြောင့် အတော်များများရှိကြပေမယ့် ပြောင်းလဲလာတဲ့ ယဉ်ကျေးမှုတွေနဲ့အတူ အမျိုးသားတွေမှာရော သျှောင်ပေစူးထားတဲ့ ဓလေ့မရှိကြတော့ဘူး။ အမျိုးသမီးလေးတွေမှာပဲ ရွာဓလေ့အရ ဆံရစ်ဝိုင်းအမွေအနှစ်ကလေးတွေ ရှိနေသေးတာပါ"ဟု ပြောသည်။

"ဆံတောက်ကလေးခေါင်းမှာ. . ခမောက်ကလေးစောင်းကာ. . လှမ်းတာကပိုကရို. . ဝမ်းစာရှာတဲ့ပျိုလယ်တောဓလေ့ကို. . ပျော်မွေ့နေသလို" ဆိုတဲ့ အဆိုတော်ကိုမြကြီးရဲ့ သီချင်းစာသားလို ကြက်တောင်စည်း ဆံရစ်ဝိုင်းလေးနဲ့ ငယ်စဉ်ကာလ ပျော်မွေ့နေကြသလို အပျိုတော်ဝင်စကာလမှာလည်း ဆံတောက်ကလေးများဖြင့် အလှသွေးကြွယ်ကာ မြန်မာ့ယဉ်ကျေးမှုဓလေ့ကို နှစ်သက်မြတ်နိုးထိန်းသိမ်းထားကြောင်း မြိုင်မြို့နယ် မှန်ရင်းရွာမှ ခုနစ်တန်းကျောင်းသူ မအိအိဝင်းက ပြောသည်။

" ဆံရစ်ဝိုင်း ဆံတောက်နဲ့မှ မြန်မာအမျိုးသမီး ပီသတယ်ဆိုတဲ့ မိဘတွေရဲ့ဆုံးမတဲ့ စကားအတိုင်းနေဖြစ်ခဲ့တာပါ။ ရွာကျောင်းမှာ စာလာသင်ပြတဲ့ ဆရာမတွေက သမီးတို့ကို ဒီဆံပင်ပုံစံလေးနဲ့ ချစ်စရာသိပ်ကောင်းတာပဲလို့ ပြောကြရင် သမီးကိုယ်တိုင်လည်း ဆံရစ်ဝိုင်းနဲ့ လယ်တောသူအဖြစ် ကျေနပ်နေမိပါတယ်။ မြန်မာပီသတဲ့ ဒီဆံပင်အလှကို ဆက်လက်ထိန်းသိမ်းသွားမှာပါ"ဟု တောသူပီပီ ပွင့်လင်းစွာ ပြောပြရှာသည်။

မြန်မာလူမျိုးတို့၏ ဆံပင်ထုံးဖွဲ့မှုဓလေ့သည် မြန်မာယဉ်ကျေးမှုအစ တကောင်းခေတ်မှ စတင်လာခဲ့ပြီး အင်းဝ၊ အမရပူရ၊ ကုန်းဘောင်မင်းဆက်တိုင် ထွန်းကားလာခဲ့သော ရိုးရာဓလေ့ ဆင်ယင်ထုံးဖွဲ့မှုတစ်ခုဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် တစ်စတစ်စ မှေးမှိန်ပျောက်ကွယ်၍ ယခုအခါ အလှူမင်္ဂလာနှင့် မြန်မာ့ယဉ်ကျေးမှုဖော်ထုတ်ပြသသော အခမ်းအနားများတွင်သာ ဆံထုံးထုံးဖွဲ့မှုကို တွေ့မြင်ကြရပြီး ကြာကွက်၊ သျှောင်ပေစူး၊ ဆံရစ်ဝိုင်း၊ ဆံတောက် စသည့် ရှေးမြန်မာလူမျိုးတို့၏ ချစ်စရာဓလေ့ကို ဖော်ကျူးနေသည့် ပုံရိပ်များအဖြစ် ပျော်မွေ့နေကြသည့် ရိုးရာဓလေ့များကိုမူ ကျေးလက်တောရွာ အညာဒေသများစွာအနက် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းရှိ မှန်ရင်းကျေးရွာ၊ တောင်ခုန်ကျေးရွာနှင့် ပေါက်မြို့နယ်ရှိ ကြက်ဆူအိုင်နှင့် ကံသစ်ကျေးရွာ အနီးတစ်ဝိုက်များတွင်သာ မြန်မာတို့၏ အလှတရားများကို ကျေးလက်သဘာဝဖြင့် ရောယှက်တွေ့မြင်ခံစားခဲ့ရပေသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# Miss America 2016 အလှမယ် ဘတ်တီဆန်ထရယ်လ်

၂၀၁၆ခုနှစ်အတွက် အမေရိကန်နိုင်ငံ၏ အလှမယ်ရွေးချယ်ပွဲ နောက်ဆုံးပွဲကို စက်တင်ဘာ၁၃ရက်ညက ကျင်းပပြုလုပ်ခဲ့ရာ ဂျော်ဂျီယာပြည်နယ်၏အလှမယ် ဘတ်တီဆန်ထရယ်လ်က သရဖူကို ပိုင်ဆိုင်ခွင့်ရရှိကာ Miss America 2016အဖြစ်ရွေးချယ်ခံခဲ့ရသည်။

ဘတ်တီဆန်ထရယ်လ်သည် ပြိုင်ပွဲအစီအစဉ်တစ်ခုဖြစ်သည့် Miss America မိန့်ခွန်းကို အကောင်းဆုံးပြောဆိုနိုင်ခဲ့သည်သာမက သူ၏ ဆံစမှခြေဖျားထိတိုင်စွဲဆောင်မှုရှိလှသည့် အလှအပတို့ကြောင့် Miss Americaအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယင်းပြိုင်ပွဲတွင် အမေရိကန်ပြည်ထောင်စုတစ်ဝန်းမှ အလှမယ် စုစုပေါင်း ၅၂ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရေကူးဝတ်စုံနှင့် ညနေခင်းဝတ်စုံများဖြင့် ပြိုင်ပွဲဝင်ခြင်း၊ ကိုယ်ရည်ကိုယ်သွေးပြသခြင်းနှင့် အမေးအဖြေကဏ္ဍများအပြီးတွင် ဇကာတင်ငါးဦးကိုရွေးချယ်ခဲ့ရာ အယ်လ်ဘားမား၊ လူဝစ်ရှိုင်းနား၊ ကော်လိုလာဒို၊ မစ္စစပီနှင့် ဂျော်ဂျီယာပြည်နယ်များမှ အလှမယ်များ ရွေးချယ်ခံခဲ့ရသည်။ ဇကာတင်အလှမယ်များအနက်မှ ဂျော်ဂျီယာပြည်နယ်ကိုယ်စားပြုအလှမယ် ဘတ်တီဆန်ထရယ်လ်က သရဖူကို ပိုင်ဆိုင်ခွင့်ရကာ ၉၅ ယောက်မြောက် အမေရိကန်အလှမယ် ဖြစ်လာသည်။ ဘတ်တီဆန်ထရယ်လ်အတွက် သရဖူကို ၂၀၁၅ခုနှစ် အမေရိကန်အလှမယ် ကိုင်ရာကဇန်ထ်စက်ဗ်က ဆောင်းပေးခဲ့သည်။

# ချစ်သူသစ်ရသွားပြန်တဲ့ ရီဟားနား

အမေရိကန်အဆိုတော် ပေ့ါပ်ဂီတလောကရဲ့ ဘုရင်မရီဟားနားဟာ လတ်တလောမှာချစ်သူသစ်ရသွားပြီး ဟောလိဝုဒ်ရဲ့ လမ်းတွေပေါ်မှာ သူတို့နှစ်ဦးကို အတူတွဲတွေ့လာရပါတယ်။ သူရဲ့ ချစ်သူအသစ်စက်စက်လေးကတော့ အမေရိကန်ရက်ပ်အဆိုတော် ထရားဗစ်စကော့ထ်ပဲ ဖြစ်ပါတယ်။


သူတို့နှစ်ဦးကို ယခုသီတင်းပတ်မှာ ပြုလုပ်ခဲ့တဲ့ နယူးယောက်ဖက်ရှင်သီတင်းပတ်အတွင်းမှာ အတူလက်တွဲတက်ရောက်ခဲ့တာကို စတင်တွေ့ရှိခဲ့ရပြီး သူတို့ရဲ့ ရွှေလက်တွဲခဲ့တဲ့သတင်းကို အီးအွန်လိုင်းသတင်းစာက အတည်ပြုဖော်ပြပေးခဲ့ပါတယ်။

သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးကလည်း "ရီဟားနားနဲ့ ထရားဗစ်စကော့ထ်တို့နှစ်ဦးဟာ တကယ်ပဲလက်တွဲခဲ့ပါပြီ။ ပုန်းလျှိုး ကွယ်လျှိုးမဟုတ်ပဲ တကယ်ကို လူသိရှင်ကြားလက်တွဲခဲ့တာပါ။ ရီဟားနားကိုယ်တိုင်ကလည်း ထရားဗစ်ကို တော်တော်လေးကို နှစ်သက်ပါတယ်"လို့ အီးအွန်လိုင်းသတင်းစာကို ပြောကြားခဲ့ပါတယ်။

အခြားသတင်းရင်းမြစ်တစ်ဦးကလည်း "ထရားဗစ်က ရီဟားနား တကယ်နှစ်သက်တဲ့ ပုံစံပါပဲ။ သူတို့နှစ်ဦးစလုံးက ဂီတကိုစိတ်ဝင်စားတာ၊ နှစ်သက်တာချင်းလည်းတူတယ်လေ"လို့ ဆိုပါတယ်။

ထရားဗစ်ဟာ ရီဟားနားထက်အသက်အရွယ်အားဖြင့်ငယ်ပါတယ်။ သူဟာ ၁၉၉၂ခုနှစ်မှာမွေးဖွားခဲ့တာမို့ (၂၃)နှစ်သာရှိပါသေးတယ်။ ရီဟားနားကတော့ (၂၇)နှစ်ရှိပါပြီ။ ထရားဗစ်ဟာ အဆိုတော်တစ်ဦးအဖြစ်သာမကပဲ တေးထုတ်လုပ်သူတစ်ဦးအဖြစ်လည်း ဟောလိဝုဒ်ရဲ့ ဂီတလောကမှာ အောင်မြင်နေသူတစ်ဦးဖြစ်ပါတယ်။

ရီဟားနားကတော့ ပြီးခဲ့တဲ့ ဩဂုတ်လအထိ ဖော်မြူလာဝမ်းကားမောင်းသမား လူးဝစ်ဟာမင်တန်နဲ့ ချစ်သူတွေဖြစ်ခဲ့ကြပါတယ်။ သူဟာ ရီးရဲလ်မက်ဒရစ်ကစားသမား ဘန်ဇီမားနဲ့လည်း လက်တွဲခဲ့ဖူးပါတယ်။



## Games Of Thrones ရုပ်ရှင်သစ်မှာ ပါဝင်လာမယ့် အယ်စီဒေးဗစ်



ဩစတေးလျမင်းသမီး အယ်စီဒေးဗစ်သည် HBOရုပ်သံလိုင်း၏ အအောင်မြင်ဆုံးသော ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Games Of Thrones ရုပ်ရှင်၏ Season 6တွင် သရုပ်ဆောင်သစ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

သူသည် ဂျော့ဂျ်အာအာမာတင်၏ စိတ်ကူးယဉ်အချစ် ဇာတ်လမ်းဖြစ်သည့် ယင်းရုပ်ရှင်တွင် အဓိက ဇာတ်ဆောင်တစ်ဦးဖြစ်သော ဘုရင်မဆာဆီလန်နစ်စတာနေရာတွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဟောလိဝုဒ်ရက်ပေါ်တာသတင်းစာက ဖော်ပြခဲ့သည်။

ဒေးဗစ်သည် Season 6အတွက် ရွေးချယ်ခံခဲ့ရသည့် နောက်ဆုံးသော ဇာတ်ဆောင်တစ်ဦးဖြစ်ကာ သူ့အပြင် ရစ်ချက်ဒ်အီးဂရန့်၊ ဇရက်ဗိုင်းစထရောင်းန်မာ၊ ပစ်လူအိုလိုအက်စ်ဘက်ခ်၊ မက်ဇ်ဗွန်စစ်ဒိုးနှင့် အိုင်ရန်မက်ရှိန်းတို့လည်း ဇာတ်ကောင်သစ်များအဖြစ် ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သည်။

အဆိုပါ Games Of Thrones ရုပ်ရှင်သစ်များကို ယခုနှစ်ဆောင်းရာသီအစတွင် ပြန်လည်စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

# နယူးယောက်ဖက်ရှင်သီတင်းပတ်သို့ တက်ရောက်ခဲ့တဲ့ ကေပေါ့ကြယ်ပွင့်နှစ်ဦး

အမေရိကန်နိုင်ငံ နယူးယောက်မြို့တော်တွင် ကျင်းပသည့် ဖက်ရှင်သီတင်းပတ်အတွက် ယခုတစ်ပတ်တွင် ပြုလုပ်မည့် ဖက်ရှင်ပွဲတော်သို့ တက်ရောက်ရန် တောင်ကိုရီးယားပေါ့ဂီတအဆိုတော်များဖြစ်ကြသည့် Girls' Generation အမျိုးသမီး တေးဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဆိုရန်းနှင့်ကျော်ကြားသည့်အမျိုးသား ဂီတအဖွဲ့တစ်ခုဖြစ်သော SHINee မှ မင်ဟိုတို့နှစ်ဦးတို့ ဖိတ်ကြားခံခဲ့ရသည်။

SMဖျော်ဖြေရေးအေဂျင်စီမှ အနုပညာရှင်များဖြစ်ကြသော သူတို့နှစ်ဦးသည် စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပခဲ့သည့် ဖက်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ဖက်ရှင်ပွဲတော်သို့ တက်ရောက်ရန် ယခုလ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တောင်ကိုရီးယားနိုင်ငံမှ အသီးသီး ထွက်ခွာခဲ့ကြသည်။

ဆိုရန်းနှင့် မင်ဟိုတို့နှစ်ဦးသည် သေးသွယ်ကျော့ရှင်းသည့် ကိုယ်ခန္ဓာအလှနှင့် ဖက်ရှင်ကျနလှသည့် ဝတ်စားဆင်ယင်မှုတို့ကြောင့် ယခုကဲ့သို့ ဖိတ်ကြားခံခဲ့ရခြင်းဖြစ်ကြောင်း မိုင်ဒေးလီးသတင်းစာက ဖော်ပြခဲ့သည်။

ယခုကဲ့သို့ နယူးယောက်ဖက်ရှင်ပွဲတော်သို့ တက်ရောက်ခွင့်ရခဲ့ခြင်းသည် မင်ဟိုအတွက်ပထမဦးဆုံးအကြိမ်ဖြစ်သော်လည်း ဆိုရန်းကမူ ယခုနှစ်ဖေဖော်ဝါရီလအတွင်းက တစ်ကြိမ်တက်ရောက်ခဲ့သေးသည်။

**အေးပြည့် - စုစည်းသည်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

**၁၆ - ၉ - ၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် - ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၁၃၉) |
| ၆း၂၅ | "မဟော်သဓာ" (အပိုင်း-၃) |
| ၇း၀၀ | "ထောင်မင်းသားနှင့် တွေ့ဆုံခြင်း" |
| ၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း-၂၀) |
| ၈း၄၅ | Catch Asia News (Part-8) |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ် |
| ၉း၃၀ | မြန်မာရုပ်ရှင်(ဖြူ/မည်း) "တိမ်လွှာမို့မို့လွင်" (ဝင်းဦး၊ အောင်လွင်၊ မြင့်မြင့်ခင်) (ဒါရိုက်တာ-ဝင်းဦး) |
| ၁၂း၀၀ | အစီအစဉ်ပြီး၏။ |
| ညနေ | |
| ၆း၁၅ | AFC Women's Olympic Football Tournament Rio 2016 အာရှဇုန်ဒုတိယအကျော့ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Myanmar Vs Thailand) |

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၄၀ | "အတားအဆီးများကို ဖယ်ရှားပါ" တရားတော် [ဆရာတော်အရှင်ဥတ္တရ (ကျိုက်ဒေးယျံဆရာတော်)] |
| ၈း၀၀ | Cartoon Series (Welcome To Sky Ville) |
| ၉း၀၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၈၆) |
| ၁၁း၀၀ | ဟင်းချက်ရအောင် |
| ၁၁း၂၅ | MRTV-4 Stage |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၁) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း"(အပိုင်း-၃၉) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၄) |
| ၃း၄၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၄း၄၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၅း၁၀ | ခေတ်သစ်ပျိုမေ |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၅၅) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၄၀) |
| ၈း၁၀ | ရသစုံညွှန်းတမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း"(အပိုင်း-၈၇) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၅၂) |
| ၁၀း၄၀ | MRTV-4 Stage |
| ၁၁း၀၅ | World of Knowledge (Banged Up Abroad Mexico Money Machine Cover) |
| ၃း၀၅ | Let's Talk |
| ၃း၃၅ | ရွှေရောင်နေ့သစ်များဆီသို့ |
| ၄း၁၀ | World of Knowledge (Banged Up Abroad Mexico Money Machine Cover) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၁ | ခမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၆း၃၀ | မျိုးချစ်တပ်မတော် |
| ၆း၃၅ | မှတ်တမ်း |
| ၆း၄၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၃၀ | DVD Hits |
| ၈း၃၀ | ဇာတ်လမ်းတို |
| ၈း၅၀ | သူနှင့်သူ၏ သီချင်းများ |
| ၄း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၁၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၅ | ပန်းကလေးများပွင့်တော့မည် |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၇၃) |
| ၆း၀၆ | Amazing Cities |
| ၆း၁၅ | Meet Whith The Celebri-ties |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းခြာချစ်လိပ်ပြာ (အပိုင်း-၁၇) -ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၂၆) |

### mitv

| | |
|---|---|
| 07:26 | Jeyyanandi (A Day in the Life of a Nun) |
| 07:44 | Natural Mineral Water |
| 08:26 | Sweet Delicacy of Pathein |
| 08:34 | Art Students: Their Dream |
| 08:40 | Buddha Image Built Of Bamboo Strip |
| 08:52 | Myanmar Harpist |
| 09:26 | Aye Aye Soe: Myanma Pioneer Female Bodybuilder |
| 09:39 | A Visit To Ye |
| 10:26 | Myanmar Traditional Instruments (MYANMA OBOE) |
| 10:51 | Black Gold (Part- I) |
| 06:30 | Second Round Qualifiers for the Women's Olympic Football Tournament 2016 (Myanmar Vs. Thailand) |
| 08:25 | Exquisite Myanmar Silk |
| 08:45 | A Life In The Ring |

အားကစား

## အစ္စကိုရဲ့ သွင်းဂိုးများ ပိုမိုလိုအပ်နေတဲ့ ရီးယဲလ်

ရီးယဲလ်နည်းပြ ဘင်နီတက်ဇ်က ရီးယဲလ်အနေဖြင့် အစ္စကို၏သွင်းဂိုးများ ပိုမိုလိုအပ်ကြောင်း ပြောကြားလိုက်သည်။အစ္စကိုသည် လက်ရှိတွင် ရီးယဲလ်မှထွက်ခွာရန်ချိတ်ဆက်မှုများ ပြုနေသော်လည်း ဘင်နီတက်ဇ်ကမူအစ္စကိုမှာ ကြီးကျယ်ခမ်းနားသည့် ကစားသမားဖြစ်ကြောင်း ချီးကျူးခဲ့သည်။

ဘင်နီတက်ဇ်က အစ္စကိုမှာ ဂိုးသွင်းခြေကောင်းသည့် ကစားသမားဖြစ်သောကြောင့် သူ၏သွင်းဂိုးများကို ပိုမိုမြင်တွေ့ရန်ပရိသတ်များက မျှော်လင့်ထားကြောင်း၊ သူ၏အားအင်စိုက်ထုတ်ကာ ကြိုးစားပမ်းစားကစားမှုများက မိမိအပေါ် များစွာမှတ်မှတ်ထင်ထင်ဖြစ်စေကြောင်း၊ ၎င်းဝင်ရောက်ကစားသည့်အချိန်တိုင်း ရီးယဲလ်ရှေ့တန်းတိုက်စစ်မှာပိုမိုအသက်ဝင်လာတတ်ကြောင်း ဆိုခဲ့သည်။



## ဗဟိုတိုက်စစ်မှူးနေရာမှာ ကစားချင်တဲ့ အက်ရှ်လေယန်း

မန်ယူတောင်ပံတိုက်စစ်မှူး အက်ရှ်လေယန်းက လတ်တလောတိုက်စစ်မှူးရွှန်းနီဒဏ်ရာရရှိနေချိန်တွင် ဖယ်လိုင်နီအားဗဟိုတိုက်စစ်နေရာတွင်ထားကစားနေရသည့် မန်ယူအသင်းတွင် ၎င်းအနေဖြင့် ဗဟိုတိုက်စစ်နေရာတွင် ကစားခွင့်ရချင်သည်ဟု ပြောကြားလိုက်သည်။ မန်ယူတွင်ရွှန်းနီဒဏ်ရာရရှိနေချိန်၌ တိုက်စစ်နေရာတွင်ကစားနိုင်သည့်ကစားသမားဆို၍ မာရှယ်လ်နှင့် ဝီလီယံတို့နှစ်ဦးရှိသော်လည်း နည်းပြဗန်ဟားလ်ကမူ ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ဗဟိုတိုက်စစ်မှူးနေရာတွင် ကစားကွက်ခင်းကျင်း၍ လီဗာပူးအားရင်ဆိုင်ခဲ့ရာ မန်ယူတိုက်စစ်မှာ ပိုမိုသွက်လာခဲ့သည်။

မန်ယူသည် ပီအက်စ်ဗွီအသင်းအားရင်ဆိုင်ရမည့် ချန်ပီယံလိဂ်ပွဲ၌လည်း ဖယ်လိုင်နီကိုသာ ဗဟိုတိုက်စစ်နေရာတွင်ထား၍ကစားရန်အလားအလာများနေရာ အက်ရှ်လေယန်းက ၎င်းကိုလည်း ထိုနေရာတွင်ထားပြီးကစားလျှင် မန်ယူတိုက်စစ်ပိုမိုအသက်ဝင်လာမည်ဖြစ်သောကြောင့် ဗန်ဟားလ်၏ တိုက်စစ်ကစားသမားရွေးချယ်မှုတွင် သူ့ကိုပါထည့်သွင်းစဉ်းစားထားသင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

**မေလှဲ့သင်း - စုစည်းသည်။**

## ပြိုင်ဘက်ကင်းမဟုတ်တဲ့ စီရိုနယ်လ်ဒို



စီရိုနယ်လ်ဒိုဟာ ရီးယဲလ်က အက်စပန်ညော်ကို အနိုင်ရတဲ့ပွဲမှာ တစ်ဦးတည်း ငါးဂိုးသွင်းယူခဲ့ပြီး သူဟာဘာကြောင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတစ်ဦးအဖြစ်အမည်နာမပေးသတ်မှတ်ခံရတာလည်းဆိုတာကို သက်သေပြနိုင်ခဲ့ပေမယ့် ရီးယဲလ်နည်းပြ ဘင်နီတက်ဇ်ကတော့ သူဟာထူးခြားတဲ့အရည်အသွေးရှိတဲ့အကောင်းဆုံးတွေထဲကတစ်ယောက်ဖြစ်ပေမယ့် ပြိုင်ဘက်ကင်းအကောင်းဆုံးကစားသမားတစ်ဦးတော့မဟုတ်ပါဘူးလို့ဆိုခဲ့ပါတယ်။

နည်းဗျူဟာချမှတ်မှုတွေ၊လေ့ကျင့်ရေးကွင်းက အခြေအနေတွေ အားလုံးကြောင့် ဘင်နီတက်ဇ်နဲ့ စီရိုနယ်လ်ဒိုတို့ကြားပဋိပက္ခအသွင်ဆောင်မှုတွေ ရံဖန်ရံခါမြင်တွေ့နေရပြီး ဘင်နီတက်ဇ်က စီရိုနယ်လ်ဒိုတစ်ဦးတည်းကိုသာ ဗဟိုပြုတဲ့ကစားကွက်ခင်းကျင်းမှုမရှိတာကြောင့် ကစားသမားက မပျော်မရွှင် ဖြစ်နေပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ အန်စလော့တီမရှိတဲ့နောက် ရီးယဲလ်က ထွက်ခွာဖို့ စဉ်းစားခဲ့သေးပေမယ့် ရီးယဲလ်ဥက္ကဋ္ဌကြီးပီရက်ဇ်နဲ့ တွေ့ဆုံညှိနှိုင်းမှုတွေပြုလုပ်ပြီးတဲ့နောက်မှာတော့ ရီးယဲလ်မှာပဲဆက်ရှိနေဖို့ ဆုံးဖြတ်လိုက်တာပါ။

ဘင်နီတက်ဇ်အနေနဲ့ကလည်း စီရိုနယ်လ်ဒိုရဲ့ သူသာအတော်ဆုံးဆိုတဲ့ ပုံစံကိုနှစ်သက်ခြင်းမရှိတာကြောင့် လေ့ကျင့်ရေးကွင်းမှာ စီရိုနယ်လ်ဒိုရဲ့ ဂိုးသွင်းယူတဲ့အနေအထားအပေါ်မှာ လူကျွံဘောအနေအထားဖြစ်တယ်ဆိုပြီး ခွင့်မပြုခဲ့တာတွေရှိတော့ စီရိုနယ်လ်ဒိုက ဒီနှစ်ဘောလုံးရာသီကုန်ရင် အသင်းပြောင်းမယ်ဆိုတဲ့သတင်းတွေ တစ်ရှိန်ထိုးပျံ့နှံ့လာတဲ့အထိ ဖြစ်လာခဲ့တာပါ။

စီရိုနယ်လ်ဒိုကို မန်ယူ၊ ပီအက်စ်ဂျီတို့ကလည်း ပေါင်သန်း၁၀၀ကျော်အသုံးပြုပြီး ခေါ်ယူဖို့ ကမ်းလှမ်းနေကြလို့ အသင်းပြောင်းရွှေ့ချင်ရင်လည်း ခေါ်ချင်တဲ့ကလပ်တွေကအဆင်သင့်ရှိပြီးသားပါ။ ဒါပေမယ့်လည်း ကမ္ဘာ့အကောင်းဆုံးဆိုတဲ့ကလပ်အသင်းမှာပဲ ကစားချင်တဲ့ စီရိုနယ်လ်ဒိုကြောင့် အပြောင်းအရွှေ့ဟာ မှုန်ဝါးဝါးအနေအထားမှာပဲ ရပ်တန့်နေခဲ့တာပါ။

ဒါ့အပြင်ဘင်နီတက်ဇ်က ရီးယဲလ်မှာ စီရိုနယ်လ်ဒိုတစ်ယောက်ပဲ အကောင်းဆုံးကစားသမားလို့ သတ်မှတ်မရဘဲ ဂါရတ်ဘေးလ်၊ ဘင်ဇီမာနဲ့ တိုနီခရူးစ်တို့ကလည်း ထိပ်တန်းခြေစွမ်းပိုင်ရှင်များဖြစ်တယ်ဆိုပြီး အင်တာဗျူးတစ်ခုမှာဖြေကြားခဲ့ပါတယ်။ အခုလည်း စီရိုနယ်လ်ဒိုရဲ့တစ်ပွဲတည်း ငါးဂိုးသွင်းယူနိုင်တဲ့အပေါ်မှာ သူကတော့ ဒီစတီဖာနို နဲ့ ရာအူးလ်တို့လိုကစားသမားတွေကိုလည်း လက်တွဲဖူးခဲ့တာကြောင့် စီရိုနယ်လ်ဒိုသာ အကောင်းဆုံးကစားသမားလို့ပြောဖို့ခက်တယ်လို့ဆိုခဲ့တော့ . . .

## စီးရီးအေ ရင်ခုန်သံ – ၄




*အီတလီစီးရီးအေပွဲစဉ် (၃) မှာဂျူဗင်တပ်က ချီယေဗိုနဲ့ သရေကျတယ်။ အဲဒါကြောင့်သုံးပွဲကစားပြီးချိန်မှာ တစ်မှတ်သာရပြီး နိုင်ပွဲလည်း မရတဲ့အခြေအနေဖြစ်သွားတယ်။အခုတစ်ပတ်မှာလည်းဂျူဗင်တပ်ဟာ ဂျီနိုအာနဲ့ ကစားရဖို့ရှိပြီး အဲဒီပွဲမတိုင်ခင်မှာလည်း ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းနိုင်တာကြောင့်ဂျူဗင်တပ်နိုင်ပွဲရ၊ မရ စောင့်ကြည့်ရမယ်။*

**tlEDP- trfbD** **n-10;30(19-9-15)**

အမ်ပိုလီရဲ့ ခြေစွမ်းပိုင်းကအားနည်းမှုတွေများတယ်။ အထူးသဖြင့်ခံစစ်ပိုင်းက ကစားပုံမတည်ငြိမ်သလို အဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုမိုကျဆင်းတတ်တယ်။ ဒါကြောင့် အိမ်ကွင်းအားနဲ့ အူဒီးနီးစ်တို့ဖိအားပေးမယ်ဆိုရင် အမ်ပိုလီကို အသာရဖို့ မခက်ပါဘူး။ အူဒီးနီးစ်နိုင်ပွဲရသွားဖို့ ရှိပါတယ်။

**rDef- yvrkl** **eluf-1;15(20-9-15)**

အေစီမီလန်ရဲ့ခြေစွမ်းပိုင်းက ထင်သလောက်မတည်ငြိမ်သေးဘူး။ အထူးသဖြင့်တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမတည်ငြိမ်သေးတာကို တွေ့ရတယ်။ ပါလာမိုက အေစီမီလန်ရဲ့ ကစားပုံထက်ပိုမိုတည်ငြိမ်တယ်။ ဒါပေမယ့် အေစီမီလန်က အိမ်ကွင်းအားနဲ့ ဖိအားပေးမှာဖြစ်လို့ အေစီမီလန်ကပ်နိုင်ခြေရှိတယ်။

**csD, Aldt ifvmrDef** **nae-5;00(20-9-15)**

ဂျူဗင်တပ်ကို သရေကစားခဲ့ပြီးသုံးပွဲပြီးချိန်မှာ ရှုံးပွဲမရှိသေးတဲ့ ချီယေဗိုရဲ့ခြေစွမ်းက မဆိုးဘူး။ အထူးသဖြင့် တိုက်စစ်က လတ်တလောမှာ ဂိုးသွင်းခြေထက်မြက်နေတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အတွက် အင်တာမီလန်ကို ချီယေဗိုတို့ အကောင်းဆုံးတုံ့ပြန်နိုင်မှာပါ။ အင်တာမီလန်ခြေကောင်းနေပေမယ့် သရေကျသွားဖို့သာများတယ်။

**twaEAAEl** **n-7;30(20-9-15)**

ဗီရိုနာဟာ နောက်ဆုံးပွဲစဉ်မှာ တိုရီနိုကို သရေကစားနိုင်ခဲ့ပေမယ့် ခြေစွမ်းက အကောင်းဆုံးပုံစံမှာ မရှိဘူး။ အထူးသဖြင့် ပွဲတိုင်းနီးပါး ဂိုးတွေပေးနေရတဲ့ ခံစစ်ပိုင်းက အားနည်းမှုတွေများတယ်။ အတ္တလန္တာကခြေစွမ်းသာမန်သာရှိပေမယ့် အိမ်ကွင်းအားသာချက်ရှိနေတယ်။

**blvmh-z½ldD** **n-7;30(20-9-15)**

တန်းတက်ဖရိုစီနိုနီရဲ့ ခြေစွမ်းပိုင်းက အားနည်းလွန်းပါတယ်။ ရိုးမားကို ရှုံးနိမ့်ခဲ့ရတဲ့ပွဲအပါအဝင် သုံးပွဲစလုံးရှုံးနိမ့်ထားကာ တိုက်စစ်ကလည်း တစ်ဂိုးသာသွင်းထားနိုင်ပါတယ်။ဒါကြောင့် ဘိုလော့နာ ခြေစွမ်းပိုင်း အားနည်းတယ်ဆိုပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးရင် ဖရိုစီနိုနီကိုတော့ အနိုင်ရသွားဖို့ ရှိနေပါတယ်။

***sEl- *sLA ifvyf** **n-7;30(20-9-15)**

သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတဲ့ ချန်ပီယံဂျူဗင်တပ်ဟာ တိုက်စစ်ပိုင်းမှာပါ အားနည်းမှုတွေ ရှိနေပါတယ်။ ဒီပွဲမှာလည်း နိုင်ပွဲ ရရှိဖို့အားစိုက်လာမှာဖြစ်ပေမယ့် ဒီချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်တာကိုသတိပြုရမယ်။ ဂျီနိုအာကလည်း အိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်လို့ ဂျူဗင်တပ်နိုင်ရင်တောင် မပြတ်သားနိုင်ဘူး။

**½lh;- qmplt ktl** **n-7;30(25-9-15)**

ဖရိုစီနိုနီကို အနိုင်ရခဲ့ပြီးနှစ်ပွဲဆက်အနိုင်ကစားနိုင်ခဲ့တဲ့ ရိုးမားခြေက ကောင်းမွန်လာတယ်။ ဒါပေမယ့် ဆာစူအိုလိုကလည်း ဒီရာသီအစပိုင်းမှာ ခြေစွမ်းကောင်းနေတာလိုတော့သတိပြုရမယ်။ အထူးသဖြင့် ရိုးမားဟာ ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်တာမေ့လို့မရဘူး။ ရိုးမားအနိုင်ရပေမယ့် ဂိုးပြတ်ဖို့ခက်တယ်။

**wlEl qrfD,m;** **n-7;30(20-9-15)**

ဗီရိုနာနဲ့သရေကျခဲ့ပြီး သုံးပွဲကစားပြီးချိန်မှာ အရှုံးမရှိသေးတဲ့ တိုရီနိုရဲ့ခြေစွမ်းပိုင်းကတည်ငြိမ်မှုရှိတယ်။ ဒါကြောင့် ဆမ့်ဒိုးရီးယားရဲ့ ခြေစွမ်းပိုင်းမဆိုးပေမယ့် တိုရီနိုတို့ဖိအားပေးနိုင်မှာပါ။ အထူးသဖြင့် ဆမ်ဒိုးရီးယားအဝေးကွင်းပွဲစဉ်တွေမှာ ခြေစွမ်းအားနည်းတတ်လို့ အိမ်ရှင်တိုရီနိုတို့ ကပ်နိုင်သွားဖို့ရှိတယ်။

**umyDzDlfvD;** **n-10;30(20-9-15)**

ဖီအိုရင်တီးနားဟာ ဂျီနိုအာကို အနိုင်ရခဲ့ပြီး သုံးပွဲအပြီးမှာ နှစ်ပွဲအနိုင်နဲ့ရလဒ်ပိုင်းမဆိုးဘူး။ ဖီအိုရင်တီးနားအနေနဲ့ ဒီပွဲမတိုင်ခင်မှာ ယူရိုပါလိဂ်ကစားခဲ့ရလို့ ပွဲပန်းနိုင်ပေမယ့်လည်း ကာပီရဲ့ အိမ်ကွင်းအားကိုတော့ ထိန်းချုပ်သွားနိုင်မှာပါ။ ကာပီကခြေစွမ်းပိုင်းအားနည်းမှုတွေများလို့ ဖီအိုရင်တီးနားပဲနိုင်ပွဲရသွားမှာပါ။

**emyldDvmZDl** **eluf-1;15(21-9-15)**

နှစ်သင်းစလုံး ယူရိုပါလိဂ်ပွဲတွေကစားခဲ့ရလို့ပွဲပန်းမှု ရှိနိုင်တာချင်းတူပေမယ့် လာဇီယိုကအဝေးကွင်းပွဲကစားခဲ့ရလို့ပွဲပန်းမှုပိုရှိလာနိုင်တယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ ခြေစွမ်းပိုင်းကို ကြည့်မယ်ဆိုရင်တော့ လာဇီယိုရဲ့ ကစားပုံဟာ နာပိုလီထက်ပိုတည်ငြိမ်တယ်။ သရေကျသွားဖို့များတဲ့ပွဲပဲဖြစ်တယ်။

**ရှိုင်းမင်းမင်း**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၀ ရက်က ဖားကန့်မြို့နယ် လုံးခင်းဝေါက်ကွင်းရှေ့တွင် တင့်နိုင်မောင်းနှင်ပြီး ကျော်စွာချစ် လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဘိန်းဖြူသုည ဒသမ ၀၀၀၄၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ရပ်ကွက် ၄၊ မ(၄/ ၇၉)ရှိ တင့်နိုင်(ခ) မောင်နိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား အကြေမှုန့် သုည ဒသမ ၄ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိသည်။

အလားတူ စက်တင်ဘာ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၉) မိုင်းဆတ်နှင့် ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ နားကောင်းမူကျေးရွာ ရပ်ကွက်(၅)နေ လူသန်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀ နှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် လူသန်း(၃၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



တင့်နိုင်(ခ)မောင်နိုင်နှင့် ကျော်စွာချစ်တို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရေး-မော်လမြိုင်သွားကားလမ်း၌ လက်နက်ကိုင်တစ်ဦးက ခရီးသည်တင်မှန်လုံယာဉ်အား သေနတ်ပစ်ခတ်လုယက်မှုဖြစ်ပွား

**မော်လမြိုင် စက်တင်ဘာ ၁၅**

ရေး-မော်လမြိုင်သွားကားလမ်းပေါ်ရှိ လမိုင်းမြို့ နွင်းစုံကျေးရွာအနီး မိုင်တိုင်အမှတ် (၈၂/၆)နှင့် (၈၂/၇)အကြားတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၁ နာရီက ခရီးသည်တင်မှန်လုံယာဉ်ကို သေနတ်ဖြင့်ပစ်ခတ်ကာ လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဦးမင်းမင်း(ခ) နှုတ်ခမ်းမွေး(၄၇)နှစ် မောင်းနှင်ပြီး ယာဉ်နောက်လိုက်မွန်ချမ်း(၂၁)နှစ် ထားဝယ်မြို့နေသူလိုက်ပါလာသော ယာဉ်အမှတ် 8j/---- FUSO အမျိုးအစား လိမ္မော်အပြာအဖြူအစင်းကြားပါမှန်လုံယာဉ်သည် ခရီးသည် ၄၆ ဦးအားတင်ဆောင်၍ မော်လမြိုင်မြို့ဘက်မှ ရေးမြို့ဘက်သို့ မောင်းနှင်လာစဉ် နွင်းစုံကျေးရွာအနီးသို့အရောက် ကားလမ်းဘေးမှ ပြောက်ကျားဝတ်စုံဝတ်လျက် သေနတ်အရှည်တစ်လက် ကိုင်ဆောင်ထားသူတစ်ဦးက မော်တော်ယာဉ်အား သေနတ်ဖြင့် လေးချက်ပစ်ခတ်ရာ ယာဉ်မောင်း ဦးမင်းမင်း (ခ)နှုတ်ခမ်းမွေး၏ ဝဲဘက်မျက်ခုံးအောက်မှ ဝဲနားရွက်အထိ သေနတ်ထိမှန်ပြီး ဒဏ်ရာရရှိကာ မော်တော်ယာဉ်ရပ်တန့်သွားစဉ် ခရီးသည်များအား မော်တော်ယာဉ်ပေါ်မှ ဆင်းခိုင်းကာ ကားလမ်းဘေး၌ မှောက်ခိုင်းပြီး ငွေများထုတ်ပေးရန် တောင်းခံခဲ့သည်။

ယာဉ်နောက်လိုက် မွန်ချမ်းအား မော်တော်ယာဉ်ပေါ်သို့တက်ယူခိုင်းစဉ် မွန်ချမ်းမှာ မော်တော်ယာဉ်ပေါ်သို့တက်ရောက်၍ ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ ယာဉ်ပေါ်ပါခရီးသည်များအနက်မှ စောမိုက်ကယ် (၂၆)နှစ် ဇလွန်မြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေသူထံမှ ငွေကျပ် ၁၈၀၀၀ နှင့် ကိုဝင်းအောင်(၃၈)နှစ် ရေစကြိုမြို့နယ်နေသူထံမှ ကာလတန်ဖိုး ၈၀၀၀၀ ကျပ်တန် HUAWEI အမျိုးအစား ဟန်းဆက်ဆင်းကတ်ပါ ဖုန်းတစ်လုံးကို ယူဆောင်၍ ခရီးသည်များအား မော်တော်ယာဉ်ပေါ်သို့ပြန်လည်တက်ခိုင်းပြီး ကားလမ်း ဘေးရှိတောအတွင်းသို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

**(ထွန်းထွန်း- ရေး)**

# မိတ္ထီလာ-တောင်ကြီးကားလမ်းတွင် ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် ကလောမြို့နယ် မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ်(၆၈/၃-၄)ကြားတွင် စက်တင်ဘာ ၁၃ ရက် ည ၇ နာရီ ၁၅ မိနစ်က ကင်တာယာဉ်တိမ်းမှောက်မှုဖြစ်ပြီး လူသေဆုံး၊ ဒဏ်ရာရမှုများ ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က မိတ္ထီလာမှ လွိုင်ကော်သို့ မိတ္ထီလာမြို့နေ သိန်းလွင်(၃၅)နှစ် မောင်းနှင်လာသည့် 9F/---- ကင်တာယာဉ်သည် ရေယားရွာအဝင်အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ မိတ္ထီလာမြို့နယ် အိုင်းကျေးရွာနေ ဦးစိုးတင့်(၄၉)နှစ်သည် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကျန်ခြောက်ဦးတွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ယာဉ်မောင်း သိန်းလွင်အား ကလောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးအရေးယူ

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ဗဟန်းဈေးအပေါ်ထပ်ရှိ သက်န်းဆိုင်၌ အလုပ်လုပ်ကိုင်နေသည့် မအိအိဌေး၊ မခင်မေစန်း၊ မင်းထက်အောင်တို့အား စက်တင်ဘာ ၁၂ ရက်ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က စိုးမိုးထက်က အသင့်ယူလာသော တုတ်ဖြင့်ရိုက်၊ ဓားဖြင့်ထိုးသောကြောင့် အိအိဌေးမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးပြီး ကျန်နှစ်ဦးမှာဒဏ်ရာများ အသီးသီးရရှိ ခဲ့ခြင်းကြောင့် ဆေးဝါးကုသမှုခံယူခဲ့သည်။

ပြစ်မှုကျူးလွန်သူ စိုးမိုးထက်အား အမြန်ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေခဲ့ရာ စက်တင်ဘာ ၁၃ ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် ပန်းဆိုးတန်းသင်္ဘောဆိပ်၌ ဖမ်းဆီးရမိခဲ့ပြီး ဗဟန်းရဲစခန်းက ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သန္တာမေ(IPRD)**

# မီးပလတ်ပေါက်ထိုးရာမှ ဓာတ်လိုက်သေဆုံး

**နေပြည်တော် စက်တင်ဘာ ၁၅။** ။ မကွေးတိုင်းဒေသကြီး စကုမြို့ အမှတ်(၁)ရပ်ကွက်တွင် စက်တင်ဘာ ၁၃ ရက်က လျှပ်စစ်ရေမော်တာတင်ရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး စကုမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးညိုဌေး(၅၄)နှစ်သည် ယင်းနေ့ ညနေ ၆ နာရီခွဲက နေအိမ်ရှေ့ရှိ အုတ်ရေကန်သို့ ရေတင်ရန်အတွက် လျှပ်စစ်ရေမော်တာ မီးပလတ်ပေါက်ထိုးရာမှ ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ယခင်ပြစ်မှုကျူးလွန်သူအား စစ်ဆေးရာမှ ခါးပိုက်နှိုက်မှုများပေါ်

**နေပြည်တော် စက်တင်ဘာ ၁၅**

မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မပေါ်ပေါက်သေးသည့်အမှုများကို ဖော်ထုတ်ရန် စက်တင်ဘာ ၁၂ ရက် ညနေ ၆ နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရတနာ့ဂူဘုရားပွဲတော်အတွင်း သတင်းစုံစမ်းနေစဉ် ယခင် ခါးပိုက်နှိုက်မှုဖြင့် ပြစ်ဒဏ်ကျခံဖူးသူ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာမြို့သစ်နေ ဝင်းမြိုင် (၂၉)နှစ်ကို တွေ့ရှိစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ဘုရားပွဲအတွင်းသွားလာနေသည့် အမျိုးသားတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံးကိုလည်းကောင်း၊ စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲက အမျိုးသားတစ်ဦး၏ အိတ်ကပ်အတွင်းမှ ငွေကျပ် ၁၅၉၀၀ ကိုလည်းကောင်း နှိုက်ယူခဲ့ကြောင်း သိရသဖြင့် ၎င်းအား အမရပူရမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ဓာတ်ကြိုးပြန်ဆက်ရာမှ ဓာတ်လိုက်သေဆုံး

**နေပြည်တော် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဘုန်းတော်ပြည့်ကျေးရွာတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲက ပြတ်သွားသည့်ဓာတ်ကြိုးပြန်ဆက်ရာမှ လူတစ်ဦး ဓာတ်လိုက်သေဆုံးမှုတစ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က အဆိုပါကျေးရွာနေ ဇော်ဇော်အောင်(၁၇)နှစ်သည် နေအိမ်ခြံဝင်းအတွင်းရှိ ကုက္ကိုပင်ပေါ်တက်၍ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းစဉ် လမ်းမီးတိုင်မှ နေအိမ်သို့သွယ်တန်းထားသည့် လျှပ်စစ်ဓာတ်ကြိုးပေါ်သို့ သစ်ကိုင်းပြုတ်ကျကာ ဓာတ်ကြိုးပြတ်တောက်သွားသဖြင့် လျှပ်စစ်ဓာတ်ကြိုးပြန်ဆက်ရာမှ ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန

### (ယခင် မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းလက်ထက်)အကြွေးပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာနသည် နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန် ပျက်ကွက်သည့် လုပ်ငန်းရှင်များအား သက်ဆိုင်ရာရဲစခန်းများတွင် ရာဇဝတ်ကြောင်းဖြင့်တရားစွဲဆိုရေး အမှုဖွင့်ဆောင်ရွက်လျက်ရှိရာ (ပ)နံပါတ်မကျမီ ကြွေးပေးဆပ်သော ဦးမြင့်ကျော်နှင့် ဦးစောသိန်းတို့အား အမှုရုပ်သိမ်းပေးပြီးဖြစ်ပါသည်။ (ပ)နံပါတ်ကျပြီးမှ ကြွေးပေးဆပ်သော ဦးစန်းဝင်း၊ ဦးမင်းဇော်ဦး၊ ဦးမင်းသိမ်း(အိမ်မဲ)၊ ဦးတင်နွယ်၊ ဦးလွင်ရှိန်၊ ဦးဝင်းမြင့်၊ ဦးဘိုဝင်း(ဦးဗိုလ်ဝင်း)၊ ဦးလှဝင်း(ပန်းတနော်)၊ ဦးအောင်ဖုန်းမြင့်၊ ဦးခင်မောင်သန်း၊ ဦးခင်စိုး၊ ဦးစိုးတင့်၊ ဦးတင်ကို၊ ဦးရဲကိုကိုအောင်၊ ဦးလှအောင်၊ ဦးမင်းဆွေတို့လုပ်ငန်းရှင် (၁၆)ဦးအား ဌာနအနေဖြင့် အမှုရုပ်သိမ်းပေးရန် ဆောင်ရွက်လျက်ရှိပါသည်။ စုစုပေါင်း ကြွေးကျေလုပ်ငန်းရှင် (၁၈)ဦးရှိပြီဖြစ်ပါသည်။

၂။ အောက်ပါလုပ်ငန်းရှင် (၃၇)ဦးသည် ၁၁-၉-၂၀၁၅ရက်အထိ ဖော်ပြပါအတိုင်း အကြွေးပေးသွင်းရန် ကျန်ရှိနေသည့်အတွက် အမြန်ဆုံးပေးသွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | အဖအမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | ကုမ္ပဏီအမည် | ကြွေးကျန်ငွေ(ကျပ်သန်း) |
|---|---|---|---|---|---|---|
| ၁။ | ဦးထွန်းထွန်းလင်း | ဦးကျော်ညိမ်း | [၁၂/တတန(နိုင်)၀၅၈၅၅၀] | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၉. ၃၂၁ |
| ၂။ | ဦးနိုင်နိုင် | ဦးစိုးဝင်း | [၁၂/တတန(နိုင်)၁၃၄၄၁၇] | ကျွန်းတော ၃လမ်း၊ တွံတေး | လုပ်ငန်းရှင် | ၄၅. ၀၅၀ |
| ၃။ | ဦးစိုးသန်း | ဦးသန်းစိန် | [၁၂/တတန(နိုင်)၀၅၆၂၈၇] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၃၄. ၆၁၅ |
| ၄။ | ဦးကြည်ဌေး | ဦးဘီဘူဂါဒင် | [၁၂/တတန(နိုင်)၀၅၆၁၅၆] | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၄၆. ၆၁၅ |
| ၅။ | ဦးတင်စိုး | ဦးအောင်စိန် | [၁၂/ထတပ(နိုင်)၀၄၃၈၀၈] | ပန်းတိုင်ကျေးရွာ၊ ထန်းတပင် | လုပ်ငန်းရှင် | ၃၉၁. ၃၉၆ |
| ၆။ | ဦးသိန်းဌေး | ဦးကျော်မြင့် | [၁၂/ဒဂတ(နိုင်)၀၂၂၃၇၉ ] | ၈၅၊ သရက်တော ၅လမ်း၊ ကြည့်မြင်တိုင် | လုပ်ငန်းရှင် | ၁၀၃. ၈၈၇ |
| ၇။ | ဦးတင်မောင်စိုး | ဦးတင်အေး | [၁၄/ပတန(နိုင်)၁၀၇၉၄၉] | သရက်ငူကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၆၆. ၃၉၂ |
| ၈။ | ဦးသိန်းဝင်း | ဦးကနော်စန်း | [၁၂/သဃက(နိုင်)၁၃၈၀၂၄] | ၁၀၆၁၊ အောင်သီရိလမ်း၊ ဒဂုံမြောက် | "ကိုလေး"အစာ | ၃၇. ၅၆၇ |
| ၉။ | ဒေါ်သဇင်အေး | ဦးတင်ဝင်း | [၇/နတလ(နိုင်)၀၀၀၁၅၅] | ပီ-၁၇၊ ၄၀ါ ၅လမ်း၊ လှိုင် | လုပ်ငန်းရှင် | ၃၅၇. ၈၅၄ |
| ၁၀။ | ဦးကျော်မြင့်ဦး | ဦးဇော်ဝင်း | [၁၂/ဗဟန(နိုင်)၁၀၀၅၈၄] | ၂၄၁၊ ၃၉လမ်း၊ ကျောက်တံတား | PPA Co.,Ltd | ၄၂. ၅၉၀ |
| ၁၁။ | ဦးမြင့်စိုး | ဦးစံညိမ်း | [၁၂/ထတပ(နိုင်)၀၁၆၆၄၈] | တိုက် ၉၊ အခန်း ၀၀၄၊ အောင်ဇေယျ | ဇာတိမာန် | ၁၃၇. ၄၈၂ |
| ၁၂။ | ဦးကျော်စွာဝင်း | ဦးလှဆောင် | [၁၂/တတန(နိုင်)၀၁၆၅၄၆] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၂၈. ၅၁၆ |
| ၁၃။ | ဦးရဲထွန်းနိုင် | ဦးသန်းမောင် | [၅/စကန(နိုင်)၁၄၆၇၆၃ ] | အမှတ် ၆၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာ၊ | ရွှေလမင်းဆန်ထွက်ပစ္စည်း | ၃၃၂. ၉၈၆ |
| ၁၄။ | ဦးကျော်စိန် | ဦးသန်းတင် | [၁၄/ပတန(နိုင်)၀၁၅၉၇၁] | ဂရက်တောကျေးရွာ၊ ပန်းတနော် | လုပ်ငန်းရှင် | ၁၅၃. ၁၇၁ |
| ၁၅။ | ဦးကျော်ဝင်း | ဦးစံထွန်း | (KYN-၁၀၈၀၈၂) | စက်စုပိုင်း၊ ၉ ရပ်ကွက်၊ ခရမ်း | လုပ်ငန်းရှင် | ၁၃၀. ၀၇၄ |
| ၁၆။ | ဦးနေမင်းထက် | ဦးဝင်းမောင် | [၁၂/အစန(နိုင်)၀၄၈၆၁၈] | ခြံ၁၃၊ ၁၀ရပ်ကွက်၊ ဒဂုံအရှေ့ | လုပ်ငန်းရှင် | ၉၉. ၆၀၀ |
| ၁၇။ | ဦးစံငြိမ်း | ဦးမြိုင် | [၁၂/တတန(နိုင်)၀၁၁၄၇၂] | ၁၃၂၊ မြင်သာရပ်ကွက်၊ တွံတေး | လုပ်ငန်းရှင် | ၂၀. ၅၂၆ |
| ၁၈။ | ဦးမြင့်ဇော်အေး | ဦးချစ်အေး | [၁၂/တတန(နိုင်)၀၀၆၁၉၃] | ၆၊ဘုရားလမ်း၊ ကျွန်းတောရပ်၊ တွံတေး | လုပ်ငန်းရှင် | ၂၅. ၇၇၅ |
| ၁၉။ | ဒေါ်စန်းသီရိချို | ဦးသိန်းနိုင် | [၆/မမန(နိုင်)၁၁၇၂၅၈] | ၁၃၁၊ အေးချမ်းသာယာရပ်၊ မြိတ်၊ | ကြက်စာရောင်းဝယ်ရေး | ၅၆. ၁၆၂ |
| ၂၀။ | ဒေါ်သီတာအေး | ဦးဇော်ဝင်း | [၁၂/လမန(နိုင်)၅၀၁၇၉၁] | ၄၄-ခ အုန်းတောဘုရားလမ်း၊ ကမာရွတ် | PPA Co.,Ltd | ၁၇. ၂၆၅ |
| ၂၁။ | ဦးအောင်နိုင်ထွန်း | ဦးထွန်းရီ | [၁၂/လသန(နိုင်)၀၀၉၃၇၄] | ၉၂ ဗိုလ်ရွှဲလမ်း၊ လသာ၊ | လုပ်ငန်းရှင် | ၁၇. ၉၉၃ |
| ၂၂။ | ဦးစိုးမင်းထွန်း | ဦးတင်ထွန်း | [၁၂/တတန(နိုင်)၁၁၈၄၅၂] | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၁. ၉၄၃ |
| ၂၃။ | ဦးစိန်သောင်းဦး | ဦးထွေးအောင် | [၁၂/တတန(နိုင်)၀၅၆၃၂၈] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၁၀. ၂၉၉ |
| ၂၄။ | ဦးဝင်းလှိုင် | ဦးလှကြည် | [၁၂/တတန(နိုင်)၀၇၄၈၉၃] | ခတ္တိယကျေးရွာ၊ တွံတေး၊ | လုပ်ငန်းရှင် | ၁၅၂. ၀၀၆ |
| ၂၅။ | ဦးကျော်ကျော်နိုင် | ဦးညိမ်းဟံ | [၁၂/တတန(နိုင်)၀၁၀၆၇၈] | တူးချောင်းကြီးကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၇၃. ၉၈၁ |
| ၂၆။ | ဦးစန်းလှ | ဦးတင်ဝင်း | [၁၂/တတန(နိုင်)၀၃၈၁၁၃] | မြောင်းတလုပ်ကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၁၀၅. ၈၄၂ |
| ၂၇။ | ဦးလှဝင်း(တွံတေး) | ဦးတလုပ် | [၁၂/တတန(နိုင်)၀၅၆၅၈၇] | ခတ္တိယကျေးရွာ၊ တွံတေး | လုပ်ငန်းရှင် | ၆၂. ၂၁၁ |
| ၂၈။ | ဒေါ်လေးလေးခိုင် | ဦးတင်ထွန်းဝင်း | [၁၂/အလန(နိုင်)၀၀၀၁၆၀] | ၂၊ သစ်တောလမ်း၊ အလုံ | အာရှသား International Co.,Ltd | ၄၀၆. ၅၈၉ |
| ၂၉။ | ဦးမင်းသိမ်း | ဦးမောင်မောင်သိမ်း | [၁၃/ကမန(နိုင်)၀၀၁၅၉၃] | ၈၉/၉၀၊ ၃ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၆၆၈၀. ၈၇၇ |
| ၃၀။ | ဦးမင်းသိမ်း(သုံးပွင့်ဆိုင်) | ဦးမောင်မောင်သိမ်း | [၁၃/ကမန(နိုင်)၀၀၁၅၉၃] | ၈၉/၉၀၊ ၃ ဘီ၊ ဗဟိုစည်အိမ်ရာ | လုပ်ငန်းရှင် | ၄၅၀၉. ၆၉၅ |
| ၃၁။ | ဦးသုတရွှေဦးလှမြင့်အောင် | ဦးရွှေဝိုင်း | [၁၃/မပတ(နိုင်)၀၀၃၂၆၄] | အစာစပ်စက်ရုံ၊ ညောင်တုန်း၊ | "ဖြိုးရော"ကုမ္ပဏီ | ၅၅၁၆. ၆၇၇ |
| ၃၂။ | ဦးဇော်ဇော်တိုး | ဦးလှတိုး | [၁၄/ဒဒရ(နိုင်)၀၀၀၀၃၁] | ၄၀၂၊ ၉ လမ်း၊ သမိုင်း၁ရပ်ကွက်၊ မရမ်းကုန်း | "ရွှေဘုံစံ"ပွဲရုံ | ၂၀၅၇. ၅၆၆ |
| ၃၃။ | ဦးကြည်ဝင်း | ဦးပု | [၁၂/တကန(နိုင်)၁၁၅၀၃၂] | ၃၈၊ဘုရင့်နောင်ကျော်ထင်နော်ရထာလမ်း၊ တွံတေး၊ | လုပ်ငန်းရှင် | ၁၄၆၉. ၃၂၉ |
| ၃၄။ | ဦးဟိန်းဇော်စစ် | ဦးစစ်လှိုင် | [၁၄/ဟသတ(နိုင်)၀၀၀၁၄၇] | ၃၀၅၊ တိုက်၇၊ ၄ရပ်ကွက်၊ ရွှေထီးအိမ်ရာ၊ မရမ်းကုန်း၊ | လုပ်ငန်းရှင် | ၁၄၁၀. ၇၄၅ |
| ၃၅။ | ဦးမျိုးအောင် | ဦးမောင်ဟန် | [၁၂/တကန(နိုင်)၀၉၉၀၆၇] | ၄၁၊ မြို့လယ်လမ်း၊ ဈေးရပ်ကွက်၊ တိုက်ကြီး | လုပ်ငန်းရှင် | ၁၂၇၉. ၇၁၉ |
| ၃၆။ | ဦးမိုး | ဦးဘမောင် | [၅/စကန(နိုင်)၁၃၀၈၈၀] | စက်မှုဇုန်-၂၊ ပြည်ကြီးတံခွန်၊ မန္တလေး | စိန်စိန်တိုးဆီစက် | ၆၇၁. ၂၄၆ |
| ၃၇။ | ဦးမျိုးမင်းသိမ်း | ဦးဘွန်သိန်း | [၁၂/မရက(နိုင်)၀၀၄၇၄၃] | ၂၃၄၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း၊ | "မြပန်းခေတ်"ကုမ္ပဏီ | ၄၈၃. ၈၄၄ |

၃။ အကြွေးပေးသွင်းရန်ကျန်ရှိသူများအား တရားဥပဒေနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) ကြွေးကျန်လုပ်ငန်းရှင်များအား ၁၉၆၃ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ-၃(အပက-၃)အရ "မည်သူမဆို အများနှင့်သက်ဆိုင်သော ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားပြုမှု၊ သို့တည်းမဟုတ် လိမ်လည်မှုကျူးလွန်လျှင် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ (၁၀)နှစ်အောက်မနည်းသည့်ထောင်ဒဏ်ဖြစ်စေ၊ စီရင်ခြင်းခံရမည့်အပြင် ငွေဒဏ်လည်းစီရင်ခြင်းခံရမည်"ဖြစ်ပါသည်။

(ခ) ၁၉၅၁ခုနှစ်၊ ရာဇဝတ်ပြင်ဆင်ချက် အက်ဥပဒေအရ ကြွေးကျန်လုပ်ငန်းရှင်များ၏ ပိုင်ဆိုင်မှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းသွားမည်ဖြစ်ပါသည်။

(ဂ) ဌာနအနေဖြင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူ့ဘဏ္ဍာငွေများ၊ ပစ္စည်းများဆုံးရှုံးခြင်းကို ကာကွယ်သွားမည်ဖြစ်ပါသည်။ **မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ပြည်တွင်းရေးရာ

# မြိုင်ကလေးကျေးရွာမိုးစပါး မျိုးသန့်ဇုန်ဧက၁၀၀၌ မြေသြဇာစုပေါင်းကြဲပက်

**ဘားအံ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ်အတွင်း ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး လယ်ယာ ကုန်ထုတ်လုပ်မှု၌ မိုးစပါးတစ်ဧက အထွက်နှုန်းတိုးစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ကရင်ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာ မိုးစပါးဆင်းသုခမျိုးသန့်ဇုန်ဧက ၁၀၀ အတွင်း တောင်သူ ၁၂ ဦး၏ လယ် ၃၀ ဧက စပါးစိုက်ကွက်တွင် မြေသြဇာ စုပေါင်းကြဲပက်ပွဲကို စက်တင်ဘာ ၁၀ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်၊ ပြည်နယ်စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာတို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတိုးဝေက စိုက်ပျိုးနည်းစနစ် မှန်ကန်ပြီး တစ်ဧကအထွက်နှုန်း တိုးရေးနှင့် သမားရိုးကျစိုက်ပျိုးရာမှ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို ပညာပေးပြောကြားခဲ့သည်။

မြိုင်ကလေးကျေးရွာ၊ လျာကာကျေးရွာ၊ ဖားကပ်ကျေးရွာ၊ ရသေ့ပုံကျေးရွာများမှ တောင်သူများက စိုက်ပျိုးရေးနှင့်ပတ်သက်သော သိလိုသော အချက်များနှင့် လိုအပ်ချက်များကို မေးမြန်းကြရာခေတ္တဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကာ တောင်သူ ၁၂ ဦး၏ လယ်ဧက ၃၀ စပါးစိုက်ကွက်အမှတ် ၁၀၃၈ အတွင်းသို့ သုံးဧကလျှင် နိုက်ထရိုဂျင်တစ်အိတ်၊ ပုလဲတစ်အိတ်နှင့် တောင်သုံးလုံးသဘာဝမြေသြဇာ သုံးအိတ်နှုန်းရောစပ်ပြသပြီး စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။ **နေမျိုးလွင် (ပြန်/ဆက်)**

# သံဖြူဇရပ်မြို့နယ်တွင် တာဝေး ခရီးကြမ်း ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကျင်းပ



**သံဖြူဇရပ် စက်တင်ဘာ ၁၅**

မွန်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီမှကြီးမှူးကျင်းပသည့် ၄၇ မိုင် (၇၅ကီလိုမီတာ)တာဝေးခရီးကြမ်း ဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်က သံဖြူဇရပ်မြို့တွင် ကျင်းပခဲ့သည်။

ပြိုင်ပွဲကျင်းပရာတွင် သံဖြူဇရပ်မြို့မဈေးအရှေ့မှ မွန်းလွဲ ၂ နာရီတွင် စတင်တာထွက်ပြီး မုဒုံမြို့နယ် ကလော့သော့ကျေးရွာသို့ အသွားအပြန်နှင့် ထိုမှ သံဖြူဇရပ်မြို့နယ် ကျိုက္ခမီလမ်း ကရင်သောင်ကျေးရွာ၏တောင်ပေါ်လမ်းသို့တက်၍ တောင်ပေါ်လမ်းအတိုင်း ခုနစ်မိုင်ခန့်ခရီးကို ကျောက်လမ်း၊ သဲလမ်း၊ ရွှံ့ဗွက်လမ်း၊ စမ်းချောင်းများဖြတ်ကျော်ကာ အနမ်းစမ်းကျေးရွာလမ်းမှ သံဖြူဇရပ်မြို့သို့ ပြန်လည်ပန်းဝင်ရမည်ဖြစ်သည်။

ပြိုင်ပွဲကို မွန်ပြည်နယ်အားကစားကော်မတီနှင့် သံဖြူဇရပ်မြို့နယ် အားကစားကော်မတီတို့မှ ကြီးကြပ်ဆောင်ရွက်ပေးပြီး ပြိုင်ပွဲသို့ မွန်ပြည်နယ်အတွင်းမှ စက်ဘီးသမားများနှင့် ရန်ကုန်၊ မန္တလေး၊ ဖျာပုံ၊ ဘားအံ၊ ထားဝယ်တို့မှ ပြိုင်ပွဲဝင်များအပါအဝင် ဗီယက်နမ်နိုင်ငံမှ ဧည့်သည်ပြိုင်ပွဲဝင်တစ်ဦးနှင့် ပြိုင်ပွဲဝင်ပေါင်း ၈၇ ဦးတို့က Mountain စက်ဘီးအမျိုးအစားတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင် စက်ဘီးသမားများသည် ညနေ ၄ နာရီမှစ၍ သံဖြူဇရပ်မြို့သို့ ပြန်လည်ပန်းဝင်ခဲ့ရာ ကိုခင်ချို(ရန်ကုန်)က ပထမ၊ ချမ်းမြေ့နောင်(သံဖြူဇရပ်)က ဒုတိယနှင့် ကျော်ထက်အောင်(ရန်ကုန်)က တတိယရရှိခဲ့ရာ ပထမမှ ဒသမအထိ ဆုများကို မွန်ပြည်နယ် ဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်းနှင့် မွန်ပြည်နယ်စက်ဘီးအားကစားဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကံထွန်းတို့က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(မြို့နယ်ပြန်/ဆက်)**

# tao;pm; tvwfpm; pufrIvkyfief;rsm; zGHUNzdK;wdk;wufa&; SME Agency aqG;aEG;yGJusif;y

**မန္တလေး စက်တင်ဘာ ၁၅**

အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး SME Agency အစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။အဆိုပါအစည်းအဝေးသို့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး၊ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွင်းရေးမှူး ဦးမျိုးထွဋ်ဆွေနှင့် SME Agency အဖွဲ့ဝင်တိုင်းဒေသကြီးဦးစီးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ SME Agency ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီးဦးကျော်မြင့်က အမှာစကားပြောကြားရာတွင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ လုပ်ငန်းရှင်များအနေဖြင့် ချေးငွေများ မြန်မြန်ဆန်ဆန်ရရှိရေး၊ ရုံးလုပ်ငန်းဆိုင်ရာများ အဆင်ပြေချောမွေ့စေရေး၊ Claster များဖွဲ့စည်းနိုင်ရေး၊ နည်းပညာဆိုင်ရာများရရှိနိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ **သီဟကိုကို(မန္တလေး)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**မင်းလှ စက်တင်ဘာ ၁၅**

သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သစ်သီးဝလံအခြေပြု အခြေခံစားသောက်ကုန် ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၄ ရက်နံနက်၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြု သစ်သီးဝလံအခြေပြု အခြေခံစားသောက်ကုန်ပြုလုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ပြီး သံပုရာကန်၊ မဲဇလီတော၊ ချောင်းဂွ၊ ဥယျာဉ်ကျေးရွာများမှ ဒေသခံ သင်တန်းသူ ၂၆ ဦးတက်ရောက်ကြမည်ဖြစ်ကာ သင်တန်းကာလမှာလေးရက်ကြာမြင့်မည်ဖြစ်သည်။

**ကိုသက်(အထက်မင်းလှ)**



ORIENTAL CENTURY
TRAVELS & TOURS

ဇန်ကောက် - ပတ္တရား ( ၄ ရက် ၃ ည ) ( Oct 29 ) - 450 USD
ဇန်ကောက် - ပတ္တရား - အယုဒ္ဓရ ( ၆ ရက် ၅ ည ) ( Oct 24 ) - 620 USD
ချင်းမိုင်- ချင်းရိုင် - ရွှေတြိဂံ ( ၆ ရက် ၅ ည ) ( Oct 23 ) - 790 USD
ဟန္နွိုင်း - ဟာလောင်း (ဗီယက်နမ်) ( ၄ ရက် ၃ ည ) ( Oct 25 ) - 750 USD
ကမ္ဘောဒီးယား ( ၅ ရက် ၄ ည ) ( Oct 27 ) - 800 USD

စက်တင်ဘာလ(၃၀) ရက်နေ့ထိ Booking ပြုလုပ်သူများကို USD 15 $ Discount ပြန်လည်ရရှိပါမည်။

အမှတ် (၄၁)၊ ပထမထပ်၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၂၁၀၂၉၇၇၁၊ ၀၉၇၉၆၁၀၁၁၃၄၈၊ ၀၉၇၉၆၁၀၁၃၄၉

**ကုန်သည်စက်မှုအသင်းချုပ်ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများ၊ လုပ်ငန်းရှင်အသင်းသားများအနေဖြင့် Young Leaders Program(YLP) ပညာသင်ဆုလျှောက်ထားနိုင်ခြင်း**

ဂျပန်နိုင်ငံ Ministry of Education, Culture, Sports, Science and Technology (Monbukagakusho:MEXT)မှ Young Leaders Programme (YLP) အစီအစဉ် ဖြင့် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ခုနှစ်၊ ဩဂုတ်လအထိ Master of Business Administration (ပညာသင်ဆု)လျှောက်ထားနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ အောက်ဖော်ပြပါ အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါကြောင်း အကြောင်းကြား လာပါသည်။

(က) ခေါင်းဆောင်နိုင်စွမ်းအရည်အချင်းရှိသူ
(ခ) ၃၅နှစ်အောက် (Born or after September 2,1981)
(ဂ) အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်သူ
[TOFEL-Ibt-100,TOFEL-PBT-600,TOFEL-CBT-250 (or) IELTS or other can convert to TOFEL or IELTS]
(ဃ) လုပ်ငန်းခွင်အတွေ့အကြုံသုံးနှစ်ရှိသူ
(င) ကျန်းမာရေးကောင်းမွန်သူ
(စ) တက္ကသိုလ်၌ GPA 3.5 နှင့်အထက် အောင်မြင်ထားသူ
(ဆ) Young Leaders Program(YLP) 1 year Program သို့ တက်ရောက်ရန် လုံလောက်သော အရည်အချင်းရှိသူ

သို့ဖြစ်ပါ၍ အဆိုပါပညာသင်ဆုအား ကုန်သည်စက်မှုအသင်းချုပ်ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများ၊ လုပ်ငန်းရှင်အသင်းသားများအနေဖြင့် ဝင်ရောက်လျှောက်ထားနိုင်ပါရန်နှင့် လျှောက်ထားမည့်ပုဂ္ဂိုလ်များ အမည်စာရင်းကို ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာဖြည့်စွက်၍ ၂၁-၉-၂၀၁၅ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ ကုန်သည်စက်မှုအသင်းချုပ် အတွင်းရေးမှူးဌာန ဖုန်း-၀၁-၂၃၀၁၅၅၆၊ ၂၃၀၁၅၅၇သို့မဟုတ် Email:so.umfcci@ gmail .com, memberaffairs@umfcci.org.mm, service.umfcci@gmail.com သို့ ပေးပို့ပေးပါရန်နှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက http://www.mext.go.jp/english/highered/1304786.htm တွင် ဝင်ရောက်လေ့လာနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။


**ကုန်သည်စက်မှုအသင်းချုပ်**

Super Rich Man
Swimming Pool Specialize Company

ရေကူးကန်နှင့်ပတ်သက်သော လုပ်ငန်းအားလုံး နေရာဒေသမရွေးတာဝန်ယူဆောင်ရွက်ပေးပါသည်။
* ရေကူးကန် တည်ဆောက်ခြင်းလုပ်ငန်းကို ငလျင်လှုပ်ခြင်းနှင့် ဆူနာမီဖြစ်ခြင်းတို့မှလွဲ၍(၂၅)နှစ်အာမခံဖြင့်တည်ဆောက်ပေးသည်။(၂၅)နှစ်အတွင်း ရေကူးကန်ကျိုးလျှင် ပြန်လည်ပြုပြင်ပေးပါမည်။
* ရေကူးကန်ထိန်းသိမ်းရေး လုပ်ငန်းကိုလစဉ်ဆောင်ရွက်ပေးပါသည်။
* ရေကူးကန်သုံး စက်ပစ္စည်းများ အားလုံးရောင်းချပေးပါသည်။
* ရေကူးကန်သုံး ကြွေပြားများ သီးသန့်ရောင်းချပေးပါသည်။
* ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဒီဇိုင်းရေးဆွဲပေးခြင်း၊ ခန့်မှန်းခြေကုန်ကျစရိတ်တွက်ချက်ပေးခြင်းတို့ဆောင်ရွက်ပေးပါသည်။
* ရေကူးကန်ရှိပြီးသောသူများအတွက်ရေသန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးပါသည်။
* ရေကူးကန်ပစ္စည်းများ ဟောင်းနွမ်းဆွေးမြေ့နေပါက အသစ်လဲလှယ်တပ်ဆင်ပေးပါသည်။

Show Room: အမှတ်(၂၉-ဘီ)၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေ။
Ph: 09-784711147, 09-784722247, 09-784733347

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**အယမန်နေ့မှအဆက်**

ဤသို့ ဆိုင်ပိုင်၊ အိမ်ပိုင်နှင့် ဖြစ်နေသည်ကို မြင်သောအခါ ထွန်းငွေကဲ့သို့ တက္ကသိုလ်မှ လက်ဝဲ ကျောင်းသားများက မိမိကို ခနရှင်ပေါက်စ လူတန်းစားဟု ဘွဲ့မည်ပေးမည်လော မပြောတတ်၊ ပြောလျှင်လည်း ရယ်ရမည်သာတည်း။ သူတို့သည် မူမတူလျှင် လူကိုမကြည့်ဘဲ စာအုပ်လှန်၍ ဘွဲ့ပေးရန် ကြိုးကုတ် အလုပ်ရှာသူများသာ ဖြစ်သတည်း။ သမိုင်းဖြစ်စဉ်ကို မသိလျှင် စာအုပ်လှန်၍ မာတိကာအစဉ်အတိုင်းသရုပ်ခွဲ၍ အနက်ဖော်သူများသာ ဖြစ်ကြလေသတည်း။

သာယာသော သီတင်းကျွတ်လ၏ ပြည်မြို့တွင် သက်ခိုင်သည် မေမေသက်သက်၏ ဆိုင်၌ ဈေးကူရောင်းပေးရင်း ပျော်ရွှင်စွာ အချိန်ကုန်ခဲ့၏။

သက်ခိုင်၌ အပြစ်တစ်ခုသာရှိသည်။ ထိုအပြစ်ကား မေမေသက်သက်အဖြစ် သက်ခိုင်က ပြည်မြို့ထွက် ပစ္စည်းများကို စုဆောင်း၏။

ပြည်၏ တောတောင်တို့မှ ထွက်သော ပျားရည်သည် ချိုလည်း ချိုသည်။ သင်းလည်း သင်းသည်။ စစ်လည်းစစ်သဖြင့် ဆေးဖက်လည်းဝင်၏။ ပြည်၌သာ ထွက်သော လက်ဖက်တစ်မျိုးသည် ဆိမ့်လည်းဆိမ့်၏။ နူးလည်း နူးညံ့သည်။ ရင်လည်း မခံ၊ နှလုံးလည်းမတုန်၊ မျက်စိလည်း မကြောင်၊ သဖန်းသီးနှင့်တူသော ကတွတ်သီးယိုသည်လည်း ပြည်၏ ထူးကဲသော လက်ဆောင်ကောင်းတစ်ခုဖြစ်၏။

သက်ခိုင် ရန်ကုန်သို့ မပြန်မီ တစ်ညု၌ ဤလက်ဆောင်ပစ္စည်းများကို ကြည့်ကာ သက်သက်ကမေး၏။

"သားက ဒီလက်ဆောင်တွေ အပင်ပန်းခံစုပြီး ဘယ်သူ့ပေးမလို့လဲ"

သက်ခိုင်သည် မိခင်၏ မျက်နှာကို ရှက်ပြုံး ပြုံးကြည့်သည်။

"ဒီလိုပဲ. . . ပေးစရာတွေ ရှိလို့ပေါ့ မေမေရယ်"

သက်သက်သည် ကြည်လင်ချိုသာစွာ ရယ်၏။

"ပေးစရာရှိရင်လည်း ပေးပေါ့သားရယ်၊ တစ်ခုတော့ မေမေပြောမယ်နော်၊ အပေးချည်း မလုပ်နဲ့၊ အယူချည်းလည်း မလုပ်နဲ့၊ အပေး အယူဆိုတာ ရှိရတယ်၊ အပေးအယူမျှဖို့ကလည်း ဘဝချင်းတူမှ ဖြစ်ကြတာ၊ သား အခု လက်ဆောင်တွေ သွားပေးမယ့်သူဟာ မိန်းကလေးတစ်ဦး ဖြစ်နေရင် မေမေ့စကားကို သားကောင်းကောင်းမှတ်သွား၊ မေမေ စာတွေထဲမှာ ဖတ်ဖူးတယ်၊ သားတို့ တက္ကသိုလ်က မိန်းမတွေဆိုတာဟာ အယူသာရှိတယ်၊ အပေးမရှိဘူးတဲ့၊ မေမေတော့ မသိဘူးနော်၊ မေမေ မှားချင်မှားနေလိမ့်မယ်၊ သားကမေမေ့ထက် ပညာတတ်တာပဲ၊ အစစရာရာ သတိထားပေါ့ သားရယ်"သက်သက်သည် စကားကို ခေတ္တရပ်လိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရဟန် ဆက်၍ဆို၏။

"သား ငယ်ငယ်က မေမေပြောဖူးတယ်၊ လောကမှာ စူဠသုဘဒ္ဒါတွေလည်း ရှိတယ်၊ မဟာသုဘဒ္ဒါတွေလည်း ရှိတယ်၊ မဟာသုဘဒ္ဒါနဲ့သာတွေ့ပါစေလို့ မေမေ ဆုတောင်းတယ်"

သက်ခိုင်သည် ခေါင်းကျိုးကာ ရုတ်တရက် အဖြေ မပေးနိုင်။ အတန်ကြာမှ မိခင်ကို ဦးချရှိခိုးပြီး ဆို၏။

"မေမေ့ဆုတောင်းနဲ့ ကျွန်တော် ပြည့်ပါရစေ၊ ဘဝဆက်တိုင်းဆက်တိုင်း မဟာသုဘဒ္ဒါနဲ့ပဲ ကျွန်တော် တွေ့ပါရစေမေမေ"

သက်သက်သည် သက်ခိုင်၏ ဆံပင်များကို ပွတ်ကာ ရယ်မော၍ ဆို၏။

"မေမေ့ဆုတောင်း သားမှာ ပြည့်ပါစေကွယ်၊ ဒါပေမယ့် သားဟာ မဟာသုဘဒ္ဒါနဲ့ မတွေ့ရင် ဘယ့်နှယ်လုပ်မလဲ"

သက်ခိုင်သည် ကြေကွဲဝမ်းနည်းစွာ ပြုံးရင်း မိခင်ကို အဖြေပေးနေ၏။

"မဟာသုဘဒ္ဒါနဲ့ မတွေ့ရင်. . . တွေ့ရက်နဲ့ မဆုံရင် စူဠသုဘဒ္ဒါကိုတော့ ကျွန်တော် မရှာတော့ပါဘူး မေမေ"

သက်သက်သည် သား၏ ဆံပင်များကို ပွတ်ရင်း မျက်ရည်ဝဲနေ၏။

ခေါင်းငုံ့ထားသော သက်ခိုင်က မိခင် မမြင်အောင် မျက်ရည်ကျသည်။

အမှန်မှာ (သူ့အထင်နှင့်မူ) မဟာသုဘဒ္ဒါကို တွေ့ကြုံမြင်ပြီး ဖြစ်နေပါ၏။ သို့ရာတွင် သူနှင့် သူ့မဟာသုဘဒ္ဒါတို့ကား ရှင်မဟာရဋ္ဌသာရ ရေးသကဲ့သို့ 'ကြေးငွေဂဟော. . . မစပ်လေသို့' ပါတကား။

ကြေးငွေဂဟော မစပ်လေသို့တကား. . .။

သီတင်းကျွတ် ကျောင်းပိတ်ရက်အကုန် နိုဝင်ဘာလဆန်း၌ သက်ခိုင်တို့ တက္ကသိုလ်မြေသို့ ပြန်ရောက်ကြသောအခါတွင် တကောင်းကျောင်းဆောင်ကြီး ပြန်ဖွင့်နေပေပြီ။

တကောင်းကျောင်းဆောင်အတွက် သီးသန့်အဆောင်မှူး မခန့်သေး။ ပြည်ကျောင်းဆောင်၏ အဆောင်မှူးဦးကျော်ထွန်းကပင် ကျောင်းဆောင်နှစ်ဆောင်စလုံးကို အုပ်ချုပ်ရ၏။ အစားအသောက်ကို ပြည်ကျောင်းဆောင်မှာပင် ကျွေး၏။

သက်ခိုင်၊ ယုမောင်၊ တင်မောင်စိုး၊ အေးဝင်း၊ မောင်ရှိန်တို့ အားလုံးသည် တကောင်းကျောင်းဆောင်သို့ ပြောင်းခဲ့ကြသည်။

ပြည်ကျောင်းဆောင်၌ နေစဉ်က အခန်းသီးသန့် မရနိုင်သောကြောင့် သက်ခိုင်သည် ယုမောင်နှင့် တွဲနေရ၏။ အေးဝင်းသည်လည်း တင်မောင်စိုးနှင့် တွဲနေရ၏။ တကောင်းကျောင်းဆောင်၌ကား သက်ခိုင်ရော. . . အေးဝင်းပါ သီးသန့်အခန်းကိုယ်စီရကြ၏။

သက်ခိုက်သည် ကိုယ့်အခန်းကိုယ် ရှင်းလင်းပြင်ဆင်ပြီးနောက် ညနေပိုင်းတွင် ရေမိုးချိုး အဝတ်အစားလဲသည်။ ပြည်မှ ယူခဲ့သော လက်ဆောင်များကို လက်ဆွဲခြင်းတစ်ခုတွင် ထည့်ကာ သပ်ရပ်အောင် ပြင်ဆင်နေခိုက် အခန်းဝမှ ခြေသံများ ကြားရ၏။ မရှေးမနှောင်းပင် ပွဲနေပွဲထိုင်သွားမည့်အလား ပိုးအပေါ်ဝတ်အင်္ကျီ၊ ပိုးလုံချည်ကိုယ်စီဖြင့် မောင်ရှိန်၊ တင်မောင်စိုး၊ အေးဝင်းနှင့် ယုမောင်တို့ ပေါ်လာကြ၏။

မောင်ရှိန်သည် တည်၍မရသော သူ့မျက်နှာ စပ်ဖြဲဖြဲကို တတ်နိုင်သမျှ ဘရိတ်အုပ်ပြီး အလွန်ယဉ်ကျေးစွာ မေး၏။

"ကျွန်တော်များ နောက်မကျသေးဘူး ထင်ပါတယ်. . . နော် အစ်ကို"

တင်မောင်စိုးကလည်း ရှေ့သို့တက်လာကာ ဦးကလေး ညွတ်ပြီး ဖြည့်စွက်တောင်းပန်သည်။

"တကယ်လို့များ. . . တစ်မိနစ် နှစ်မိနစ်များ နောက်ကျသွားရင်လည်း မလိမ်မိုးမလိမ်မာတွေမို့ တစ်ကြိမ်တစ်ခါသည်းခံပြီး ခွင့်လွှတ်ပါလို့ နော်. . . ခင်ဗျာ"

သက်ခိုင်သည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေကြသော ဤသတ္တဝါနှစ်ရှဉ်းကို နားမလည်စွာ မော့ကြည့်ပြီး မေး၏။

"နေပါဦး . . . မင်းတို့ ဘာအရူးထလာကြတာလဲ"

မောင်ရှိန်က ဖြေသည်။

"အရူးထလာတာ မဟုတ်ဘူး၊ အကောင်းထလာကြတာ၊ အဝတ်အစားက စကြည့်၊ အကောင်းချည်းပဲ၊ ခါးပေါ်အခုမှ ဒုတိယအကြိမ် တင်ရတာ၊ အိမ်က ပြန်လာစငွေရွှင်လို့ အငြိမ်းစားပေးထားရာက ရွေးယူလာတာ၊ မယုံနမ်းကြည့်. . . အပေါင်ဆိုင်က ပရုတ်နံ့လေးတွေကို သင်းလို့"

တင်မောင်စိုးက ဖြည့်စွက်ပြန်သည်။

"ဟိသစ္စံ၊ ဤစကားသည် မှန်၏။ မယုံ နမ်းကြည့်၊ ပရုပ်နံ့လေးတွေကို သင်း. . လို့"

ဤသတ္တဝါနှစ်ကောင်းနှင့် ဖက်ပြောနေလျှင် ဆုံးတော့မည် မဟုတ်မှန်း သိသောကြောင့် သက်ခိုင်က စိတ်ပျက်လက်ပျက်နှင့် တောင်းပန်၏။

"ကဲ. . ကိုယ့်လူတို့၊ မင်းတို့ အဝတ်အစားတွေက ပရုပ်အနံ့မကလို့ တရုတ်နံ့ သင်းသင်း၊ တော်ကြတော့. . ရှုပ်မနေနဲ့၊ ငါသွားစရာရှိသေးတယ်"

မောင်ရှိန်က ဦးခေါင်းလေး ညွတ်ပြီး ဖြေသည်။

"ဟုတ်ပါတယ်၊ သွားစရာရှိမှန်းသိလို့ ကျွန်တော်များ အချိန်မီရောက်လာကြပါတယ်၊ မဟုတ်ဘူးလား တင်မောင်စိုးရာ. . ပြောပြလိုက်စမ်းပါဦး၊ တို့ နည်းနည်းလေး နောက်ကျသွားလို့. . သူစိတ်ဆိုးနေတယ်နဲ့ တူတယ်"

"အေးလေ. . . ဒါကြောင့်လည်း ပညာရှင်ပီပီ ပြေးကြည့်မှ မြင်လို့ ငါတောင်းပန်ပြီးပါရောလား၊ နည်းနည်း လေးနောက်ကျသွားတာကို ခွင့်လွှတ်ပါလို့၊ ဟော့ကောင်သက်ခိုင် . . . ဒါလောက်ကလေးနဲ့တော့ သူငယ်ချင်းချင်းစိတ်မကောက်နဲ့ကွာ၊ သူငယ်ချင်းချင်း စိတ်ကောက်ရင် . . . ယုမောင်လိုပဲ ရည်းစားဦးနဲ့ လွဲတတ်တယ်"

နောက်မှ နေသော ယုမောင်က တင်မောင်စိုး၏ ဇက်ပိုးကို အုပ်၏။

"ငါက ဘယ်ရည်းစားဦးနဲ့ လွဲရသေးလို့လဲ၊ မင်းနှမနဲ့လား"

"ဟင့်အင်း. . . အဲဒါတော့ မဖြစ်နိုင်ဘူး၊ ငါ့နှမက ချောပေမယ့်. . . အခုမှ ဆယ့်နှစ်နှစ်သမီးရှိသေးတယ်"

အေးဝင်းက ဝင်ဟား၏။

(ဆက်လက်ဖော်ပြပါမည်။)

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


Recongnized European Masters

ROBINSON Business School

အရည်အချင်းပြည့်ဝသော Business Leader များအတွက် Switzerland နိုင်ငံနှင့် Poland နိုင်ငံတို့မှ တိုက်ရိုက်ချီးမြှင့်ပေးအပ်သော

Official University Partners

UNIVERSITY of INFORMATION TECHNOLOGY and MANAGEMENT in Rzeszow, POLAND

Victoria University The School of Management

Undergraduate Programme

BBA

Bachelor of Business Administration(3 years)

Entry Requirement: Grade 11

Top-up BBA

Bachelor of Business Administration (Top-up)

Entry Requirement:Dip/Adv. Dip

Postgraduate Programme

DUAL Masters MBA / MIM

Master of Business Administration / Master of International Management



September Intake Enroll Now!

Free! English Class

Scholarship Available!

09 4200 53536
09 431 96211

RBS City Campus 206-E, Level-2, La Pyayt Wun Plaza, Alan Pya Pagoda Rd, Dagon Tsp, YGN. www.rbsmm.com



## ဝန်ထမ်းအမြန်အလိုရှိသည်

**Ever Glory Company Limited**

For Medical Products

1.Marketing Manager ကျား/မ(၂)ဦး
(M.B.B.S, Exp; 3 yrs, Computer Skill)
Marking Plan ဆွဲနိုင်ရမည်။

2.Services Engineer ကျား(၃)ဦး
(BE or AGTI, Exp ရှိသူဦးစားပေး၊ နယ်ခရီးထွက်နိုင်သူ)

3.Medical Representative ကျား/မ(၅)ဦး
(Expရှိသူ ဦးစားပေး၊ နယ်ခရီးထွက်နိုင်သူ)

**For Technical Services**

PABX System (Toshiba), PA System (TOA)
Conference System (TOA), CCTV (Samsung)
Fire Detection & Alarm (NITTAN)

1.Marketing Manager ကျား/မ(၂)ဦး
(B.E, Exp; 3yrs, Computer Skill)

2.Site Engineer ကျား(၅)ဦး
(B.E, AGTI, Exp ရှိသူဦးစားပေး)

3.Tracking & Piping ကျွမ်းကျင် ကျား(၅)ဦး
(Exp ရှိသူဦးစားပေး)

4.Accountant မ(၂)ဦး
(LCCI Level-III, Exp; 3yrs,Profit & Loss ရေးဆွဲနိုင်ရမည်။)

5. Office Staff မ(၂)ဦး
(Any Graduate, Auto CAD)

6. Marketing Staff ကျား/မ(၂)ဦး
(ဘွဲ့ရ၊ ဘွဲ့ကြို၊ Computer Skill)

အမှတ်(၅)၊ ရွှေလှိုင်လမ်း၊ ကမ်းနားဈေးမှတ်တိုင်အနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ Ph:09-420039009 သို့ CVနှင့်အတူ (၂) ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။



**ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ဂျာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ**

ရှေးမှုမပျက်ခေတ်မှီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/စာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/



မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ဝီနယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၃၅) ခြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့၊(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521



## ဝန်ထမ်းအလိုရှိသည်

မြောက်ပိုင်းတော်ဝင် ကျောက်စိမ်းကုမ္ပဏီ ရန်ကုန် ရုံးခွဲတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုပါရှိပါသည်။

၁။ အင်ဂျင်နီယာ (BE (Civil), B.Tech) ကျား (၅)ဦး
၂။ ကွန်ပျူတာစာရေး (ဘွဲ့ရ (သို့) ၁၀-တန်းအောင်) ကျား/မ (၂)ဦး
၃။ ရုံးစာရေး (ဘွဲ့ရ (သို့) ၁၀-တန်းအောင်) ကျား/မ (၂) ဦး
၄။ ရုံးအကူ (၁၀-တန်း) ကျား (၁)ဦး

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၁၄/၃ဘီ)၊ ဇဗ္ဗူရာဇ်လမ်း၊ ကျွန်းတော(တောင်)ရပ်ကွက်၊ စမ်းချောင်း။
၀၉-၂၃၀၀၀၂၅၊ ၀၉-၇၉၆၇၃၀၂၈၁

# မိတ္ထီလာဖောင်တော်ဦးဘုရား ဗုဒ္ဓပူဇနီယပွဲတွင် ဈေးဆိုင်ခန်းပေါင်း ၉၉၇ ခန်း နေရာချထားပေးသွားမည်



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မဒေါင်းလှကျေးရွာအုပ်စု ဆီဆုံလေးကျေးရွာ၌ စက်တင်ဘာ ၁၃ ရက်က မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်နိုင်၏ ကြီးကြပ်မှုဖြင့် ဒုတိယဓာတ်ခွဲမှူး ဒေါ်ခိုင်ခိုင်စိုးဝေက သွေးလှူဒါန်းမည့်သူများကို သွေးအုပ်စု အခမဲ့စစ်ဆေးပေးခဲ့သည်။ သွေးလိုအပ်နေသောလူနာများ လိုအပ်သောသွေး လွယ်ကူစွာရရှိရန်အတွက် ဆီဆုံလေးကျေးရွာမှ သွေးလှူဒါန်းမည့် ကျား ၃၆ ဦး၊ မ ၁၈ ဦး စုစုပေါင်းသွေးလှူရှင် ၅၄ ဦးကို သွေးအုပ်စု အခမဲ့စစ်ဆေးပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့် ဓာတ်ပုံ - ခင်ဦးစိုးဝေ

**မိတ္ထီလာ စက်တင်ဘာ ၁၅**

မိတ္ထီလာမြို့ (၁၃၂) ကြိမ်မြောက် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရားပွဲတော်အား စက်တင်ဘာ ၂၁ ရက်မှ ၃၀ ရက် ( တော်သလင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၂ ရက် ) နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဘုရားပွဲတော်တွင် ဈေးရောင်းချမည့်သူများအား ဈေးဆိုင်ခန်းပေါင်း ၉၉၇ ခန်းဖြင့် နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဖောင်တော်ဦးဘုရားပွဲတော်ကာလမှာ ဈေးရောင်းချလိုသူတွေအတွက် ဈေးဆိုင်ခန်းပေါင်း ၉၉၇ ခန်း နေရာချထားပေးသွားမှာဖြစ်ပါတယ်။ စည်သူရပ် မီးရထားသံလမ်းအနီးကနေ ရွှေဘုံသာစေတီ (ခြင်္သေ့ကြီးနှစ်ကောင်) အနီးထိ ရန်ကုန်-မန္တလေးကားလမ်းမ လမ်းဘေးဝဲယာမှာတော့ ဈေးဆိုင်ခန်းတွေကို နှစ်စဉ်တိုင်းလို နေရာချထားပေးခဲ့ပေမယ့် ဒီနှစ်တော့ အဲဒီကားလမ်းမတစ်လျှောက် နေရာချထားခြင်းလုံးဝမပြုလုပ်ပါဘူး။ မိတ္ထီလာကန်အရှေ့ဘက်မှ ဈေးဆိုင်ခန်းပေါင်း ၄၀၀ ကျော်၊ မိတ္ထီလာကန်အနောက်ဘက်မှ ဈေးဆိုင်ခန်းပေါင်း ၅၀၀ ကျော် စုစုပေါင်း ဈေးဆိုင်ခန်း ၉၉၇ ခန်း နေရာချထားပေးသွားမှာဖြစ်ပါတယ်" ဟု ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

မိတ္ထီလာဖောင်တော်ဦးဘုရားပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲအား အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းခွဲခြား၍ ကျင်းပသွားမည်ဖြစ်ရာ လှေပြိုင်ပွဲဗဟိုဆုပေးမဏ္ဍပ် (ပွဲကြည့်စင်) ကို စက်တင်ဘာ ၁၄ ရက်က စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ရေစီးရေလာကောင်းရန် အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နွားထိုးကြီး၌ အုတ်မြောင်းတူးဖော်

**နွားထိုးကြီး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ်သိန်း ၄၀၀ မှ နွားထိုးကြီးမြို့တွင်း၌ ရေစီးရေလာကောင်းရန် ရေသွားအုတ်မြောင်း ကိုနွားထိုးကြီးစည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ယခုရက်ပိုင်းမှစ၍ ရေသွားမြောင်းတူးဖော်နေကြောင်း သိရသည်။

ယင်းပေ ၃၃၀ ရှည် ရေသွားမြောင်းအုတ်မြောင်းကို အမှတ် ၄ ရပ်ကွက် မြင်းခြံ-မန္တလေးကားလမ်းတွင် ဆက်လက်တူးဖော်ခြင်းဖြစ်သည်။ ရေသွားအုတ်မြောင်းကို အမှတ် ၅ ရပ်ကွက် မြင်းခြံ-မန္တလေးကားလမ်းဝဲဘက်တွင် တူးဖော်ခဲ့ရာ ယခုတတိယနှစ်မြောက် တူးဖော်ခြင်းဖြစ်ကြောင်း မြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ပေ ၅၀၀၀ ကျော်တူးဖော်နိုင်၍ မြို့တွင်းမှရေများ စီးဆင်းနိုင်ပြီး မြင်းခြံ-မန္တလေးကားလမ်း ရေကျော်ခြင်း၊ သဲဖုံးခြင်းနှင့် ရေတိုက်စားမှုမရှိတော့ကြောင်း သိရသည်။

**ဌေးမြင့်မောင်**

# လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**တောင်သာ စက်တင်ဘာ ၁၅**

၂၀၁၅ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက တောင်သာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်လူကုန်ကူးမှုတားဆီးရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး မြို့နယ်လူကုန်ကူးမှုတားဆီးရေးအဖွဲ့ ဒုဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေးအောင်၊ မြို့နယ်လူကုန်ကူးမှုတားဆီးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်၊ ဒုဥက္ကဋ္ဌ ရဲမှူးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဦးသန်းညို၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်သန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းကြည်တို့က ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ယင်းနေ့အခမ်းအနားတွင် မင်းစု အ.ထ.ကကျောင်းမှ မူလတန်းကျောင်းသား၊ ကျောင်းသူလေးများက တေးသရုပ်ဖော်ဖြင့် တင်ဆက်ခဲ့ကြသည်။

**တောင်သာ(ပြန်/ဆက်)**

# မောက်မယ်မြို့နယ် နမ့်ယွန်းခန်းမ၌ ကျေးလက်အခြေပြု အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်းဖွင့်လှစ်

**မောက်မယ် စက်တင်ဘာ ၁၅**

မောက်မယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်နိုင်ရန်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲကာ တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရေးလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးကြီးမှူး၍ စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို မောက်မယ်မြို့နယ် နမ့်ယွန်းခန်းမ၌ စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်နန်းအိအိမွန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦးတက်ရောက်ပြီး အောက်တိုဘာ ၁၀ ရက်အထိ တစ်လသင်ကြားပို့ချသွားမည်ဖြစ်သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**


## မွေးနေ့ဆုမွန်

သမီးလေး လရောင်သွေး (အထက-၉၊ မော်လမြိုင်)

၁၆-၉-၂၀၁၅ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းရာကျော်တိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြီးပြည့်စုံ၍ အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သော ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော သမီးကောင်းရတနာလေးဖြစ်ပါစေ။

ချစ်ဖေဖေ - ဒေါက်တာတိုးတိုးအောင် (ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်အစိုးရအဖွဲ့)
ချစ်မေမေ - ဒေါ်ခင်လေးသိင်္ဂါ
ချစ်မမ - လှယဉ်ကျေး(အထက-၉၊ မော်လမြိုင်)

ဆရာ/မ၊ အရာရှိဖြစ် သူများ ရေမြလျှင် အတင်းစာ ဆုံမည်မဟုတ်

SH မြင့်သူထက် YU

UDE
(၉)လပိုင်းပြေဝင်ခွင့်များ
(၇)ရက်အမြတ်
၂၀၁၆ ပြေဝင်ခွင့်များ ပုံမှန်
PPTT
PGDMA
ဖုန်း-၀၉ ၇၃၀၀၈၇၁၉
တိုက် (၃၅) ၃ လွှာ၊ ၆၀ (၅၀)လမ်း၊ လှည်းတန်းဈေးနောက်၊ ရန်ကုန်။

**မိခင်၊ ဖခင် အမည်မှန်**

အထကညောင်ပင်သာ ပျဉ်းမနားမြို့၊ ဒသမတန်း(င)မှ မောင်ဇင်မင်းထက်၏ မိခင်မှာ ဒေါ်သီသီနွယ်[၉/ပမန(နိုင်)၂၄၆၃၄၃]နှင့် ဖခင်မှာ ဦးဗိုမင်းစိုး[၉/ပမန(နိုင်)၂၄၆၀၂၁]ဖြစ်ပါကြောင်း။ ဦးဗိုမင်းစိုး၊ ဒေါ်သီသီနွယ်

AIR LINK

**Assistant Sales & Marketing (Female- 2 Post)**

- Age between 20 – 30
- Bachelor Degree or Higher
- Minimum 2 years of experience in the Travel Industry
- Excellent common of English Language
- Excellent interpersonal skills and communications
- Pro-active & Team spirit, good organizational and problem solving skill
- Good computer literacy
- Knowledge of costing, preparing tariffs and quote
- Willing to travel

Contact to: Asia International Link Travels & Tours Co., Ltd., Yangon. Tel: +951 2303090

Trails of Ayeyarwaddy Travels & Tours

*** Oct သီတင်းကျွတ်လအတွက် အဆင့်မြင့်သီးသန့်ခရီးစဉ် ***

ရန်ကုန် - ကျိုက်ထို - သထုံ - ဘားအံ - ဇင်းကျိုက်ရေတံခွန် - ကျိုက်ထီးရိုး - ပဲခူး - ရန်ကုန် ခရီးစဉ်

*** 28 Oct သီတင်းကျွတ်လပြည့်နေ့မနက်စောစောတွင် စတင်ထွက်ခွာကြပါမည်။ ***

*** လူဦးရေ (၁၀) ဦးအတွက် သီးသန့်ခရီးစဉ်အဖြစ်သာ စီစဉ်ထားပါသည်။ ***

အခြားခရီးစဉ်များဖြစ်သော -
မန္တလေး - ပြင်ဦးလွင် - မင်းကွန်း - စစ်ကိုင်း - အင်းဝ - ပုဂံ - ပုပ္ပါး - အင်းလေး - ငပလီ - ချောင်းသာ - ငွေဆောင် - ရွှေသောင်ယံ - နေပြည်တော် - ဒေသ - ဒေသများသို့လည်း လူကြီးမင်းတို့၏ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ မိသားစုနှင့် သူငယ်ချင်းအစုအဖွဲ့များအတွက် Private Tour အနေဖြင့် စီစဉ်ဆောင်ရွက်ပေးပါသည်။

01 - 384014 / 09 - 315 776 87 info@trailsofayeyarwaddy.com www.trailsofayeyarwaddy.com

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁) ရပ်ကွက်၊မြေတိုင်းရပ်ကွက်၊ အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၁၃၀ င/၄) ဧရိယာ(၀.၀၄၇)ဧကရှိ ဒေါ်လှခင်(သား)ဦးလန်း အမည်ပေါက်ဘိုးဘပိုင် မြေကွက်အား အမည် ဦးဇော်မင်းအောင်၊ နိုင်ငံသားစိစစ်ရေးအမှတ် ၉/ပမန(နိုင်)၀၅၅၀၇၉၊ အဘအမည် ဦးထွန်းအောင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများ တင်ပြပြီး တရားရုံးတင်ပြရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီဂရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

LMA တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 006583 (0115)

လွင်မြင့်အောင် အမှတ်တံဆိပ်

မြင်းခွာရွက် လက်ဖက်ခြောက်

အကျိုးအာနိသင်

- အသားအရေတင်းရင်းလှပစေခြင်း။
- အရေအကြောင်းများလျော့ပါးစေခြင်း။
- အနာကျက်မြန်စေခြင်း။
- သွေးလည်ပတ်မှုအားကောင်းစေခြင်း။
- သွေးကြောများကြံ့ခိုင်မှုကိုကူညီထိန်းသိမ်းပေးခြင်း။
- ဦးနှောက်ကြည်လင်မှတ်ဉာဏ်ကောင်းစေခြင်း။
- စိတ်ဖိစီးမှုလျော့နည်းစေခြင်း။
- လန်းဆန်းရွှင်အားဖြစ်စေခြင်း။
- ဆီးရွှင်ခြင်း။

မြင်းခွာရွက်အခြောက်၊ မြင်းခွာရွက်အဆီ၊ လက်ဖက်ခြောက်တို့ဖြင့်ပြုလုပ်ထားပါသည်။

ISO 9001:2008 နှင့် GMP လက်မှတ်ရလွင်မြင့်အောင် အင်တာနေရှင်နယ်(လ်) ကုမ္ပဏီလီမိတက်

အမှတ် (၁၃၀/၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၄၈၈၇၄၊ ၀၁-၅၄၆၅၉၄ မှ ထုတ်လုပ်သည်။

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်များနှင့် စိန်ဂေဟာ အရောင်းဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

## ရောင်းမည်

50'x60' မြေကွက်၊ နဝရတ်လမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာ၊ F.M.I City ကပ်လျက်။ သိန်း(၁၂၀၀)
**Ph: 09-8618613**

## ခွေးရောင်းမည်

Golden Retriever -၂လ
Alsation -၄လ
Labrado -၃လ
နိုင်ငံခြားခွေးမျိုးစုံအော်ဒါမှာယူနိုင်ပါသည်။
ဖုန်း-၀၉-၇၃၁၁၅၃၅၆

## သွေးသည် အသက်

အမြန်အလိုရှိသည်
**CNG Taxi**
ယာဉ်မောင်း (၁) ဦး
**Toyota Fielder (အိမ်မပေး)**
မနက် ၇း၀၀-ည ၉း၀၀ ထိ
**09-979606020**

## လူကြီးမင်းတို့အတွက် သတင်းကောင်း

"မန္တလေးသား" ဝါးတူဆိုင်မှ

*တစ်ခါသုံးဝါးတူဆိုဒ်စုံ
*အသားကင်တုတ် ရှည်၊ တို မျိုးစုံတို့ကိုဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကား ဖြန့်ချိပေးနေ ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဖုန်း-၀၁-၃၇၀၈၀၃၊ ၀၉-၅၀၄၃၈၆၇၊ ၀၉-၉၇၅၇၀၁၆၉၈

ကြော်ငြာ

## စက်တင်ဘာမြေးအဘွားအတွက်

### မွေးနေ့ဆုမွန်

စက်တင်ဘာလတွင်ရောက်ရှိသော ဘွားဘွားကြီး ဒေါ်ခင်လှိုင်မြင့်(ပညာရေးကောလိပ်ကျောင်းအုပ်ကြီး-ငြိမ်း)နှင့်သမီးလေး ချောနန္ဒာကိုတို့၏မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည်ကျန်းမာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ညီမ-ဘွားဘွားလေး-ဒေါ်ဇေးဇေးဇင်(ကထိက၊ ပုသိမ်ပညာရေးကောလိပ်)**
**သားသမီး-ဖေဖေ-မေမေ ဦးစိုးသူရကို-ဒေါ်ချောအိမွန်မွန်သိန်း**
**(အလပြ-အလက-၂)ပုသိမ်မြို့**

## ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ငမိုးရိပ်(၃)လမ်းရှိ
တိုက်ခန်းများကို အမြန်ရောင်းမည်။အဆင့်မြင့်
ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။
ဖုန်း- ၀၉-၅၄၀၁၀၁၁၊၀၉-၇၃၀၉၅၆၇၇

## ဘုန်းမေ့နှင့်ရောင်းရင်းများ ၏ သဘင်အောင်ပွဲပေါင်းချုပ်ကြီး

★အဘာထွက်ပွဲ၊ပုပ္ပါး(၃)ရက်။ပုဂံညောင်ဦး၊စွယ်တော်လေးဆူပါ(၅)ရက်။
★အဘာထွက်ပွဲ၊ပုပ္ပါး၊တောင်ကြီး၊အင်းလေး၊ပင်းတယ(၅)ရက်။
★အဘာထွက်ပွဲ၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင်(၅)ရက်။ **SEP-28 ထွက်မည်**
★(ပုဂံညောင်ဦးပုပ္ပါး)(တောင်ကြီးအင်းလေးပင်းတယ)(မန္တလေးမုံရွာ၊ပြင်ဦးလွင်)(၄)ရက်။(သောကြာနေ့တိုင်း)
★လွှန်း။(နေပြည်တော်)(ပြည်အကောက်တောင်၊နတ်ဒါးရစ်ဆရာတော်ဖူး)(စနေ၊တနင်္ဂနွေ)
★ဘီးလင်းမဲလုံဆံတော်ရှင်၊ကျိုက်ထီးဆောင်း(နေ့ချင်းပြန်)ကျိုက်ထီးရိုး၊ချောင်းသာ(အင်္ဂါ၊သောကြာ)
ပင်ရင်း(၄၂၄)ရွှေဘုံသာလမ်း(အထက်) Ph-01241863,380141,0943043109,0973251422

ဂီတစာဆို

## မြနန္ဒီ အနုပညာခရီးသည်

☀ စာပေဂီတကျော်တို့၏ပုံရိပ်များ
☀ ရေဒီယိုတေး၊ထဲကတေး၊အလှများကို ကျေနပ်နှစ်ခြိုက်ဖွယ်ခံစားပတ်ရှုရမည့် ဂီတစာဆိုမြနန္ဒီ၏ အနုပညာခရီးသည် စာပေခရီးသွားများ၊စာပေမှ ဖြန့်ချိလိုက်ပါပြီ။

**ထွက်ပြီ**

## Our Style Travels & Tours

### Great Offer Waiting for you

| | | |
|---|---|---|
| ထိုင်း(ဘန်ကောက်-အယုဒ္ဓယ-ပတ္တရား) | (၅ ည/၆ ရက်) | 500 USD |
| စင်ကာပူ | (၃ ည/၄ ရက်) | 700 USD |
| စင်ကာပူ-မလေးရှား | (၆ ည/၇ ရက်) | 1000 USD |
| ဗီယက်နမ်-ကမ္ဘောဒီးယား | (၆ ည/၇ ရက်) | 1250 USD |
| ကိုရီးယား | (၆ ည/၇ ရက်) | 1700 USD |
| ဗုဒ္ဓဂယာ | (၁၁ ည/၁၂ ရက်) | 850 USD |
| ဗုဒ္ဓဂယာ | (၁၄ ည/၁၅ ရက်) | 900 USD |

Building No.(388/398) (7-B) 8th Floor, Sin Min Condo, Corner of Sin Min Street & Strand Road, Ahlone Township, Yangon.
H.P : 09-43123233, 250317634, Ph/Fax : 01-221415

## အထက(၁)တောင်ဥက္ကလာပမြို့နယ်၊ မြတ်ဆရာပူဇော်ပွဲ

အထက(၁)တောင်ဥက္ကလာပမြို့နယ်တွင် (၂၅)ကြိမ်မြောက်(ငွေရတု) မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအလုပ်အမှုဆောင် ကော်မတီရွေးချယ်ပွဲကို ၂၀-၉-၂၀၁၅(တနင်္ဂနွေနေ့) ၁၃နာရီတွင် အထက(၁)တောင်ဥက္ကလာ ဘုရားခန်း၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျောင်းသား၊ ကျောင်းသူဟောင်းများ**

## ရွှေနဂါး

**အပူခံ၊အသံထိန်း (Insulation) အမိုးသွပ်ပြား နှင့် အကာပြား**


လူကြီးမင်းတို့၏ အဆောက်အဦးများ၊ စက်ရုံများတွင် အပူချိန်မြင့်မားမှုကြောင့် စိတ်ညစ်နေပါသလား ?

မိုးသံ၊လေသံကြောင့် အဆောက်အဦးအတွင်း ဆူညံမှုများဖြစ်ပေါ်နေပါသလား ?

ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊စက်ရုံများ၊စားသောက်ဆိုင်များအတွက်

ဝန်ထမ်းများ နေထိုင်ရန် အဆောင်များ နှင့် ဂိုဒေါင်များ၊ယာယီရုံးခန်းများ၊ လုံခြုံရေးဂိတ်များ ဆောက်လုပ်ရန် Mobile House များကို လည်း ရွှေနဂါး အပူခံ အသံထိန်း ( Insulation) အမိုးသွပ်ပြားနှင့် အကာပြားများကို အသုံးပြု၍လျှင်မြန်စွာပြီးစီးအောင် ဆောင်ရွက်ပေးလျက် ရှိပါသည်။



-အပူခံသွပ်ပြား အတွင်းရှိ ဖော့ချပ်မှာ Expandable Poly Styrene (EPS) ကော်ဇောကို အသုံးပြုထားသောကြောင့် မီး မလောင်ကျွမ်းနိုင်ခြင်း။

-မိုးရာသီ အခါ အိမ် (သို့) အဆောက် အဦး အတွင်း မိုးရွာသည့်အသံကိုမကြားရခြင်း။

-နွေရာသီအခါ အိမ် (သို့) အဆောက်အဦး အတွင်း အပူဒဏ်ကို မခံစားရခြင်း။



Container House များကိုလည်းဈေးနှုန်း သက်သာစွာဖြင့် လွယ်ကူလျှင်မြန်စွာ ရရှိနိုင်ပါသည်။

ဆက်သွယ်ရန်။ ။အမှတ်(၂၂)၊ ပန်းတဒင်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ Ph:01-685985, 685990

## ရွှေချိန်း SHWE CHAIN

**MYANMAR INTERNATIONAL FURNITURE EXPO 2015**
**17-9-2015 TO 20-9-2015**
အခန်းနံပါတ် – B-3 / 4 / 5 / 6 / 7 / 8 / 9 / 10

တပ်မတော်ခန်းမ။

လူနေအိမ်၊ တိုက်ခန်း၊ ရုံးခန်း၊ ကျောင်း၊ ဟိုတယ်၊ အထူးကုဆေးခန်း နှင့် စက်ရုံများတွင် အသုံးပြုရန် အထူးသင့်လျော်ပါသည်။

လူကြီးမင်းတို့ ဝယ်ယူအားပေးမှုကို အဆင်ပြေစေရန် အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်။




သင့်အိမ်အတွက် အကောင်းဆုံးရွေးချယ်မှု

YGN : Showroom : No. 15, Kabar Aye Pagoda Road, Bahan Tsp., Yangon. Tel : 01-8603126, 09-91038394. Fax : 01-558449
MDL : Showroom : No. 168, 62nd Street, Industrial Zone(1), PyiGyiDaGone Tsp., Mandalay, Myanmar. Tel :952-5153715,68860.

## အာရှကေရီဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
## Asian Empress Travels and Tours

ဗုဒ္ဓဂယာခရီးစဉ်အား ဟိုတယ်တည်းဖြင့်သွားရောက်ဖူးမြော်ခဲ့ကြသော မိတ်ဟောင်းမိတ်သစ်များကိုကြိုဆိုသောအားဖြင့် ယခင်နှစ်စျေးနှုန်းအတိုင်း (စျေးနှုန်းမတက်ဘဲ) အာရှကေရီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ကူညီပို့ဆောင်ပေးနေပါသည်။

**ဟိုတယ်တည်း (၇)ရက်ညအိပ် (၈)ရက်ခရီးစဉ်များ (ဖွား၊ ပွင့်၊ ဟော၊ စံ)**

(၂၈-၁၀-၁၅) (၄-၁၁-၁၅) (၁၃-၁၂-၁၅)(၂၉-၁-၁၆) (၂၂-၂-၁၆) (၁၃-၃-၁၆) (၂၇-၃-၁၆) (၁၃-၄-၁၆)

(3 Star/ 4 Star)အဆင့်ရှိ ဟိုတယ်များတွင် တည်းခို၍ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ)များကို ဘူဖေးစနစ်ဖြင့် သုံးဆောင်နိုင်ပါသည်။ (၂၈-၁၀-၁၅) (သီတင်းကျွတ်လပြည့်နေ့) ထွက်မည့်ခရီးစဉ်တွင် လပြည့်ညည့် မြတ်စွာဘုရားပွင့်တော်မူရာ မဟာဗောဓိပင်တွင် ဆီမီးကပ်လှူပူဇော်ပါမည်။ လူဦးရေကန့်သတ်ထားပါ၍ အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြပါပြီ ...

**ဆက်သွယ်ရန် - အမှတ်(၇၄)၊ မြေညီထပ်၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

Ph: (01) 501712, (09)30382448-449, (09)260013261-262, (09)5025999



Building a Brighter FUTURE

Since 2007

## VALUESTAR
EDUCATION CENTRE

## • Marketing Management
တနင်္ဂနွေနေ့ (နံနက် ၇:၀၀ မှ ၉:၀၀ ထိ) ၂၀.၉.၂၀၁၅ စမည်။

## • Financial Management
ကြာသပတေးနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ ထိ) ၁၇.၉.၂၀၁၅ စမည်။

09-5043580, 09-5200547, 09-450001145

တိုက်(၁၅)၊ ပထမထပ်၊ ဦးထွန်းသင်းမြိုလမ်းထိပ်၊ Giordano မက်ရှင်ဆိုင်မျက်စောင်းထိုး၊ လှည်းတန်း မှတ်တိုင်အနီး။
တိုက်(၅)၊ ပထမထပ်၊ For you & me Beauty Saloon အပေါ်ထပ်၊ လှဆန်းသဉ္ဇာတိုက်၊ ဦးထွန်းသင်းမြိုလမ်း၊ လှည်းတန်း။



| ရွှေဆောင် | မင်္ဂလာစံပြ | မင်္ဂလာထွန်းသီရိ (မြိတ်) | မြို့မ (မန္တလေး) | မင်္ဂလာဒိုင်းမွန်း (မန္တလေး) |
|---|---|---|---|---|
| ၀၁-၂၅၂၁၀၃၄ ၀၁-၃၈၈၈၀၃၄ ၀၁-၃၇၀၇၈၇ | ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | ၀၉၇၉၃၁၈၃၇၅၁ ၀၉၇၉၃၁၈၃၇၅၂ | နံနက်(၁၀:၀၀)နာရီ ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | ၀၉၄၀ ၂၅၆၅၆၃၁ ၀၉၄၀ ၂၅၆၅၆၃၂ |

၁၁. ၉ . ၂၀၁၅
ရက်မှစ၍ တစ်ပြိုင်တည်းပြပြီ




| မင်္ဂလာစံပြ | မင်္ဂလာဒိုင်းမွန်း (မန္တလေး) | ပွဲချိန်သတ်မှတ် | |
|---|---|---|---|
| ၀၉ ၂၆၀၈၈၇၀၃၅ ၀၉ ၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | ၀၉၄၀ ၂၅၆၅၆၃၁ ၀၉၄၀ ၂၅၆၅၆၃၂ | ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ | ၁၈. ၉ . ၂၀၁၅ ရက်မှစ၍ပြပြီ |




| နေပြည်တော် | မင်္ဂလာ ဇမ္ဗူသီရိ(၂) | မင်္ဂလာဒိုင်းမွန်း (မန္တလေး) | ပွဲချိန်သတ်မှတ် |
|---|---|---|---|
| ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ | ၀၉၇၇၂၅၄၀၉၁ ၀၉၇၇၂၅၄၀၉၂ | ၀၉၄၀ ၂၅၆၅၆၃၁ ၀၉၄၀ ၂၅၆၅၆၃၂ | ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ |






# PadamyarFm
Mawlamyine 92.5 MHz

# မြို့ရှင် (မင်္ဂလာပါ)

မွန်ပြည်နယ်မှ နားဆင်သူ ပရိသတ်များအတွက် မော်လမြိုင်မြို့ နှင့် အနီးတစ်ဝိုက်တွင် ပတ္တမြား FM မှ 92.5 MHz ဖြင့် စတင်ထုတ်လွှင့်နေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မကြာမီ ဘီးလင်းမြို့တွင်လည်း ထပ်မံတိုးချဲ့ထုတ်လွှင့်မည်ဖြစ်ပါသည်။

ကြော်ငြာ


**ကား** မျိုးစုံ
(Alphard/Crown/MarkII/အနီးစတုံး/Hiace ၉/၁၃ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

ရေဘေးသင့်
မြန်မာလည်ပတ်ရောင်းရေး
ကွန်ကရစ်/ရှိုးဘုတ်စက်
ဝယ်/လှူရန် (20%OFF)
09 73199410, 09 420035882

**သုံးရာသီ** ဝမ္ဗဒါန
(၆၃)ကြိမ် အဘဘိုးမင်းခေါင်ထွက်ပွဲ
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ စွယ်တော်-၄ဆူ
တစ်ဦးထမင်းကျွေး-၄၀၀၀ဝ/-Sep - 29
(၁၀)ဦးလျှင် တစ်ဦးအခမဲ့
ကားအမျိုးမျိုးစီးလုံရသည်။
420144148, 421153797

**ရောင်းမည်**
၁။ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၉)ရပ်ကွက်၊ (၄၀'×၆၀')၊ မြေ(ဂရန်)
၂။ သာကေတ(၁၀)ရပ်ကွက်၊ (၂၀'×၆၀')၊ မြေနှင့်အိမ်(ဂရန်)
၃။ စမ်းချောင်း၊ ဝါးခယ်မလမ်း၊ (၁၂½'×၅၀') (၅)လွှာ၊ ပြင်ဆင်ပြီး၊ အသင့်နေနိုင်။
Ph: 09-974503936

STARFISH

✓ လုပ်ငန်းခွင်မှာအဆင်ပြေစေဖို့(English 4 skills)
✓ English စကားကို confidence ရှိရှိပြောနိုင်ပြီး အမြဲတမ်းရှေ့ပြေးနေတဲ့သူဖြစ်ဖို့ ----
☐ တနင်္လာ - သောကြာတန်းခွဲသစ်များ (Sep 28 နှင့် Oct 5) စမည်။
☐ စနေ - တနင်္ဂနွေတန်းခွဲသစ်များ။(Oct 3) စမည်။
သမ္မပြည့်တိုက် (၂)၊ ဦးထွန်းလင်းချိုလမ်း၊ လှည်းတန်း၊ ရန်ကုန် Ph: 09 799905715, 09-253179825

MCC.p PEARSON edexcel Approved Centre BTEC Approved Centre

## အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သိပ္ပံကျောင်း
# MCC Polytechnic (Monywa)
## ကို ဖွင့်လှစ်လိုက်ပါပြီ

- တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ စတင်တက်ရောက်နိုင်ပါပြီ။
- အင်္ဂလန်နိုင်ငံမှ ချီးမြှင့်မည့် HND (Higher National Diploma) များကို အောက်ပါအတိုင်းတက်ရောက်နိုင်မည်ဖြစ်ပါသည်။

Level - 5 HND Diploma in Engineering (အင်ဂျင်နီယာ ဒီပလိုမာ)
Level - 5 HND Diploma in Computing (ကွန်ပျူတာ ဒီပလိုမာ)

- HND ဒီပလိုမာများအတွက် (၂) နှစ် တက်ရောက်ရမည် ဖြစ်ပါသည်။
- တတိယနှစ်တွင် အင်္ဂလန်နိုင်ငံ တက္ကသိုလ်များဖြစ်သည့် Middlesex University (UK), Birmingham City University (UK) တို့မှ ချီးမြှင့်မည့် နောက်ဆုံးနှစ်ဘွဲ့ သင်တန်း B.Sc (Hons;) Engineering, (အင်ဂျင်နီယာ သိပ္ပံဘွဲ့), နှင့် B.Sc (Hons;) Computing (ကွန်ပျူတာ သိပ္ပံဘွဲ့) များကို မြန်မာနိုင်ငံ MCC Institute များတွင် ဆက်လက်တက်ရောက် ရယူနိုင်မည်ဖြစ်ပါသည်။
- တက္ကသိုလ်ဝင်တန်း စာမေးပွဲ မအောင်မြင်သေးပါက Level - 3 မှ စတင်တက်ရောက်ပြီး ဒီပလိုမာများကို ရယူနိုင်မည် ဖြစ်ပါသည်။

Hot-Line : 01-246634, 01-2304156 www.facebook.com/mcc.polytechnic

**MCC Polytechnic (Monywa)**
ပညာအလင်း ခေတ်မီစာကြည့်တိုက် (e-library အဆောက်အဦးဝင်း)
ဗိုလ်ချုပ်လမ်းနှင့် ဘူတာရုံလမ်းထောင့်၊ မုံရွာမြို့
Tel: 09-265 333 120, 071-23509, 01-245762, 01-249152
Enroll Now!

MIC Myanmar Imperial College

Myanmar Imperial College ၏ New Campus တွင် နိုင်ငံတကာအဆင့်မီ Campus Facilities များဖြင့် September လတွင်ဖွင့်လှစ်မည်ဖြစ်သော UK မှ တိုက်ရိုက်ချီးမြှင့်မည့် HND Diploma (Business) Course အတွက်ကျောင်းအပ် လက်ခံနေပါပြီ။

UK မှတိုက်ရိုက်ချီးမြှင့်မည့် နိုင်ငံတကာစီးပွားရေးပညာရပ်ကို ပြည်တွင်းတွင်တိုက်ရိုက်သင်ယူလိုသော တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များတက်ရောက်သင့်ပြီး အချိန်ကာလ နှစ်နှစ်ခွဲတက်ရောက်သင်ကြားပြီးပါက Northampton University - UK မှတိုက်ရိုက်ချီးမြှင့်မည့် BA (Hons) Business & Management ဘွဲ့ကို Myanmar Imperial College တွင်တက်ရောက် ရယူနိုင်ပြီး စီမံခန့်ခွဲမှုနည်းပညာများကိုလက်တွေ့အသုံးချနိုင်မည်ဖြစ်ပါသည်။

MIC ကျောင်းသား၊ ကျောင်းသူများအတွက် အဆောင်၊ ကျောင်းကားစီစဉ်ပေးပါသည်။

09 732 10001 / 09 4211 00222
အမှတ် (၁) ဇေးမြောက်လမ်း၊ (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
September Intake!

MIC
Myanmar Imperial College



CONGRATULATIONS

ပညာရေး၊ အားကစားနှင့်အနုပညာနယ်ပယ်အသီးသီးတွင်အောင်မြင်မှုများကို ဆွတ်ခူးခဲ့ကြပြီး မြန်မာနိုင်ငံ နှင့် Myanmar Imperial College ၏ ဂုဏ်သိက္ခာ ကိုမြှင့်တင်ခဲ့ကြသော MIC ကျောင်းသား၊ ကျောင်းသူတို့အတွက် Myanmar Imperial College မှ အထူးတလည်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ရှေ့ဆက် နိုင်ငံဂုဏ်ကို မြှင့်တက်စေနိုင်သော နိုင်ငံ့သားကောင်းများ၊ ကျောင်းသား၊ ကျောင်းသူများကို Myanmar Imperial College မှမွေးထုတ်သွားကြိုးဆိုလျက်ရှိပါသည်။

- MIC Futsal Team
  သုံးကြိမ်ဆက် Champion
  AYA bank Futsal Open Cup, 2015
- မခင်စန္ဒာလှမြင့်
  Myanmar Imperial College
  2nd Runner Up, Most Popular Challenger Award,
  Most Popular Team Award
  May Bank Go Ahead Challenge, Malaysia
- Emerald Nyein
  Myanmar Imperial College (MBA Programme)
  Miss Myanmar International, 2015
- Hkwan Nan
  Myanmar Imperial College (BA Programme)
  Miss Myanmar International, 2015
  2nd Runner Up Award

Leaders For Tomorrow

09 421100222 / 09 73210001
No.(1), Zay Myauk Street, Phayar Gyi Ward, Dagon Township,Yangon





# မြန်မာနှင့် ထိုင်း အမျိုးသမီးအသင်း ယနေ့ယှဉ်ပြိုင်မည်

**မန္တလေး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၆ အိုလံပစ်အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို စက်တင်ဘာ ၁၆ ရက် ယနေ့တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် တရုတ်(တိုင်ပေ) အသင်းနှင့် ဂျော်ဒန်အသင်း၊ ညနေ ၆ နာရီခွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယနေ့ယှဉ်ပြိုင်မည့် ပွဲစဉ်မှာ မြန်မာအသင်းအတွက် တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်အဆုံးအဖြတ်ပွဲစဉ် မဟုတ်သော်လည်း အရေးပါသည့် ပွဲစဉ်ဖြစ်နေသည်။

တတိယအဆင့်ခြေစစ်ပွဲသို့ ယခု ဒုတိယအဆင့်မှ အမှတ်အများဆုံး တစ်သင်းသာ တက်ရောက်ခွင့်ရရှိမည်ဖြစ်ရာ ပွဲစဉ်တိုင်းမှာ အရေးပါလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ပထမပွဲတွင် ဂျော်ဒန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိထားပြီး လက်ကျန်သုံးပွဲမှာ ဂျော်ဒန်အသင်းထက် ပိုမိုကောင်းမွန်သည့် အသင်းများနှင့် ကစားရမည်ဖြစ်ရာ ပွဲစဉ်တိုင်းက အရေးပါလျက်ရှိသည်။ မြန်မာအသင်းနှင့် ကစားရမည့် ထိုင်းအသင်းမှာ ပထမနေ့တွင် ကစားရခြင်းမရှိဘဲ ယခုမှ ပွဲဦးထွက်ပွဲကစားရခြင်းဖြစ်သည်။

မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့မှာ လက်ရှိ အာဆီယံအမျိုးသမီးဘောလုံးလောက၏ ထိပ်သီးအသင်းများ ဖြစ်ပြီး ထိုင်းအသင်းမှာ ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုများ ပိုမိုရရှိလာခဲ့သည်။

၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို အာဆီယံနိုင်ငံများထဲမှ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သလို ၂၀၁၅ အာဆီယံ

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❐

# ကပ်ဘေးအလွန်မှ ကလေးမြို့

သတင်းစာမျက်နှာ » ၉



ကလေးမြို့ပြန်လည်ထူထောင်ရေးအတွက် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေစဉ်။

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းသဖြင့် အထက်ချင်းတွင်းလိုင်းအမြန်ရေယာဉ်ခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲ

မုံရွာ စက်တင်ဘာ ၁၅

ချင်းတွင်းမြစ်ရေသည် စက်တင်ဘာ၁၅ ရက် ညနေ ၆ နာရီ တိုင်းထွာချက်အရ မုံရွာမြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာအောက် ၉၉၇ စင်တီမီတာသို့ ကျဆင်းလာသည့်အတွက် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းမှ စတင်ပြီး အမြန်ရေယာဉ်များ ပုံမှန်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့** ❖



## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၅**

ယနေ့ညနေ ၅နာရီခွဲ အချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင် သတိပြုရှောင်ရှားကြပါရန် အကြံပြုထားသည်။ **(ကြေးမုံ)**

**ဖောင်တော်ဦးဘုရား လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် လှေအသင်းများ ပြိုင်ပွဲဝင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်**

စာမျက်နှာ - ၃

**လူမှုသတင်းမီဒီယာ သုံးစွဲမှုအလေ့အကျင့်နှင့် ဆယ်ကျော်သက်များ စိတ်ကျဝေဒနာခံစားရမှု ဆက်နွယ်နေ**

စာမျက်နှာ - ၄

themirror.npt@gmail.com
www.facebook.com/themirrordaily



# ရွေးကောက်ပွဲကာလကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုဆောင်ရွက်ထားရှိ

**ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့အနေဖြင့် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလဟူ၍သတ်မှတ်ကာ လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။ ယင်းသို့လုံခြုံရေးဆောင်ရွက်ရာတွင်လည်း ဗဟိုစည်း၊ အနီးစည်း၊ အတွင်းစည်း၊ အပြင်စည်းနှင့် အဝေးစည်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် မဲရုံလုံခြုံရေးအတွက် အထူးရဲများခန့်အပ်ထားရှိကာ ရွေးကောက်ပွဲကာလတွင် ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍လည်း ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိသည်။ အဆိုပါရွေးကောက်ပွဲကာလ လုံခြုံရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်တင်ပြလိုက်ပါသည်။**



**တွေ့ဆုံမေးမြန်း - သီရိ**

**ဓာတ်ပုံ - ဖိုးသွား**

မေး။ အရှေ့ပိုင်းခရိုင်အတွင်းမှာရှိတဲ့လူဦးရေ၊ မဲဆန္ဒရှင်၊ အမတ်လောင်းအရေအတွက်၊ မဲရုံအရေအတွက်နဲ့ ရဲတပ်ဖွဲ့အင်အား ဘယ်လောက်ရှိပါသလဲ။

**ဖြေ။** ကျွန်တော်တို့ အရှေ့ပိုင်းခရိုင်ဟာ ၁၄၁ ဒသမ ၁ စတုရန်းမိုင်ကျယ်ဝန်းပြီး မြို့နယ်အားဖြင့် ၁၄ မြို့နယ်ရှိပါတယ်။ ရပ်ကွက်ပေါင်း ၂၉၅ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၇ စုရှိပါတယ်။ အရှေ့ပိုင်းခရိုင်မှာ လူဦးရေအားဖြင့် ၂ ဒသမ ၂ သန်းရှိပါတယ်။ မဲပေးမယ့် မဲဆန္ဒရှင်အနေနဲ့ ၁ ဒသမ ၂ သန်းကျော်ရှိပါတယ်။ လက်ရှိအရှေ့ပိုင်းခရိုင်မှာ မှတ်ပုံတင်ထားတဲ့ပါတီပေါင်းက ၂၃ ပါတီရှိပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့်ပါတီ ၂၃ ပါတီကနေ ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၉၈ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦးနဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁၅၀ တို့ဖြစ်ပါတယ်။ တကယ်တမ်းစာရင်းဝင် ၂၇၁ ဦးရှိပေမယ့် ခရိုင်အနေနဲ့စိစစ်တဲ့အခါမှာ ဒီအရေအတွက်ထက်တော့ အနည်းငယ်လျော့တယ်။ လျော့သော်လည်းသူတို့ရဲ့အယူခံတက်တာတွေဘာတွေ၊ တိုင်းရဲ့ အယူခံပေါ်မှာ မူတည်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ လက်ရှိအနေအထားအတိုင်း ၁၇၂ ဦးပဲ သတ်မှတ်ထားတာဖြစ်ပါတယ်။ မဲရုံအားဖြင့် ၁၆၈၆ ရုံရှိပါတယ်။ ကော်မရှင်အနေနဲ့ ခရိုင်ကော်မရှင်တစ်ခု၊ မြို့နယ်ကော်မရှင် ၁၄ ခုနဲ့ ရပ်/ကျေးကော်မရှင် ၁၉၆ ခု စုစုပေါင်း၂၁၁ ခုရှိပါတယ်။ ဒီဟာကို လုံခြုံရေးပေးမယ့် တပ်ဖွဲ့ဝင်တွေအနေနဲ့ကတော့ ရဲစခန်းပေါင်း ၂၂ စခန်းရှိပြီး တပ်ဖွဲ့ဝင်ပေါင်းက ၁၆၀၇ ဦးရှိပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ကတော့ ခုနပြောသလို မိမိတို့ပင်မရဲလုပ်ငန်းနဲ့ ပုံမှန်လုံခြုံရေးရဲတပ်ဖွဲ့ထားပြီး ကျန်တဲ့ ၅၂ ရာခိုင်နှုန်းကိုတော့ ရွေးကောက်ပွဲပြုလုပ်မယ့်နေရာတွေမှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ အရှေ့ပိုင်းခရိုင်အနေနဲ့ ရဲတပ်ဖွဲ့အင်အားဟာ ပြည်သူအချိုးနဲ့ တွက်ရင် ၁း၁၃၇၂ ဦးရှိပါတယ်။

မေး။ အထွေထွေရွေးကောက်ပွဲလုံခြုံရေးနဲ့ပတ်သက်လို့ အရှေ့ပိုင်းခရိုင်အတွင်းမှာ ဘယ်လိုစီမံဆောင်ရွက်ထားပါသလဲ။

**ဖြေ။** ရွေးကောက်ပွဲကာလကို အပိုင်းလေးပိုင်းသတ်မှတ်ထားပါတယ်။ အပိုင်းတစ်အနေနဲ့ ရွေးကောက်ပွဲအကြိုကာလဖြစ်တယ်။ အကြိုကာလကတော့ ဇန်နဝါရီ ၁ ရက်ကနေစက်တင်ဘာ ၇ ရက်နေ့ထိပြီးသွားပါပြီ။ အပိုင်းနှစ်ကတော့ အခုလက်ရှိ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးတဲ့ကာလ ဖြစ်ပါတယ်။ ရက်ပေါင်း ၆၀ ပေးထားပါတယ်။ စက်တင်ဘာ ၈ ရက်ကနေ နိုဝင်ဘာ ၆ ရက်ထိ ဖြစ်ပါတယ်။ အပိုင်းသုံးကရွေးကောက်ပွဲကာလ နိုဝင်ဘာ ၇ ရက်နဲ့ ၈ ရက်လို့ သတ်မှတ်ပါတယ်။ ၇ ရက်နေ့ကတော့စိတ်ငြိမ်ကာလဖြစ်ပါတယ်။ ၈ ရက်နေ့ကတော့ အဓိကကျတဲ့ ရွေးကောက်ပွဲလုပ်မယ့်ကာလ ဖြစ်ပါတယ်။ အပိုင်းလေးကတော့ ရွေးကောက်ပွဲအလွန်ကာလဖြစ်ပါတယ်။ ဒါကတော့ ရွေးကောက်ပွဲ ၈ ရက်နေ့ပြီး ၉ ရက်နေ့နောက်ပိုင်း ထုတ်ပြန်ကြေညာပြီးတဲ့ အထိကာလကို ရွေးကောက်ပွဲအလွန်ကာလလို့ သတ်မှတ်ထားတာဖြစ်ပါတယ်။ လုံခြုံရေးအဆင့်ကို အရောင်နဲ့သတ်မှတ်ရရင်တော့ ရွေးကောက်ပွဲအကြိုကာလကို အစိမ်းရောင်သတ်မှတ်ပေးထားပါတယ်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလကို ရက်ပေါင်း ၆၀ ပေးထားပါတယ်။ ဒီကာလကတော့ မဲဆွယ်စည်းရုံးတာတွေကို သက်ဆိုင်ရာစည်းကမ်းချက်နဲ့အညီ ည၁၂ နာရီအထိပေးထားတာဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး မဲဆွယ်စည်းရုံးတာတို့၊ လူစုလူဝေးပြုလုပ်တာတို့၊ ဆိုင်းဘုတ်ထောင်တာတို့ကို သက်ဆိုင်ရာလုံခြုံရေးကော်မတီတွေက ကြီးကြပ်ပြီးတော့ သူတို့လုပ်မယ့်ခွင့်ပြုချက်တွေရှိတာတွေ၊ ခွင့်မပြုလို့မလုပ်ရတာတွေ ဒါတွေကတော့ သက်ဆိုင်ရာစည်းကမ်းချက်တွေကို အားလုံးထုတ်ပေးပြီးသားဖြစ်ပါတယ်။ ဒီကာလကိုတော့ အဝါရောင်ကာလအနေနဲ့ သတ်မှတ်ထားပါတယ်။ ရွေးကောက်ပွဲကျင်းပစဉ်ကာလ နိုဝင်ဘာ ၇ ရက်နဲ့ ၈ ရက်ကိုတော့ လိမ္မော်ရောင်ကာလလို့သတ်မှတ်ထားပါတယ်။ ဒီကာလက အရေးကြီးဆုံးကာလလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်တွေတင်မကဘူး။ သက်ဆိုင်ရာတပ်နယ်တွေပါ ပူးပေါင်းပါဝင်လာမှာဖြစ်ပါတယ်။ သူတို့အနေနဲ့လည်း လုံခြုံရေးကို အပြင်စည်း၊ အဝေးစည်းကနေ လုံခြုံရေးယူထားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲအလွန်ကာလ နိုဝင်ဘာ ၉ ရက်နောက်ပိုင်းမှာ စောင့်ကြည့်ရမယ့် ခြိမ်းခြောက်မှုအန္တရာယ်လျော့ပါးသော်လည်း ကျွန်တော်တို့အနေနဲ့ စောင့်ကြည့်သွားရမယ့်ကာလဖြစ်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးဆောင်ရွက်တဲ့အခါမှာလည်း စည်းငါးစည်းနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဗဟိုစည်း၊ အနီးစည်း၊ အတွင်းစည်း၊ အပြင်စည်းနဲ့ အဝေးစည်းဆိုပြီး ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မဲရုံတွေနေရာမှာ ဗဟိုစည်းဆိုပြီး အထူးရဲတွေထားပါမယ်။ အတွင်းစည်းကတော့ လက်ရှိယာဉ်ကြောပိတ်ဆို့တာတွေ လုပ်တယ်။ ကော်မရှင်ရုံးတွေကို ကြိုတင်ပြီးတော့နေရာယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အပြင်စည်း၊ အဝေးစည်းကတော့ ကျွန်တော်တို့ လက်ရှိလည်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဇန်နဝါရီ ၁ ရက်ကနေစပြီး လုံခြုံရေးကို နိုဝင်ဘာ ၉ ရက်နေ့ထိ အပြည့်အဝဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး။ အထွေထွေရွေးကောက်ပွဲမဲဆွယ်စည်းရုံးတဲ့နေရာမှာ ပါတီကကိုယ်စားလှယ်လောင်းတွေအနေနဲ့ ဘေးအန္တရာယ်များကြုံတွေ့လာနိုင်မယ့်အပေါ် ဘယ်လိုကြိုတင်ကာကွယ်မှုတွေ လုပ်ဆောင်ထားပါသလဲ။ ပါတီတွေ မဲဆွယ်စည်းရုံးတဲ့အခါ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ လုံခြုံရေးလိုက်လံဆောင်ရွက်ပေးဖို့ရှိပါသလား။

**ဖြေ။** ပါတီတွေအနေနဲ့ မဲဆွယ်စည်းရုံးတဲ့အခါ သူတို့ရဲ့လုပ်ငန်းပေါ်မှာ ကျွန်တော်တို့က လုံခြုံရေးအတတ်နိုင်ဆုံးလုပ်ပေးသွားမှာဖြစ်ပါတယ်။ ပါတီအသီးသီးက ကိုယ်စားလှယ်လောင်းတွေ မဲဆွယ်စည်းရုံးရေးဆင်းတဲ့အခါမှာ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ လုံခြုံရေးသီးသန့်ဆိုတာတော့မပေးပါဘူး။ အရေးကြီးတဲ့နေရာတွေ၊ ပြဿနာဖြစ်နိုင်တဲ့နေရာတွေ အဲဒါမျိုးတွေပဲပေးမှာပါ။

မေး။ ရွေးကောက်ပွဲကာလ ရွေးကောက်ပွဲဆိုင်ရာ ဖြစ်ပေါ်လာနိုင်တဲ့ ဘေးအန္တရာယ်တွေကို ပြောပြပေးပါ။

**ဖြေ။** ရွေးကောက်ပွဲဆိုင်ရာဘေးန္တရာယ်ဖြစ်ပေါ်နိုင်တဲ့ အခြေခံအချက်များကတော့ အကြမ်းဖက်ဖောက်ခွဲရေး၊ ဖျက်ဆီးမှုအန္တရာယ်တွေလည်း ရှိနိုင်ပါတယ်။ လူမှုရေး၊ ဘာသာရေး ပဋိပက္ခကြောင့် မတည်မငြိမ်ဖြစ်လာနိုင်တာတွေလည်း ရှိနိုင်ပါတယ်။

ဒီအန္တရာယ်တွေမရှိနိုင်အောင် လုံခြုံရေးကို သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကော်မရှင်မှာပါဝင်တဲ့ ၁၇ ဦးရှိပါတယ်။ ဒါတွေနဲ့ပေါင်းစပ်ပြီးဆောင်ရွက်မှာ ဖြစ်ပါတယ်။ နိုင်ငံရေးအထွေထွေမကျေနပ်မှုအပေါ် ပေါ်ပေါက်လာနိုင်သော မတည်ငြိမ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာအပေါ် အခြေခံသော လုံခြုံရေးခြိမ်းခြောက်မှုများ၊ စီးပွားရေးနဲ့ပတ်သက်ပြီး ငွေကြေးဆိုင်ရာရာဇဝတ်မှုကို အခြေခံသော လုံခြုံရေးပြဿနာများ၊ လူပုဂ္ဂိုလ်ဆိုင်ရာ နှောင့်ယှက်ခြိမ်းခြောက်ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေများနဲ့ သတင်းမီဒီယာများကို အသုံးပြုပြီး မတည်ငြိမ်အောင်လုပ်နိုင်တဲ့ အခြေအနေများဖြစ်ပွားမှုမရှိအောင် ကျွန်တော်တို့နဲ့ လုံခြုံရေးကော်မတီတို့က ဆောင်ရွက်ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။

မေး။ မဲရုံတွေမှာ အထူးရဲတွေခန့်အပ်တာဝန်ပေးသွားမယ်လို့ သိရပါတယ်။ အရှေ့ပိုင်းခရိုင်အနေနဲ့ အထူးရဲဘယ်လောက်ခန့်ထားမှာလဲ။ အထူးရဲတွေကို ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ သင်တန်းတွေပေးသွားဖို့ရှိလား။

**ဖြေ။** မဲရုံအလိုက် တာဝန်ထမ်းဆောင်မယ့် အထူးရဲကိုတင်ပြမယ်ဆိုရင် ၂၀၁၀ မှာတုန်းကတော့ အထူးရဲအားလုံး ၂၂၁၂ ဦးခန့်ခဲ့ပါတယ်။ ဒီနှစ်တော့ သက်ဆိုင်ရာခရိုင်ရွေးကောက်ပွဲကော်မရှင်၊ မြို့နယ်ကော်မရှင်တွေနဲ့ ညှိနှိုင်းပြီးတော့မှ မဲရုံ ၁၆၈၆ ရုံအတွက် အထူးရဲ ၁၆၈၆ ဦး ခန့်အပ်တာဝန်ပေးထားပါတယ်။ မြောက်ဥက္ကလာပ ၂၃၈ ဦး၊ တောင်ဥက္ကလာပ ၁၂၁ ဦး၊ သင်္ဃန်းကျွန်း ၁၂၀၊ ရန်ကင်း ၅၃ ဦး၊ တာမွေ ၁၂၂ ဦး၊ မင်္ဂလာတောင်ညွန့် ၇၆ ဦး၊ ပုဇွန်တောင် ၂၆ ဦး၊ ဗိုလ်တထောင် ၄၁ ဦး၊ ဒေါပုံ ၆၃ ဦး၊ သာကေတ၂၂၆ ဦး၊ ဒဂုံတောင် ၁၇၉ ဦး၊ ဒဂုံမြောက် ၁၅၃ ဦး၊ ဒဂုံအရှေ့ ၁၇၁ ဦးနဲ့ ဒဂုံဆိပ်ကမ်း ၉၇ ဦး ဖြစ်ပါတယ်။ အထူးရဲတွေကိုတော့ အောက်တိုဘာ ၁၅ ရက်နေ့မှာ စတင်ခန့်မှာဖြစ်ပါတယ်။ အထူးရဲခန့်ဖို့အတွက် ရန်ပုံငွေကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနကနေမှ ရန်ကုန်ကို ချပေးတာဖြစ်ပါတယ်။ အားလုံး ကျပ်ဘီလီယံ ၂၀ အသုံးပြုသွားမှာဖြစ်ပါတယ်။ အရှေ့ပိုင်းခရိုင်မှာ ၁၆၅၆ ဦး ဖြစ်တယ်။ ရန်ကုန်တစ်တိုင်းလုံးမှာ ၅၆၈၈ ဦးဖြစ်တယ်။ တစ်ပြည်လုံးအတိုင်းအတာနဲ့ခန့်သွားမှာဖြစ်ပါတယ်။ အောက်တိုဘာ ၁၅ ရက်ကနေ စခန့်ပြီး နိုဝင်ဘာ ၁၃ ရက်အထိ သူတို့ကို တစ်လခန့်မှာဖြစ်ပါတယ်။ အောက်တိုဘာ ၂၀ ရက်နေ့မှာတော့ သင်တန်း ၁၀ ရက်ပေးပါမယ်။ အောက်တိုဘာ ၃၀ ရက်နေ့အထိ မြို့နယ်အလိုက် သင်တန်းပေးသွားမှာဖြစ်ပါတယ်။ အဲဒီလိုသင်တန်းပေးဖို့အတွက်ကိုလည်း သင်တန်းနည်းပြတွေကို ကျွန်တော်တို့ မွေးထုတ်ပေးပြီးဖြစ်ပါတယ်။ တစ်မြို့နယ်ကိုအနည်းဆုံး သုံးယောက်ရွေးထားပါတယ်။ သင်တန်းတက်ပြီးသားဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း အထူးရဲတွေသိအောင်လို့ ကျွန်တော်တို့ပို့ချပေးနေပါတယ်။

မေး။ ခန့်အပ်မယ့်အထူးရဲတွေအနေနဲ့ မလျော်ကြဇာသုံးပြီး တလွဲအသုံးချမှုတွေရှိရင် ဘယ်လိုအရေးယူမှုတွေ လုပ်ဆောင်သွားမလဲ။

**ဖြေ။** ခုနပြောသလိုပါ။ ဥပဒေရဲ့အပေါ်တော့ ဘယ်သူမှမရှိဘူး။ သူသည် မလျော်ကြဇာသုံးလို့ တိုင်တန်းမှုရှိလာရင်တော့ ကျွန်တော်တို့က စိစစ်ပြီး မှန်ကန်ရင်တော့ အရေးယူရမှာပါ။

မေး။ ဆရာတို့အနေနဲ့ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပြန်လည်လွတ်မြောက်လာတဲ့သူတွေကိုရော အရှေ့ပိုင်းခရိုင်အတွင်းမှာ ရွေးကောက်ပွဲကာလအတွင်း ဘယ်လိုမျိုးစောင့်ကြည့်မှုတွေ ပြုလုပ်ထားပါသလဲ။

**ဖြေ။** ကျွန်တော်တို့ အရှေ့ပိုင်းခရိုင်မှာ လွတ်ငြိမ်းချမ်းသာခွင့်က ၂၈၇ ဦးရှိတယ်။ သူတို့ဟာ လုယက်တဲ့လူမျိုးတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ဆီ တစ်ပတ်တစ်ကြိမ် သတင်းပို့ရပါတယ်။ အဲဒီလိုနဲ့ သူတို့ရဲ့ အခြေအနေကို ကျွန်တော်တို့နယ်ထိန်းတွေအနေနဲ့ စောင့်ကြည့်ဆောင်ရွက်လျက်ရှိပါတယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။

❑❑❑

**ရွေးကောက်ပွဲကျင်းပရန် ၅၃ ရက်သာ လိုတော့သည်။**

# ပြည်ထောင်စု ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ပြည်ထောင်စုဒီမိုကရေစီပါတီ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



မြန်မာနိုင်ငံသူ/နိုင်ငံသားအပေါင်း မင်္ဂလာရှိသော နေ့ရက်များကို ရရှိခံစားကြရပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

ကျွန်တော်ကတော့ ပြည်ထောင်စု ဒီမိုကရေစီပါတီမှ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ပါတီကို ကိုယ်စားပြုပြီး အခုလို မြန်မာနိုင်ငံသူ/နိုင်ငံသားအပေါင်းကို စကားပြောခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း ဦးစွာ ပြောကြားခွင့်ပြုပါခင်ဗျား။

၂၀၁၀ ခုနှစ်မှာ ကျွန်တော်တို့ပါတီ တည်ထောင်ဖွဲ့စည်း၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှုမရရှိခဲ့ပါ။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့သော်လည်း ထောက်ခံအားပေးခဲ့ပါတယ်။

ကျွန်တော့်ရဲ့ အတွေ့အကြုံ၊ ကျွန်တော့်ပါတီမိတ်ဆွေ အပေါင်းအသင်းများရဲ့ အတွေ့အကြုံများ ပေါင်းစပ်၍ ယခု ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား ပဲခူးတိုင်းဒေသကြီးမှ အထူးကြိုးစား၍ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ယနေ့အချိန်အခါသည် နိုင်ငံတော်ကြီးတစ်ခုလုံး အစစအရာရာ ပြုပြင်ပြောင်းလဲနေပြီ ဖြစ်သည့်အတွက် ကျွန်တော်နှင့် ကျွန်တော့်ပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများသာလျှင် အရွေးချယ်ခံရပါက ကိုယ်ကျိုးမဖက်ဘဲ တိုင်းပြည်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစွာ ပြောကြားလိုပါတယ်။

ကျွန်တော်ဟာ အသက် (၆၄) နှစ်ရှိပြီဖြစ်တဲ့အတွက် နိုင်ငံတော်မှာ ပြောင်းလဲခဲ့တဲ့ နိုင်ငံရေးဇာတ်ခုံအကြောင်း တော်တော်များများ သိရှိခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်ဟာ တောရွာမှာ မွေးဖွားကြီးပြင်းခဲ့တဲ့သူ တစ်ယောက်ဖြစ်ခဲ့တဲ့အတွက်ကြောင့် တောရွာနေလူတန်းစားတွေရဲ့ဒုက္ခမျိုးစုံကို ငယ်စဉ်ကပင် မျက်မြင်ကိုယ်တွေ့ခံစားခဲ့ရတဲ့သူတစ်ယောက်ဖြစ်ပါတယ်။ တောရွာနေလူထုရဲ့ ပညာရေး၊ ကျန်းမာရေးကအစ စားဝတ်နေရေးပါမကျန် နိမ့်ကျနေတာတွေဟာ ယနေ့အချိန်ထိဖြစ်ပါတယ်။ ကလေးတွေရဲ့ကျန်းမာရေးနဲ့ ပညာရေးကို ဦးစွာပထမ ဦးစားပေးရလိမ့်မယ်လို့လည်း ထင်မိပါတယ်။

ကျွန်တော်တို့ပါတီသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို မည်သည့်အကြောင်းကြောင့်မျှ နောက်ပြန်လှည့်သွားနိုင်စရာမရှိဟု ယုံကြည်ပါတယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများနဲ့ တိုင်းရင်းသားလက်နက်ကိုင်အသီးသီးတို့ပူးပေါင်း၍ ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်တစ်ခုကို ထူထောင်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်၌ ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအခက်အခဲများအား ရွေးကောက်ခံရသော ကိုယ်စားလှယ်များနှင့်လက်တွဲ၍ ယခုထက်ပိုမိုမြန်ဆန်စနစ်ကျအောင် ဆောင်ရွက်သွားပါမယ်။ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲကြီးသည် လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်မည်ဟု ယုံကြည်သည့်အတွက် ကျွန်တော်တို့ပါတီသည် ရွေးကောက်ပွဲတွင် နိုင်သည်ဖြစ်စေ၊ မနိုင်သည်ဖြစ်စေ နိုင်ငံရေးအင်အားစုများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အထူးလက်တွဲပြီး ဆက်လက်ဆောင်ရွက်သွားပါမယ်။

ကျွန်ုပ်တို့ ပြည်ထောင်စုဒီမိုကရေစီပါတီအနေဖြင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အေဂျင်စီများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအပါအဝင် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ ပြည်ထောင်စုဒီမိုကရေစီပန်းတိုင်ကို အရောက်ချီတက်မည်ဟု အလေးအနက် အဓိဋ္ဌာန်ပြုပါတယ်။

လူမှုရေး၊ စီးပွားရေး၊ ပြည်ထောင်စုအရေး၊ ဒီမိုကရေစီအရေးနှင့် အခြေခံလူ့အခွင့်အရေးများအတွက် ပြည်သူလူထုတစ်ရပ်လုံး၏ တရားမျှတသော တောင်းဆိုလှုပ်ရှားမှုအသီးသီးကို ကျွန်ုပ်တို့ပါတီမှ အပြည့်အဝထောက်ခံပူးပေါင်းဆောင်ရွက်သွားပါမယ်။

ကျွန်ုပ်တို့ပါတီ၏ အလံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုစနစ်၏ အဓိပ္ပာယ်ကိုဖော်ဆောင်ပြီး ပင်လုံကျောက်တိုင်မှာ ပြည်ထောင်စုကြီးကို ဖြစ်ပေါ်စေခဲ့သော အခြေခံအုတ်မြစ် ပင်လုံစာချုပ်ကြီးကို ဂုဏ်ပြုဖော်ပြခြင်းဖြစ်ပါတယ်။ ပါတီ၏ အမှတ်တံဆိပ်ဖြစ်သော မြန်မာပြည်မြေပုံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်ပြီး ပင်လုံကျောက်တိုင်သည် တိုင်းရင်းသားလူမျိုးအားလုံး လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတရားများနှင့် ငြိမ်းချမ်းစွာအတူလက်တွဲ ပူးပေါင်းနေထိုင်သွားကြမည်ဟူသော အဓိပ္ပာယ်ဖြစ်ပါတယ်။

ထို့ကြောင့် ကျွန်တော်တို့ပါတီ၏ ဆောင်ပုဒ်ကို လွတ်လပ်ညီမျှချစ်ကြည် ပြည်ထောင်စုဒီမိုကရေစီပါတီဟု မှတ်တမ်းတင်ထားပါတယ်။

နိုင်ငံရေးပါတီတစ်ခု တည်ထောင်တဲ့အခါ ပါတီ၏ မူဝါဒ၊ သဘောထား ရပ်တည်ချက်တို့မှာ အရေးကြီးဆုံး ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ မူဝါဒ၊ သဘောတရားများကို နိုင်ငံသူ/နိုင်ငံသားအပေါင်း သိရှိနိုင်ကြရန် တင်ပြခွင့်ပြုပါခင်ဗျား။

ကျွန်တော်တို့ ပါတီအနေဖြင့် အဖြစ်ချင်ဆုံးသောမူဝါဒမှာ ဖက်ဒရယ်နိုင်ငံတော်တည်ထောင်ရေးပဲ ဖြစ်ပါတယ်။ နိုင်ငံသူ/နိုင်ငံသားအပေါင်းအားလုံး မိမိကိုယ်မိမိ တည်ဆောက်၊ မိမိကိုယ်မိမိ တာဝန်ယူပြီး တစ်ချိန်တည်းမှာ အခြားတစ်ပါးသူများနှင့် ညီညွတ်၊ ချစ်ကြည်၊ စည်းလုံးပြီး အေးအတူပူအမျှ ခွဲဝေခံစားနိုင်မည်ဆိုလျှင် အောင်မြင်သော ပြည်ထောင်စုနိုင်ငံတော်ကြီးတစ်ခု တည်ထောင်နိုင်မည်မှာ မလွဲဧကန် ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာ ထာဝရပြည်တွင်းငြိမ်းချမ်းရေးရရှိနိုင်စေဖို့ ကြီးစွာသော အထောက်အကူပြုမှုကို ဖက်ဒရယ်စနစ်ကသာ ပြုမူနိုင်မှာဖြစ်တယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်ခင်ဗျား။

ပြည်ထောင်စုဒီမိုကရေစီပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ဘက်စုံအခြေခံအဆောက်အအုံများ ပြည့်စုံကုံလုံစွာ ပေါ်ပေါက်လာစေနိုင်ရေးအတွက် အဓိကထား ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးအခြေခံအဆောက်အအုံများ ပြည့်စုံလာပါက ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအတွက်သော်လည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက်လည်းကောင်း အလုံးစုံကူညီပံ့ပိုးရာရောက်သဖြင့် နိုင်ငံတော်အတွက် အပေါင်းလက္ခဏာဆောင်လာမှာ ဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်အဖြစ် နိုင်ငံသားများ အလုပ်အကိုင်ရရှိလာခြင်း၊ တိုင်းပြည်ဘဏ္ဍာတိုးတက်များပြားလာခြင်း အစရှိသော ကောင်းကျိုးများကို ရရှိမှာဖြစ်ပါတယ်။

နိုင်ငံတော်ဘဏ္ဍာတောင့်တင်းလာမှ နိုင်ငံတွင်းရှိ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှာဖြစ်သလို ပြည်ပချေးငွေအပေါ် မှီခိုနေရခြင်းမှလည်း လျော့ကျမှာဖြစ်ပါတယ်။




စနစ်တိုင်းမှာ အားသာချက်၊ အားနည်းချက်ရှိနေမှာဖြစ်သော်လည်း အားနည်းချက်တွေကို ဒီမိုကရေစီနည်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာကြရမှာ နိုင်ငံတော်ရဲ့တာဝန်ပဲ ဖြစ်ပါတယ်။ မည်သည့်တာဝန်ကို မဆို မရှောင်မလွဲ တာဝန်ယူဖြေရှင်းရမှာ နိုင်ငံတော်တစ်ခုရဲ့ အာဏာပိုင်အဖွဲ့အစည်းပဲဖြစ်ပါတယ်။ အဲဒီတာဝန်ကိုယူရမယ့် အခြေအနေကို ကျွန်တော်တို့ပါတီမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များကို မျှဝေပေးစေလိုပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ အမှန်တကယ်လိုအပ်နေတဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေးတို့ကိုဆောင်ရွက်နိုင်သော အစိုးရအဖွဲ့အစည်းတစ်ရပ် အမှန်တကယ်လိုအပ်ပါတယ်။

**ပြည်ထောင်စု မြန်မာနိုင်ငံသူ/နိုင်ငံသားအပေါင်းတို့ခင်ဗျား-**

ထိုသို့ လိုအပ်သော အစိုးရအဖွဲ့အစည်းတွင် ကျွန်တော်တို့ ပြည်ထောင်စုဒီမိုကရေစီပါတီမှ ကိုယ်စားလှယ် လောင်းများကို ရွေးချယ်ပေးခြင်းဖြင့် တစ်တပ်တစ်အား ပါဝင်တာဝန် ထမ်းဆောင်နိုင်ရန် ကူညီကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ် ပါတယ်။

နိုင်ငံ့တာဝန်ထမ်းဆောင်ခွင့်ကို မိမိတို့ပါတီများမှ အောင်နိုင်သူများနှင့် အတူတကွ နားလည်မှုကြီးစွာ ပေါင်းစပ်ဖွဲ့စည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံသူ/နိုင်ငံသားအပေါင်းတို့ခင်ဗျား-**

အထက်ပါ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ဖြေရှင်းရန် ပြည်ထောင်စုဒီမိုကရေစီပါတီအနေဖြင့် မည်သည့်ပါတီအဖွဲ့အစည်းနှင့်မဆို လက်တွဲ၍ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဤနေရာမှနေ၍ ကတိသစ္စာ ပြုအပ်ပါတယ်။

ကျွန်တော်တို့ ပါတီအနေဖြင့် (၁) မိမိရပ်ရွာ၊ (၂) မိမိမြို့နယ်၊ (၃) မိမိတိုင်းပြည် ကောင်းရာကောင်းကျိုးများကို ရည်ရွယ်ပြီး အုပ်ချုပ်ရေးယန္တရားကြီး ချောမွေ့မှန်ကန်စွာ၊ တည်ငြိမ်အေးချမ်းစွာ၊ သာယာဖြောင့်ဖြူးစွာ လည်ပတ်နိုင်စေရန် စွမ်းစွမ်းတမံ အထောက်အကူပြုပြီး နိုင်ငံတော်မျက်နှာကို အစဉ်ရှေးရှု၍ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မိဘပြည်သူအပေါင်းကို ဤနေရာမှ လေးနက်ခိုင်မာစွာ ကတိသစ္စာပြုအပ်ပါသည်ခင်ဗျား။

ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်းတွင် လက်ရှိဖြစ်ပေါ်ကြုံတွေ့နေကြရသော လယ်ယာမြေအမှုအခင်းများအပါအဝင် အခြားသော တရားဥပဒေ၏ လက်ငင်းလိုအပ်ချက်များစွာအတွက် ပြည်ထောင်စုဒီမိုကရေစီပါတီမှ အလေးထားဆောင်ရွက်သွားပါမည်ဟု ထပ်လောင်းကတိပြုအပ်ပါတယ်။

**မြန်မာနိုင်ငံသူ/နိုင်ငံသားအသီးသီးတို့ခင်ဗျား-**

မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အောင်မြင်ရာ အောင်မြင်ကြောင်းရရှိရန် ကိုယ်တိုင်ကိုယ်ကျကြိုးစားဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံတော်ကြီးသည် သာယာဝပြောသော ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာမည်ဟု ကျွန်ုပ်တို့ ပြည်ထောင်စုဒီမိုကရေစီပါတီမှ အပြည့်အဝယုံကြည်ကြောင်း ပြောကြားလိုပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

## မင်းဘူးမြို့နယ်တွင် မဲစာရင်းများ ကြေညာထားရှိ

**မင်းဘူး စက်တင်ဘာ ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ပြီး ကြေညာလျက်ရှိရာ မင်းဘူးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းများ ကပ်၍ ကြေညာထားလျက်ရှိသည်။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ မဲဆန္ဒရှင်ပြည်သူများက သွားရောက်ကြည့်ရှုပြီး မိမိအမည်မပါလျှင် ပုံစံ(၃) ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄) ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ(၄-က)ဖြင့် ပြင်ပေးရန်၊ မဲပေးခွင့် မဆုံးရှုံးစေရန် မဲစာရင်းသွားကြည့်၍ ဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ခြင်းအားဖြင့် လွတ်လပ်စွာ လာရောက်ကြည့်ရှုလျက်ရှိသည်။

မင်းဘူးမြို့နယ်တွင် ကျေးရွာအုပ်စု ၇၄အုပ်စု၊ ကျေးရွာ ၁၅၀ တွင် မဲရုံပေါင်း ၁၇၂ ရုံဖြင့် မဲပေးပိုင်ခွင့်ရှိသူ ၁၂၈၃၄၉ ဦး ရှိကြောင်းနှင့် အများပြည်သူဆန္ဒမဲပေးရာတွင် လွတ်လပ်၍ တရားမျှတအေးချမ်းစွာ မဲပေးနိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်းသိရှိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဒုတိယဥက္ကဋ္ဌ-၁ ဒေါ်စန္ဒာဦးက ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**မိဘပြည်သူအပေါင်းတို့ရှင့်-**

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း တို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်ရှင့်။ ကျွန်မကတော့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ ဒုတိယ ဥက္ကဋ္ဌ-၁ ဒေါ်စန္ဒာဦးဖြစ်ပါတယ်။

ကျွန်မတို့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ မူဝါဒသဘောတရားနဲ့ လုပ်ငန်းစဉ်တို့ကို တင်ပြပါမယ်ရှင်။

ကျွန်မတို့ပါတီရဲ့ မူဝါဒကတော့ လူသားဆန်သော ဒီမိုကရက်တစ် နိုင်ငံသားဝါဒ ဖြစ်ပါတယ်။

မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးဆိုတဲ့ ပါတီရဲ့ အမည်နာမမှာကိုပဲ အဓိပ္ပာယ်ပြည့်ဝနေပါတယ်။ မတူကွဲပြားခွင့်ရှိခြင်း ဒိုင်ဗားစတီးဆိုတာကိုက လူ့ဘောင်လူ့လောကမှာ လူအမျိုးမျိုးဟာ မိမိတို့ရဲ့ လွတ်လပ်ခွင့်နဲ့အညီ အခြားသူများနဲ့မတူသော ခံယူချက်၊ ရပ်တည်ချက်၊ စဉ်းစားချက်၊ တုံ့ပြန်ချက် အမျိုးမျိုးကို လုပ်ခွင့်ရှိကြရပါမယ်။

လွတ်လပ်သော ဘာသာအယူဝါဒ အမျိုးမျိုး၊ ကိုးကွယ်ယုံကြည်မှုအမျိုးမျိုး ကိုးကွယ်ခွင့်လွတ်လပ်သော ထင်မြင်ယူဆချက်အမျိုးမျိုး ထင်မြင်ယူဆခွင့် ရှိနေရပါလိမ့်မယ်။

ဒီနေရာမှာ အချို့သော ဘာသာတရားကျမ်းစာတွေက လွတ်လပ်သော ထင်မြင်ယူဆခွင့်ကို မပေးဘူးဆိုရင် ကျွန်မတို့ရဲ့ ဒိုင်ဗားစတီးအယူအဆကို ဆန့်ကျင်နေပါပြီ။

အချို့သော ဘာသာအယူဝါဒကျမ်းစာ တစ်ရပ်ရပ်ဟာ မိမိတို့ဘာသာကနေ နုတ်ထွက်ရင် သေဒဏ်သတ်မှတ်လာပြီဆိုရင် လူ့လောကကနေ သူတို့ကို ဆန့်ကျင်ရှုတ်ချပေးနေဖို့ လိုအပ်လာပါပြီ။

ကျွန်မတို့ရဲ့ ဒိုင်ဗားစတီး မတူကွဲပြားခွင့်ကို တန်ဖိုးထားလေ ဘာသာတရားတစ်ခုခုကနေ ကျန်ဘာသာ သာသနာတွေကို တိုက်ခိုက်သတ်ဖြတ် ချေမှုန်းဖို့ ရေးသားဟောပြောနေမယ်ဆိုရင် ပိတ်ပင်ဖို့ လုပ်ဆောင်ရပါလိမ့်မယ်။

ဒါဟာ မတူကွဲပြားခွင့်ကို အခွန့်ရှည်ဖို့အတွက် အာဏာရှင်ဆန်တဲ့ ဘာသာတရားမျိုးကို ဆန့်ကျင်ရတာ ဖြစ်ပါတယ်။

ဒီသဘောတရားဟာ ပါတီရဲ့ အမည်နာမဖြစ်တဲ့ ဒိုင်ဗားစတီး မတူကွဲပြားခွင့်ကို တန်ဖိုးထားကြောင်း ဖော်ပြချက်ပဲဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတဲ့ပါတီရဲ့ နောက်ဆက်တွဲကို ဆက်လက်ရှင်းလင်းပါမယ်။

မတူကွဲပြားခွင့်တွေကို တန်ဖိုးထားမယ်ဆိုရင် ငြိမ်းချမ်းရေးမလွဲမသွေ ရရှိလာမယ်လို့ ယုံကြည်တာဖြစ်ပါတယ်။

ဒါကြောင့် မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီဟာ မတူကွဲပြားခွင့်မပေးတဲ့ အယူအဆ၊ မတူကွဲပြားခွင့်မပေးတဲ့ အတွေးအခေါ်တွေကို ဆန့်ကျင်ရှုတ်ချနေခြင်းဟာ ငြိမ်းချမ်းရေးရမယ်လို့ ယုံကြည်ကြတာဖြစ်ပါတယ်။

**မိဘပြည်သူများရှင့်-**

နိုင်ငံတစ်ခုမှာ နိုင်ငံရေးလုပ်ကြပြီဆိုရင် အမျိုးသားနိုင်ငံရေးနဲ့ စပိုင်နိုင်ငံရေး နှစ်မျိုးရှိပါတယ်။ ဥပမာပေးရမယ်ဆိုရင် မြန်မာနိုင်ငံမှာ ပါတီထောင်ပြီး မြန်မာနိုင်ငံရှိ တိုင်းရင်းသား ၁၃၅ မျိုး အကျိုးစီးပွားကို ရှေးရှုလုပ်ဆောင်ရပါမယ်။ ဒီလိုလုပ်ရင် အမျိုးသားနိုင်ငံရေးလို့ ခေါ်ရပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးပါတီထောင်ပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုခု (သို့) နိုင်ငံခြားသားတွေရဲ့ အကျိုးစီးပွားကို လုပ်မယ်ဆိုရင် ဒါမျိုးဟာ စပိုင်နိုင်ငံရေးပါပဲ။

အဲဒါကြောင့် မြန်မာနိုင်ငံမှာ နိုင်ငံရေးလုပ်မယ်ဆိုရင် မြန်မာတိုင်းရင်းသား ၁၃၅ မျိုးအတွက် ရှေးရှုလုပ်ကြရမယ်။ နိုင်ငံခြားသားအတွက်/နိုင်ငံခြားတိုင်းပြည်တစ်ခုခုအတွက် နိုင်ငံရေးလာလုပ်ရင် စပိုင်ဖြစ်တဲ့အတွက် ချေမှုန်းရပါလိမ့်မယ်။

ကျွန်မတို့ရဲ့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဝင်တိုင်းဟာ အမျိုးသားနိုင်ငံရေးကိုသာ ဦးတည်ရှေးရှုပြီး လုပ်ကြမှာဖြစ်သလို စပိုင်နိုင်ငံရေးသမားတွေကိုလည်း ဖော်ထုတ်ဖမ်းဆီးချေမှုန်းသွားကြပါမယ်။

နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုတော့ ဈေးကွက်စီးပွားရေးစနစ်နဲ့သွားမှသာလျှင် အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

ကွန်မြူနစ်၊ ဆိုရှယ်လစ်စတဲ့ နိုင်ငံတော်စနစ်တွေမှန်သမျှဟာ အုပ်ချုပ်ရေးအက်ဒမင်ပိုင်းရော အော်ပရေးရှင်းပိုင်းကိုပါ ဝန်ထမ်းဆန်တဲ့ စီမံခန့်ခွဲမှုရှိကြတဲ့အတွက် ဘယ်နေရာမှာမှ မအောင်မြင်ကြပါဘူး။

အရင်းရှင်စနစ်ကတော့ မက်လုံးကို အခြေစိုက်ထားတာဖြစ်တယ်။ အက်ဒမင်ပိုင်းမှာ မက်လုံးကိုအခြေစိုက်ထားလေတော့ အောင်မြင်လာတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကသာ မိမိတို့အကျိုးအမြတ် အများဆုံးရဖို့အတွက် အာရုံစူးစိုက်ကြလေတော့ လုပ်ငန်းတွေအောင်မြင်လာကြတယ်။

နိုင်ငံတော်အစိုးရဟာ ပြည်သူတွေဖြစ်တဲ့ ထုတ်လုပ်ရောင်းချသူတွေနဲ့ စားသုံးသူတွေကြားမှာ မှန်ကန်တဲ့ ဒိုင်လူကြီးအဖြစ် ရပ်တည်ဖို့လိုတယ်။ အဲဒီလိုရပ်တည်နိုင်တဲ့အချိန်မှာ နိုင်ငံဟာ တစ်ဟုန်ထိုးဖွံ့ဖြိုးမယ်။

ဒိုင်လူကြီးဟာ ပြည်သူအချင်းချင်းအပေါ် မမျှတဘဲ ဘက်လိုက်ရင် ခရိုနီအရင်းရှင်စနစ်ဖြစ်လာတယ်။ ခရိုနီအရင်းရှင်စနစ်ကြောင့် အရင်းရှင်စနစ် နာမည်ပျက်ရတယ်။ အာဏာကို အလွဲသုံးဘက်လိုက်တဲ့ခရိုနီကို ပပျောက်အောင်လုပ်ဖို့ လိုပါတယ်။

ဆင်းရဲချမ်းသာမရွေး တန်းတူယှဉ်ပြိုင်ခွင့်ရှိနေရမယ်။ တန်းတူယှဉ်ပြိုင်ခွင့်ကို နမူနာပေးမယ်ဆိုရင် ရွှေတွင်းလုပ်ကွက် တစ်ယူနစ် ဧက ၁၀၀၀ ချပေးမယ်။ မည်သူမဆို လေလံဆွဲခွင့်ရှိတယ်။ ဆင်းရဲချမ်းသာမရွေး လေလံဆွဲခွင့်ပေးမယ်။ လေလံဆွဲသူတိုင်း ဒပို့ဇစ် သိန်းတစ်ထောင်ဘဏ်အကောင့်ပြရမယ်ဆိုရင် ဒါဟာ တန်းတူယှဉ်ပြိုင်ခွင့် မဟုတ်ဘူး။ တစ်ယူနစ် ဧက ၁၀၀၀ ဆိုတော့ အများကြီးဆင်းရဲသူက ဘယ်လိုမှ လေလံဝင်မပြိုင်နိုင်တော့ဘူး။

အဲဒါကြောင့် တန်းတူယှဉ်ပြိုင်ခွင့်ဆိုတာ (မည်သူမဆို)လို့ စကားလုံး ထည့်တိုင်းမဟုတ်ဘူး။ မမှန်ဘူး။ သာမန်လုပ်ငန်း အသေးစားအဆင့်ကလူတွေပါ လေလံဆွဲနိုင်တဲ့ ယှဉ်ပြိုင်နိုင်တဲ့ လုပ်ကွက်အသေးစားတွေ ဖြန့်ခွဲနိုင်ရမယ်။ ဒီလို စီမံခန့်ခွဲတာမျိုးကို ဝင်ငွေခွဲဝေဖြန့်ဖြူးမှုညီမျှအောင် လုပ်တယ်လို့ခေါ်တယ်။



ဝင်ငွေခွဲဝေဖြန့်ဖြူးတယ်ဆိုတာ နိုင်ငံတော်ဘတ်ဂျက်ကို နိုင်ငံတော်မှာရှိတဲ့ လူဦးရေနဲ့စားပြီး တစ်ဦးချင်းလိုက်ပေးတဲ့ ကိစ္စမဟုတ်ပါဘူး။ အထက်ဖော်ပြပါ စီမံခန့်ခွဲမှုမျိုးကို ခေါ်ပါတယ်။

ဒီနေရာမှာ လေကြောင်းလိုင်းထောင်ခွင့်ဆိုင်ရာ တန်းတူယှဉ်ပြိုင်ခွင့်ကို ဆင်ခြင်ပြပါမယ်။ ဘယ်ဆင်းရဲသားကမှ လေကြောင်းလိုင်းမထောင်နိုင်ဘူးဆိုတာ တွေ့ရလိမ့်မယ်။ ဘယ်လောက်အသေးငယ်ဆုံးယူနစ်အဖြစ် လုပ်ပိုင်ခွင့်ပေးပါစေ ဆင်းရဲသားအနေနဲ့ လုပ်ပိုင်ခွင့်မယှဉ်နိုင်ပါဘူး။

အဲဒါကြောင့် လုပ်ငန်းပုံစံမျိုးစုံအလိုက် အနည်းဆုံးပမာဏ ယူနစ်လုပ်ကွက်တွေ လုပ်ကိုင်ခွင့်ကို အစိုးရက လုပ်ပေးနေရမယ်။ ဒီနေရာမှာ ကွန်မြူနစ်လို စဉ်းစားရင်တော့ မည်သူမျှ လုပ်ကွက်တစ်ကွက်ထက်ပိုမယူရဆိုတာမျိုးပါ ပါလာတတ်တယ်။ ဒါဆိုရင် လက်ဝဲစွန်းကိုရောက်လာပြီလို့ ခေါ်ရပါမယ်။

အသေးဆုံးက ဝင်ပြိုင်နိုင်သလို အကြီးဆုံးက အဆမတန်ကြီးထွားခွင့်ကို ခွင့်ပြုနိုင်မှ ခွင့်ပြုတတ်မှသာလျှင် ပုဂ္ဂလိကလုပ်ငန်းတွေ ဖွံ့ဖြိုးလာပြီး နိုင်ငံဖွံ့ဖြိုးလာပါလိမ့်မယ်။

ယခုတင်ပြတဲ့ကိစ္စဟာ ပညာရေး၊ ကျန်းမာရေးနယ်ပယ်တွေအတွက်ပါ ကျင့်သုံးရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**မိဘပြည်သူများရှင့်-**

ကျွန်မတို့ပါတီရဲ့ လုပ်ငန်းစဉ်လေးကိုတော့ တင်ပြချင်ပါသေးတယ်။ အဲဒါကတော့ ရွေးကောက်ပွဲတွေ ဝင်ရောက်ယှဉ်ပြိုင်တာဟာ ပါတီရဲ့ လုပ်ငန်းစဉ်တစ်ခုအနေနဲ့ ပါဝင်ပေမယ့် အဓိကလုပ်ငန်းစဉ်မဟုတ်ပါဘူး။ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ အဓိကလုပ်ငန်းစဉ်အစစ်ကတော့ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးကို အကျိုးပြုနိုင်မယ့်၊ နိုင်ငံအတွက် အကျိုးပြုနိုင်မယ့် ဒေတာ(အချက်အလက်)တွေ ရှာဖွေစုဆောင်းပြီး နိုင်ငံရေးရာတာဝန်ရှိသူ မည်သူမဆို ပါတီမရွေး၊ အဖွဲ့အစည်းမရွေး၊ ပုဂ္ဂိုလ်မရွေး အခမဲ့ဖြန့်ဝေဖို့ပါပဲ။ အဲဒါ အဓိကလုပ်ငန်းစဉ်ဖြစ်ပါတယ်။ ပါတီရဲ့ အထိမ်းအမှတ်တံဆိပ်မှာ ခေတ်မီဆက်သွယ်ရေးကိရိယာများနှင့် မိမိတို့လုပ်ဆောင်ချက်များ ပျံ့နှံ့စေရမည်ဟူသော ရည်ရွယ်ချက်ဖြစ်ပါတယ်။

**မိဘပြည်သူများရှင့်-**

အမျိုးသားနိုင်ငံရေးနဲ့ စပိုင်နိုင်ငံရေးကို ခွဲခြားသိမြင်နိုင်တဲ့ ပြည်သူများဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းသည့်အပြင် ပြည်သူသည်သာ အခရာဖြစ်တဲ့အတွက် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးရဲ့ အကျိုးကိုရှေးရှုသည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပေးကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်ရှင့်။

## မိတ္ထီလာတွင် မဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ်ကြေညာ

**မိတ္ထီလာ စက်တင်ဘာ ၁၅**

မိတ္ထီလာတွင် အထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်သူများစာရင်းကို စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီကစတင်ပြီး ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ်ကြေညာကြောင်း သိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေဖြင့် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ မကြေညာမီ နှစ်ရက်တိုင်တိုင် ရပ်ကွက်/ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကြေညာမည်ဖြစ်ကြောင်း၊ မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းများ ကြည့်ရှုကြရန်လိုအပ်ကြောင်း အသံချဲ့စက်များဖြင့် လိုက်လံနှိုးဆော်ခဲ့ကြောင်း သိရသည်။

ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ယမန်နေ့ မဲစာရင်းကြေညာထားမှုအခြေအနေနှင့် မဲဆန္ဒရှင်များ မဲစာရင်းကြည့်ရှုနေသည်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်း၊ အတွင်းရေးမှူး ဦးမျိုးမင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

မိတ္ထီလာတွင် မဲရုံပေါင်း ၂၉၃ ရုံရှိပြီး ပထမအကြိမ် မဲဆန္ဒရှင်စာရင်းအရ မဲဆန္ဒရှင်ပေါင်း ၂၄၀၀၀၀ ကျော်ရှိခဲ့သော်လည်း ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကြေညာသည့်နေ့အထိ ၂၇၀၂၀၆ ဦးရှိသည်။ ယင်းမဲရုံပေါင်း ၂၉၃ ရုံတွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မင်တို့ဝန်ထမ်း၊ မဲရုံလုံခြုံရေး စုစုပေါင်း ၄၅၀၀ ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မဲစာရင်းတွင်အမည်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား အရာတော်မြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်ပေး

**မုံရွာ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ မဲစာရင်းတွင် အမည်ပါဝင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားခြင်း မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်တွင် အရာတော်မြို့ အမှတ်(၁)နယ်မြေ ကမ္ဘောဇရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်သည့်နေရာသို့ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က လာရောက်အားပေးပြီး ပြည်သူများအား နိုင်ငံသားဆိုင်ရာကိစ္စရပ်များနှင့် လူတိုင်းနိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အလားတူ စက်တင်ဘာ ၁၂ ရက်ကလည်း အရာတော်မြို့နယ် ဝါးတောမကျေးရွာအုပ်စုတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**ရွေးကောက်ပွဲတွင်ပါဝင်ဖို့ မဲစာရင်းကြည့်ကြစို့**

# ချင်းတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ချင်းတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးနိုထန်ကပ်က ၎င်းတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်ကတော့ ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးနိုထန်ကပ်ဖြစ်ပါတယ်။

ချင်းတိုးတက်ရေးပါတီသည် ၂၀၁၀ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါတယ်။ မှတ်ပုံတင်နံပါတ် (၂၆) ဖြစ်ပြီး ပြည်ထောင်စုအဆင့် သို့မဟုတ် ပြည်ထောင်စုတစ်ဝန်းလုံးရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လို့ရတဲ့ပါတီဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပါတီ၏ ရည်ရွယ်ချက်နှင့်ပတ်သက်ပြီး ပထမဆုံး တင်ပြလိုပါတယ်။

ပါတီနာမည်တွင် ဖော်ပြထားသည့်အတိုင်း ချင်းတိုင်းရင်းသားများ၏ တိုးတက်ရေးကို ပါတီအနေနဲ့ ဦးစားပေး ဆောင်ရွက်ပါတယ်။

တိုးတက်ရေးကို **ရုပ်ပိုင်းဆိုင်ရာ**နှင့် **အသိပညာပိုင်းဆိုင်ရာ**ဆိုပြီး နှစ်မျိုး ခွဲခြားထားပါတယ်။ ရုပ်ပိုင်းဆိုင်ရာတွင် မြင်တွေ့လို့ရသည့် လမ်း၊ တံတား၊ ကျောင်းနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံ၊ ရေ၊ မီးစသည်တို့တွင် တိုးတက်ရေးဖြစ်ပါသည်။

**ရုပ်ပိုင်းဆိုင်ရာ**တွင် ချင်းတိုးတက်ရေးပါတီအနေဖြင့် ပါတီထူထောင်စကတည်းက ဆောင်ရွက်ရန်စီစဉ်ထားတဲ့အထဲမှာ မယုံနိုင်လောက်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဥပမာပြောရမည်ဆိုလျှင် ချင်းတိုးတက်ရေးပါတီက တစ်ရာမှာတစ်ရာ အနိုင်ရခဲ့တဲ့ ဖလမ်းမြို့နယ်မှာ ပါတီနှင့်လွှတ်တော် အမတ်များ၏ ကြိုးပမ်းအားထုတ်တင်ပြမှုအပေါ် နိုင်ငံတော်အစိုးရကလည်း အသိအမှတ်ပြုဆောင်ရွက်ခြင်းကြောင့် သမိုင်းတွင်မရှိဖူးသေးသည့် ဖလမ်းမြို့အနီးတွင် လေယာဉ်ကွင်း၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် နယ်စပ်နှင့်ပြည်မကူးသန်းရောင်းဝယ်ရေးတွင် အလွန်အရေးကြီးသည့် ၂၄ ပေကျယ် ရိဒ်နတ်ချောင်းလမ်းမကြီးများလည်း အကောင်အထည်ဖော်လျက်ရှိနေပါပြီ။ တစ်ဆက်တည်းတွင် ချင်းတိုးတက်ရေးပါတီအနိုင်ရရှိခဲ့သည့် စစ်ကိုင်းတိုင်း ဒေသကြီး ချင်းတိုင်းရင်းသားရေးရာ ကိုယ်စားလှယ် သို့မဟုတ် ဝန်ကြီးကြောင့် ချင်းရွာအသီးသီးတွင် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုသည် မြင်တွေ့လို့ရပါသည်။

ထို့ကြောင့် ပြည်သူများက ချင်းတိုးတက်ရေးပါတီကို အားပေးမဲထည့်ခြင်းကြောင့် အကျိုးအမြတ်သည် လက်တွေ့မျက်မြင်ဖြစ်သည့်အတွက် လာမည့် ရွေးကောက်ပွဲမှာလည်း တစ်ခဲနက်အားပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။

နောက်တစ်ခုဖြစ်သည့် **အသိပညာပိုင်းဆိုင်ရာ**တိုးတက်ရေးတွင် စာတတ်မြောက်ရေးနှင့် ဒီဂရီဘွဲ့များရရှိရေးသက်သက်ကို ဆိုလိုတာမဟုတ်ပါ။ ဘာကြောင့်လဲဆိုရင် ပညာတတ်တိုင်း ပညာရှိမဟုတ်သလို၊ ဘွဲ့ရတိုင်းလည်း သိသင့်တာမသိတဲ့သူ အများကြီးရှိနေလို့ပါ။ အင်္ဂလိပ်လို Educated Fool ဆိုတာမျိုးပေါ့။

အထူးသဖြင့် ချင်းတိုင်းရင်းသားအများစုရင်ဆိုင်နေရတဲ့အခက်အခဲတစ်ခုမှာ နှစ်ပေါင်း ငါးဆယ်ကြာလောက်မှ ကျင့်သုံးသည့် ဒီမိုကရေစီစနစ်ကိုအခြေခံသည့် အုပ်ချုပ်ရေးစနစ်သစ်ကို မယဉ်ပါးစိမ်းကားနေသေးခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် သိသင့်တာမသိဖြစ်နေခြင်း၏ နောက်ဆက်တွဲများသည်-

(၁) အုပ်ချုပ်သူများနှင့် ဝန်ထမ်းများကို မလိုလားအပ်သည်အထိ ကြောက်ရွံ့နေခြင်းကြောင့် သူတို့အတွက် ဒီမိုကရေစီစနစ်၏ အနှစ်သာရလည်း မခံစားရဖြစ်နေပါတယ်။

(၂) သိသင့်တာမသိဖြစ်နေခြင်းကြောင့် အဖွဲ့များတဲ့ပါတီတချို့ကို ပါတီကြီးဟုသတ်မှတ်ပြီး အထင်ကြီးလွန်းနေပြီးမှ ဒီပါတီကြီးထဲမှာဝင်မှ တို့ရပ်ရွာအတွက် အကျိုးရှိမည်၊ ဟိုပါတီကြီးကသာ တိုင်းပြည်အုပ်ချုပ်ရေးကို အပြောင်းအလဲလုပ်နိုင်မည်၊ ဒီပါတီကြီးကသာ အခြေခံဥပဒေကို ပြင်လို့ရမည်၊ ဟိုပါတီကြီးကသာ စစ်မှန်တဲ့ ဒီမိုကရေစီရရှိအောင် ဆောင်ရွက်နိုင်မည် စသည်စသည်ဖြင့် လွဲမှားစွာမြင်ကြသည်။ အမှန်မှာ ဥပဒေရှေ့တွင် တရားဝင်မှတ်ပုံတင်ရရှိသည့် ပါတီအားလုံးသည် တန်းတူဖြစ်ပါသည်။ လူအင်အားပိုများသည့်ပါတီကသာ လုပ်ပိုင်ခွင့်ထူးရမည်ဆိုလျှင် ပါတီစုံဒီမိုကရေစီသည် အဓိပ္ပာယ်ရှိတော့မည်မဟုတ်ပါ။ နောက်ပြီး တရားဝင်နိုင်ငံရေးပါတီတွင် ကြီးသည် ငယ်သည်ဟူ၍ မရှိပါ။ အဖွဲ့ဝင်များသည့် ပါတီနှင့် နည်းသည့်ပါတီသာရှိသည်။

(၃) သိသင့်တာမသိ ဖြစ်နေခြင်းကြောင့်၊ ပါတီတိုင်း၊ နိုင်ငံသားတိုင်းနှင့် လူမှုရေးအဖွဲ့အစည်းမှအစ စစ်မှန်သည့် ဒီမိုကရေစီအသွင်ပြောင်းရေးတွင် အားလုံးတာဝန်ရှိသလို ထဲထဲဝင်ဝင် ပါဝင်နိုင်ကြောင်းလည်း မသိဖြစ်နေကြပါသည်။

(၄) သိသင့်တာမသိ ဖြစ်နေခြင်းကြောင့် ထူးခြားသည့်ချင်းယဉ်ကျေးမှုဓလေ့ထုံးစံ၊ ချင်းစာပေနှင့် ဘာသာစကား၊ အနုပညာနှင့် ကိုးကွယ်သည့်ဘာသာမှအစ စောင့်ထိန်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် ကျွန်တော်တို့ ချင်းလူမျိုးနှင့် ချင်းပါတီတွင် အဓိကတာဝန်ရှိကြောင်းလည်း မသိနားမလည်ဖြစ်ကြသည်။




အချုပ်ပြောရလျှင် အသိပညာပိုင်းဆိုင်ရာမှာ အားနည်းခြင်းကြောင့် ဆုံးရှုံးရသည့်အရာများသည် လျစ်လျူရှုလို့ မရ၊ ပေါ့ပေါ့တန်တန်ထားလို့ မရသည့် နစ်နာဆုံးရှုံးမှုဖြစ်ပါသည်။

ထို့ကြောင့် ချင်းတိုးတက်ရေးပါတီအနေဖြင့် ပြည်သူများက ရုပ်ပိုင်းဆိုင်ရာသာမက အသိပညာပိုင်းဆိုင်ရာမှာလည်း တိုးတက်နိုင်ရန် တတ်အားသရွေ့ကြိုးစားသွားမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ပျောက်ဆုံးလုနီးပါးဖြစ်တဲ့ တို့ချင်းတွေရဲ့ မွန်မြတ်လှတဲ့ ရိုးရာဓလေ့တွေ၊ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု စသည်တို့ကို ဘယ်ပါတီ ဘယ်လူမျိုးကမှ ကာယကံရှင်ကျွန်ုပ်တို့ ချင်းလူမျိုးနှင့် ပါတီထက် ထိန်းသိမ်းကာကွယ်ပြီး ဖွံ့ဖြိုးတိုးတက်စေမည်မဟုတ်ပါ။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးသူတိုင်း ချင်းတိုးတက်ရေးပါတီကို အားပေးကြပါ။ ရုပ်ပိုင်းဆိုင်ရာတိုးတက်ရေးမက အသိပညာပိုင်းဆိုင်ရာမှာလည်း တိုးတက်ချင်သူတိုင်း ချင်းတိုးတက်ရေးပါတီကို အားပေးကြပါ။

## ဇမ္ဗူသီရိမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းများ ကြေညာ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၁၅**

၂၀၁၅ခုနှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူအားလုံးဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကကြီးကြပ်ပြီး တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အသေးစိတ်စာရင်းပြုစုထားသည့် တိုင်းရင်းသား ပြည်သူအားလုံး၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ ကြေညာပေးလျက်ရှိသည်။

အဆိုပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကြေညာခြင်းကို နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် တစ်ပြိုင်တည်း ကြေညာထားလျက်ရှိရာ ဇမ္ဗူသီရိမြို့နယ်မှ ရပ်ကွက်/ကျေးရွာနေ ပြည်သူများက မိမိတို့၏ အချက်အလက်များ မှန်ကန်မှုရှိ၊ မရှိကို စိတ်ပါဝင်စားစွာ ကိုယ်တိုင်လာရောက်ကြည့်ရှုလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မဲဆန္ဒရှင် အမျိုးသမီး ၁၀၂၅၉ ဦး၊ အမျိုးသား ၁၁၂၁၅ ဦး စုစုပေါင်း ၂၁၄၇၄ ဦးရှိပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းကပ်ထားသော နေရာများတွင် သွားရောက်ကြည့်ရှုပြီး အမည်မပါလျှင် ပုံစံ(၃)ဖြင့် ဖြည့်ပေးခြင်း၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ပယ်ဖျက်ပေးခြင်း၊ အချက်အလက်များမှားနေလျှင် ပုံစံ (၄-က) ဖြင့် ပြင်ဆင်ပေးခြင်းများကို မဲစာရင်းကပ်သည့်ရက်မှ ၁၄ ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်မောင် (ပြန်/ဆက်)**

❒

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဲစာရင်းများ ထပ်မံကြေညာ ပြည်သူအများ စိတ်ဝင်တစား လာရောက်ကြည့်ရှုလျက်ရှိ

**မုံရွာ စက်တင်ဘာ ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းများ ကပ်ပြီး ဒုတိယအကြိမ် ထပ်မံကြေညာလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး အပါအဝင်ဖြစ်သည်။

သို့ဖြစ်ရာ မုံရွာမြို့ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ပြည်သူအများမှ ကြေညာထားသည့် မဲစာရင်းများစိတ်ဝင်တစားလာရောက်ကြည့်ရှုလျက်ရှိကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူတစ်ဦးကလည်း "ကျွန်တော်တို့ လာမည့် ရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှာ မဲရုံပေါင်း ၃၇၁၀ ရှိပါတယ်။ မုံရွာခရိုင်မှာ ၄၃၅ ရုံ၊ ယင်းမာပင်ခရိုင်မှာ ၄၃၄ ရုံ၊ ရွှေဘိုခရိုင်မှာ ၉၆၆ ရုံ၊ စစ်ကိုင်းခရိုင်မှာ ၂၅၂ ရုံ၊ ကသာခရိုင်မှာ ၆၄၄ ရုံ၊ ကလေးခရိုင်မှာ ၃၅၈ ရုံ၊ တမူးခရိုင်မှာ ၆၉ ရုံ၊ မော်လိုက်ခရိုင်မှာ ၁၄၁ ရုံ၊ ခန္တီးနဲ့ ဟုမ္မလင်းမှာ ၂၁၁ ရုံ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ မဲရုံ ၂၀၀ ရှိပါတယ်။ မဲရုံတစ်ရုံမှာ မဲရုံမှူးအပါအဝင် အဖွဲ့ဝင် အနည်းဆုံး ၁၀ ဦးရှိပါတယ်။ ကျွန်တော်တို့ မဲရုံတစ်ရုံမှာ မဲပုံး သုံးပုံးထားရှိပါမယ်။ ရှမ်း၊ ချင်းတိုင်းရင်းသား မဲဆန္ဒရှင်တွေရှိတဲ့ ရပ်/ကျေးမှာဆို တစ်ပုံးစီ ထပ်တိုးထားရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမယ့် ပါတီ ၂၀၊ တစ်သီးပုဂ္ဂလ ၁၃ ဦးနဲ့ ကိုယ်စားလှယ်လောင်း ၅၀၃ ဦးရှိပါတယ်။ ပထမအကြိမ် အခြေခံမဲစာရင်းကြေညာတဲ့ အချိန်တုန်းက ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၆ သိန်းကျော်ရှိပါတယ်။ စက်တင်ဘာ ၁၄ ရက်တွင် ဒုတိယအကြိမ်ထပ်မံပြုစုပြီး ကြေညာတဲ့အခါမှာ မဲပေးခွင့်ရှိသူဦးရေ ၃၈ သိန်းကျော်ရှိပါတယ်။ စက်တင်ဘာ ၁၄ ရက်ကနေပြီး စက်တင်ဘာ ၂၇ ရက်အထိ ၁၄ ရက် တိတိ ကြေညာပေးထားမှာဖြစ်ပါတယ်။ ဒီရက်ပိုင်းအတွင်း မဲဆန္ဒရှင်ပြည်သူတွေက မဲစာရင်းမှာ ဥပဒေနဲ့အညီ ပြင်တာ၊ တိုးတာ၊ လျှော့တာတွေ ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်တာဝန်ရှိသူတွေ အနေနဲ့ကတော့ မဲပေးခွင့်ရှိသူပြည်သူတွေ မဲပေးခွင့်ရရှိစေရေး အစွမ်းကုန်ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် အခြေခံမဲစာရင်းများ ကြေညာခြင်းကို ပထမအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဇွန် ၈ ရက်မှ ၂၁ ရက်အထိတစ်ကြိမ်၊ ဇွန် ၂၄ရက်မှ ဇူလိုင် ၈ ရက်ထိတစ်ကြိမ် နှစ်ကြိမ်ခွဲ ကြေညာခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် ဒုတိယအကြိမ်အဖြစ် မဲဆန္ဒရှင်အမည်စာရင်းကို နောက်ဆုံးကြေညာခြင်းဖြစ်ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## အောင်လံမြို့နယ် ရပ်/ကျေးများတွင် မဲစာရင်းများ စတင်ကြေညာ

**အောင်လံ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများမှ မဲဆန္ဒရှင်ပြည်သူများသိရှိနိုင်ရန် မဲဆန္ဒရှင်ပြည်သူများ၏ အမည်စာရင်းများကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ ဒုတိယအကြိမ်မြောက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာထားလျက်ရှိရာ ပြည်သူများက မိမိ၏အမည်များပါ၊ မပါ၊ လွဲမှားမှုရှိ၊ မရှိ လာရောက်ကြည့်ရှုကြကြောင်းတွေ့ရသည်။

**သိန်းလွင်(ပြန်/ဆက်)**

